www.burmeseclassic.com

ရွှေပဒေသာစာပေ

မမသဉ္ဇါမောင်

# လောကလေးရဲ့ပွဲကိုင်ရှင်



(အချစ်လုံးချင်းဝတ္ထုရှည်)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၃၊ ဇွန်။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

မမသဒ္ဒါမောင် ၈၉၅.၈၃

လှေကလေးရဲ့ပွဲကိုင်ရှင် / မမသဒ္ဒါမောင်။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၃ ။
၂၈၅ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) လှေကလေးရဲ့ပွဲကိုင်ရှင်

# မမသဒ္ဒါမောင်

# လှေကလေးရဲ့

# ပွဲကိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com

# အစ

BURMESE CLASSIC .com



'ကျော်'က ယင်းစဉ်ကတည်းက ပုံစံခွက်ထဲမှာ... နေသားတကျ ရှင်သန်ခဲ့ရတဲ့သူပါ။ ဒီနေ့ခေတ်မှာ ယောကျ်ား တွေနဲ့ ရင်ပေါင်တန်းပြီး စီးပွားရှာ ယှဉ်ပြိုင်နေရတာမို့.... ယောကျ်ားမိန်းမဆိုပြီး ခွဲခြားစရာမှမလိုအပ်တာလေ။

မြင့်မိုရ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# အခန်း (၁)

''တီတီ! တီတီ! တီတီ!''

ကုတင်ဘေး စားပွဲထက်မှ Alum ပေးထားသည့် နာရီသံကြောင့် မျက်စိမဖွင့်ချင်ပေမယ့် လက်ကိုမြှောက်ကာ နှိုးစက်ခလုတ်ကို ပိတ်လိုက်ပါ၏။ လူက ငေါက်ခနဲထထိုင်ပြီးသားဖြစ်သလို မျက်စိကို ဖျပ်ခနဲဖွင့်လိုက်ပါသည်။ တစ်ရက်တာနေ့သစ်အစ မဟုတ်ပါလား။

''မြင့်မိုရ်ကျော်''

''နိုးပြီ ဖေဖေ''

အာဂအဖေပါပဲ။ ဒီသမီးကို Control လုပ်လာခဲ့တာအသက် (၂၂)ကျော် ရှိနေတာတောင်မှ ခုချိန်ထိ မနက်နိုးတတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အကျင့်က မပျောက်သေးပါလားနော်။ သွားတိုက် မျက်နှာသစ်ကာ သွေးပူလေ့ကျင့်ခန်းခဏလုပ်ပြီး တစ်ကိုယ်ရေသန့်ရှင်းမှုကို (၁၅)မိနစ်နှင့်အပြီး လုပ်ရလေ၏။

"Are you ready?"

"Yes!"

ပြန်ဖြေသံအဆုံးမှာ လူက အားကစားဝတ်စုံအပြည့်၊ လျှာထိုးဦးထုပ်ဆောင်းပြီးသား။ Walking shoe ဝတ်ပြီးဖြစ်သလို အခန်းတံခါးကို ဖွင့်လိုက်ပါသည်။ ကျော့်ဖေဖေက အခန်းဝမှာ အဆင်သင့်စောင့်နေပြီလေ။

"သွားစို့"

"ဟုတ်"

ကြီးကြီးမြ ဖွင့်ပေးသည့်တံခါးပေါက်မှထွက်ကာ ခြံထဲသို့ဆင်းခဲ့သလို ခြံပြင်မှတစ်ဆင့် လမ်းမထက် ခပ်မှန်မှန်လေးပြေးခဲ့ကြလေ၏။ ကျော့်ကိုယ်အလေးချိန် တက်မလာရလေအောင် ဒီခန္ဓာကိုယ်ပါးပါးလေးနဲ့ နှလုံးကျန်းမာရေးကို စောင့်ရှောက်ပေးတဲ့သူက ကျော့်ရဲ့ဖေဖေပါပဲ။

'ဦးဖုန်းမြင့်မိုရ်'ဆိုရင် စီးပွားရေးလောကမှာ နာမည်ကြီးရုံမျှဖြင့် မော်မကြည့်ဝံ့တဲ့ အရှိန်အဝါတွေ ဖြာထွက်နေတာပါလေ။





အဲဒီလိုလူရဲ့သမီးဖြစ်သူကဖြင့် ယောကျ်ားဆန်ဆန် ဆံပင်ခပ်တိုတို၊ အရပ်က မြင့်မြင့်၊ စကားပြောရင် ခပ်မာမာတောင့်တောင့်၊ လမ်းလျှောက်ရင် မတ်မတ်ဖြောင့်ဖြောင့်ဖြင့် စစ်သင်တန်းဆင်းဗိုလ်လောင်းရဲဘော်နှယ် စည်းစနစ်ကျကျ ရှင်သန်ခဲ့ရတာပါ။

တစ်နေ့နေ့တစ်ချိန်ချိန်မှာ 'မြင့်မိုရ်'ကုမ္ပဏီရဲ့ဆက်ခံသူအဖြစ် လျာထားခံပြီးသားမို့ ဖေဖေစိတ်တိုင်းကျမဖြစ်မချင်း အစစ်ဆေးခံနေရတဲ့ဝန်ထမ်းဆိုရင်လည်း မမှားပါချေ။ မိဘအမွေကို အချိန်တန်ရင် လက်ဆင့်ကမ်းယူခံရတဲ့ ခပ်ပေါ့ပေါ့သားသမီးမျိုးအဖြစ် ဒီလောကမှာ လူဖြစ်ခဲ့ရတဲ့သမီးမျိုး မဟုတ်ခဲ့ပါချေ။

"ဟိုတလောက ပရောဂျက်အခြေအနေ ဘယ်လိုလဲ"

"ဟင်"

"ပြေးတာမှ (၁၅)မိနစ်ရှိသေးတယ် မြင့်မိုရ်ကျော်၊ အသံက မောသံပါနေပါရောလား"

"မဟုတ်ပါဘူး ဖေဖေရဲ့၊ ရုတ်တရက်မို့ပါ"

"သတိဆိုတာ သမီးနဲ့အမြဲကပ်နေရမယ်လို့ ဖေဖေမှာထားတယ်မဟုတ်လား"

"ဟုတ်"

ကဲ! အဆူခံရချေပြီ။ ကျော်တို့ကုမ္ပဏီက Construc-



www.burmeseclassic.com

www.burmeseclassic.com



tion လုပ်ငန်းမှို မြေကွက်ဝယ်၊ အဆောက်အဦးဆောက်၊ ပြီးရင် လေလံတင် စတဲ့အလုပ်တွေကို လုပ်ရတာပါ။ အခုတ် ၃သဲ ကျောက် ဘိလပ်မြေ မျက်နှာကြက် အိမ်တွင်း Decreation ဆင်ဖို့ပစ္စည်း မီးဆင်ဖို့ပစ္စည်း အိမ်အချောသပ်ပြင်ဆင်ပြီး ဆေးသုတ်ဖို့တို့ကို အစစအကုန်လုပ်ပေးရတာပါ။

ကျော့်ကို ကုမ္ပဏီပိုင်ရှင်ရဲ့သမီးဆိုပြီး Aircon ပေးထားတဲ့ရုံးခန်းထဲမှာ ငြိမ့်ငြိမ့်လေးထိုင်ရင်း ဘောပင်လေးကိုင်၊ Phone နားထောင်ပြီး အေးအေးလုပ်ရမယ်မထင်ပါနှင့်။ မြေလားဆိုရင် ပြေးကြည့်၊ ဖို့မြေလား ကုန်းမြေလား စစ်။ ဘယ်နှထပ် တိုက် ဆောက်လို့ အဆင်ပြေမလဲ တွက်။ ကုန်ကျစရိတ်နဲ့ ကြာမယ့် ကာလအချိန်၊ အလုပ်သမား ဘယ်မျှသုံးဖို့၊ ဘယ်ပုံ Design မျိုးနဲ့ ခေတ်မီအောင်ဆောက်ဖို့ Drawing ဆွဲရတာမျိုး၊ အိမ် တံခါးပြတင်းပေါက်တွေနဲ့ ခြံတံခါးကို ဘယ်လိုသံမဏိတံခါးလှလှနဲ့ ခိုင်ခိုင်ခံ့ခံ့တပ်ရမယ်ဆိုတာ အကုန်အစင် Plan ဆွဲပြီးမှ ဖေဖေ့ဆီ တင်ရတာပါ။

အဲဒီလို နေထဲမိုးထဲမရှောင် ယောကျ်ားလေးလိုပြေးလွှား နေရတာမို့ လုံခြည်လည်း မဝတ်တတ်၊ စကတ်လည်း မဝတ်ဖြစ် ဘဲ ယောကျ်ားဆန်ဆန်ဆံပင် ရှပ်အကျႌနဲ့ ဂျင်းဘောင်းဘီ Style





ဘောင်းဘီတို့ကိုသာ ဝတ်ဖြစ်ခဲ့တာပါလေ။ မျက်နှာကို ကြည့် ကောင်းအောင် ဘယ်လိုပြင်ဆင်ခြယ်သရမလဲဆိုတာ ကျော်နဲ့ လားလားမှမသက်ဆိုင်တဲ့ သင်ခန်းစာပါပဲ။

အခန်းထဲက မှန်တင်ခုံမှာ အလှပြင်ပစ္စည်းမရှိ၊ မှန်မှာ ဖုန်အနည်းငယ်ရှိတတ်ပြီး အံဆွဲထဲမှာ မျက်နှာလိမ်း Cream ဘူး၊ ခေါင်းလိမ်းဖို့ Hair coat နှင့်ဘီးသာ ရှိပါ၏။ နှစ်ရက်သုံး ရက်တစ်ခါ သန့်ရှင်းအောင်လုပ်ရသည့် Clipper နှင့်တံစည်းကတော့ မရှိမဖြစ်ပါပဲ။

ဒီခေတ်ကောင်မလေးတွေလို လက်သည်းရှည်လှလှ လေးပေါ်မှာ ပုံစံမျိုးစုံအလှဆင်တတ်ကြတာမျိုးလည်း ကျော် မသိ၊ ခေတ်နဲ့အမီ နေ့စဉ်ပြုပြင်ရာကြပြီး ဝတ်ဆင်ကြတဲ့ Fashion မျိုးလည်း ကျော့်မမြင်တတ်။ ဘယ် Model ဘယ်အဆိုတော် ဘယ်ရုပ်ရှင်မင်းသားဆိုပြီး Crazy ဖြစ်ဖို့လည်း ကျော့်မှာ မရှိ။

အဲဒါတွေနဲ့ ဘာမှမသက်ဆိုင်တဲ့ သီးခြားကမ္ဘာလေးထဲ က မယောကျ်ားအဖြစ် ရှင်သန်ကြီးပြင်းခဲ့ရတာပါလေ။

ကျော် ပထမသွားကြည့်တုန်းက အဲဒီခြံထဲမှာ သရက် ပင်တွေ ပွတ်နေပြီး ပိန္နဲပင်တွေ အုန်းပင်တွေ စနစ်တကျစိုက် ဘဲ ဟိုရောဒီပါ ကြီးနေတာပါ။ မျက်စိထဲမှာ အဲဒီအပင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းကြည့်ပြီး တိုက်လှလှလေးကို မြင်ယောင်ကြည့်မိတာမို့ OK ပါပဲ။ ဥရောပ Style မျိုးဆောက်ရင်တော့ တိုက်ရှေ့မှာ ရေကူးကန်အသေးစားလေး ထားနိုင်လောက်တဲ့အထိ မြေကျယ်ရှိနေတာပါလေ။

"ဘယ်အဖွဲ့တွေ လာကြည့်သလဲ"

"များတယ်၊ 'ထူး'ကပါ လာတယ်တဲ့"

"ကျွိ!. . . အဲဒီကုမ္ပဏီက ဘယ်လိုဖြစ်ပြီး တို့ကုမ္ပဏီနဲ့ အပြိုင်လိုက်လုနေတာလဲ"

"ဦးထူးမာန် ကိုင်တုန်းက အဲဒီလိုမဟုတ်ဘူးဆို"

"ဟုတ်တယ်၊ ထူးမာန်နဲ့ဖေဖေက မိတ်ဆွေတွေဆိုတော့ အမြဲတမ်းညှိနှိုင်းတတ်တယ်လေ။ သူယူမယ်ဆိုရင် ဖေဖေ နောက်ဆုတ်ပေးသလို ဖေဖေယူမယ်ဆိုရင်လည်း သူက အလိုက်တသိလျှော့ပေးလေ့ရှိတယ်။ အခုက သူ့သား ဘုန်းထက်မာန်က ဖအေထက် လက်စောင်းပိုထက်နေတာတဲ့"

'ဘုန်းထက်မာန်'တဲ့။ အဘယ်မျှ စီးပိုးတဲ့အမည်မျိုးပါလဲ၊ ကျော်က ဖေဖေ့နာမည်ကို ရှေ့မှာတင်ပြီး မှည့်ထားတဲ့အမည်မို့ ခပ်ရင့်ရင့်ဖြစ်တာပဲရှိတာလေ။ အဖေတွေတုန်းကတော့ ညှိနှိုင်းလို့ရခဲ့ကြပြီး ကျော်တို့လူငယ်တွေအလှည့်မှ တင်းမာနေကြရင်





ပွဲကတော့ လှပြီပဲ။

"သူစလုပ်ကတည်းက လက်လွှတ်ရတဲ့နေရာမျိုး မရှိဘူးလို့ ကြားထားတယ် မြင့်မိုရ်ကျော်၊ သူများအဖေတွေ မျက်နှာလွှဲလို့ရအောင် ယုံကြည်စိတ်ချရတဲ့သားမျိုးပဲ။ အဲဒီလိုဖြစ်အောင် စံနမူနာယူတတ်ရမယ်"

မျက်နှာကို ရှုံ့လိုက်မိပါ၏။ ကျော် စံပြထားတဲ့လူက ဖေဖေတစ်ယောက်တည်းသာ ရှိတာပါလေ။ အဲဒီလူကို ဘာလို့များ ဖေဖေသဘောကျနေရတာပါလဲ။ ကျော့်ထက်ပိုပြီး ချီးမွမ်းတဲ့လူဆိုရင် ကျော်က မနာလို မရှုစိမ့်ဖြစ်တဲ့ မစ္ဆရိယရှိတာမဟုတ်ပါလား။

"သူက ဘယ်လောက်များ တော်နေလို့လဲဖေဖေရ"

"တော်တာပေါ့၊ မတော်ဘဲနဲ့တော့ အကြောင်းမဲ့ နာမည်မကြီးဘူး မြင့်မိုရ်ကျော်။ လူဆိုတာ ကိုယ့်ထက်အမြင့်ကိုကြည့်ရတယ်။ ကိုယ့်ရှေ့မှာရှိတဲ့လူကို မီအောင်ပဲ လိုက်တတ်ရတယ်။ တစ်နေရာတည်းမှာ ရပ်မှာလား၊ နောက်ပြန်လှည့်မလားဆိုတဲ့ ဒွိဟစိတ်ရှိရင် အဲဒီလူဟာ အောင်မြင်မယ့်လူ ဘယ်တော့မှမဖြစ်နိုင်ဘူး။ အဲဒါကို စွဲစွဲမြဲမြဲမှတ်ထား"

သက်မကို ကျိတ်ရှိုက်လိုက်ပါ၏။ အမြင့်ကိုကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ရှေ့ကိုပဲမြင်ရမယ်တဲ့။ အမြင့်ကိုပဲ လှမ်းတက်နေပါတယ် ဖေဖေ။ ရှေ့ကိုပဲ ကျော် ဆက်လှမ်းနေတာပါပဲ။ 'မောလိုက်တာနော်'ဆိုပြီး ဖေဖေ့ရှေ့မှာ တစ်ချက်မညည်းပါဘူး။ တစ်နေကုန်လျှောက်ရလို့ ခြေထောက်တွေ ညောင်းကိုက်သမျှ 'ညောင်းလိုက်တာ'ဆိုပြီး တစ်ချက်မှ ယောင်လို့မရေရွတ်ခဲ့ပါလေ။

တစ်နေ့တစ်နေ့ မျက်စိနှစ်လုံးပွင့်တာနဲ့ ဇီးကွက်လို ပြူးပြဲပြီး ကုန်းရုန်းရှာနေရတဲ့ငွေကြေးတွေကို 'ဘာလုပ်ဖို့လဲ'ဆိုပြီး ဖေဖေ့ကို တစ်ခွန်းမဟခဲ့ဖူးပါ။ တစ်နေကုန်လျှောက်ခဲ့ရလို့ ခြေထောက်တွေညောင်းပြီး ခြေချောင်းလေးတွေ ကိုက်ခဲသမျှ (ဖေဖေမသိရလေအောင်) စဥ့်အင်တုံလေးထဲ ရေနွေးနွေးလေးထည့်ပြီး စိမ်ခဲ့ရတာရော ဖေဖေသိပါရဲ့လား။

ချမ်းသာနေပါလျက် အိပ်ချိန်က ငါးနာရီရှိအောင် မနည်းကြိုးချန်ရပြီး ဖြောင့်ဖြောင့်လေးနဲ့ အိပ်မောကျတဲ့ညမျိုး ကျော့်မှာ မရှိခဲ့တာလေ။ အလုပ်ရှုပ်ခေါင်းခြောက်ပြီး 'ပင်ပန်းလိုက်တာ'လို့ ဖေဖေ့ရှေ့ မရွတ်ရဲခဲ့။ အဲဒီလို မလူးသာမလွန့်သာဘဝနဲ့ နေနေရတဲ့ကျော်ပါပဲ။

"ဘုန်းထက်မာန်ကို လျော့မတွက်မိစေနဲ့ မြင့်မိုရ်ကျော်၊ သမီးထက်တယ်ဆိုတာ သူ့အတွက် ပါးပါးလေးပဲရှိတယ်။ သမီး



BURMESE CLASSIC .com

က ပြတ်သားတဲ့နေရာမှာ တော်ကောင်းတော်ပေမယ့် အပြောစွမ်းရည်မှာတော့ သူ့ခြေမှုန့်တောင်မမီဘူးဆိုတာ သိထား။ ဘုန်းထက်မာန်ဟာ တစ်ဖက်သား သူ့ဘက် ယိုင်ကျလိုက်လျောနိုင်စွမ်းရှိတဲ့အထိ အပြောအရမ်းကောင်းတဲ့လူ"

ဟုတ်ပါ့မလား။ 'မိန်းမမာယာ သဲကိုးဖြာ'လို့သာ ကြားဖူးတာလေ။ ဒီလိုလူတစ်ယောက်က အပြောစွမ်းရည်ထက်ရအောင် သူ့မှာ ဘာအစွမ်းအစများ ရှိနေလို့လဲ။ ကျော်က 'ရေဘူးပေါက်တာမလိုချင်ဘူး။ ရေပါတာပဲလိုချင်တယ်'ဆိုတဲ့ တစ်လမ်းမောင်းကားလိုလူပါပဲ။ တင်းကျပ်ပြတ်သားလွန်းလို့ ကျော့်လက်အောက်ဝန်ထမ်းအားလုံး မိန်းကလေးလို့တောင်မှ ကျော့်ကိုမမြင်တော့တဲ့အထိပါလေ။

"ကိုယ်နဲ့ပြိုင်ဘက်ရှိရင် အဲဒီလူရဲ့အကြောင်းမှန်သမျှကို အစုံအစေ့စုံစမ်းထားရတယ်။ ပြီးရင် အဲဒီလူရဲ့အားနည်းချက်ကို မြင်ထားမှ သူ့ကိုဘယ်လိုအနိုင်တိုက်မလဲဆိုတဲ့နည်းလမ်းကို မြင်တတ်ရတယ် သမီး"

သူ့အကြောင်း စုံစမ်းရမယ်တဲ့၊ ဖြစ်ပါ့မလား။ တော်ကြာပတ်ဝန်းကျင်က တစ်မျိုးတစ်မည်ထင်ရင် အခက်ပါလေ။ ကျော့်ကို ဦးမြင့်မိုရ်ရဲ့သမီးလို့မမြင်ဘဲ သူ့ကိုတစ်မျိုးထင်တဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



လို့မျှား ထင်သွားရင် သေပြီပဲ။ အဲဒီလို တစ်လွဲအထင်ခံရမှာကို သေမတတ်ကြောက်တတ်တဲ့ စိတ္တဇရောဂါရှိတဲ့မိန်းကလေးက ကျော်ပဲမဟုတ်ပါလား။

"ဖေဖေသိထားတာပဲ မဟုတ်လား"

"အပေါ်ယံပဲ သိတာပါ။ သူဘယ်လိုဘယ်အကျင့်စရိုက်ရှိတယ်ဆိုတာ သေချာမသိသေးဘူး။ ဒါ သမီးကိုယ်တိုင် စုံစမ်းရမယ့်ကိစ္စလေ"

"ကျော်က ယောကျ်ားတွေကို အကဲခတ်တဲ့သူမှမဟုတ်တာ ဖေဖေရဲ့"

"ယောကျ်ားတွေကို. . . ဟုတ်လား"

"အင်းလေ၊ ဖေဖေပဲ"

"သမီးကို အဲလိုခွဲခြားမြင်ဖို့ ဖေဖေသင်ပေးထားသလား မြင့်မိုရ်ကျော်"

ကျော့်မျက်နှာ ရဲခနဲဖြစ်သွားရပါ၏။ သေစမ်း! ဖေဖေ့ ရှေ့မှာမှ စကားမှားရတယ်လို့၊ ဘယ်လိုဖြစ်ပြီး ဒီစကားကို လွှတ်ခနဲထွက်သွားရတာပါလိမ့်နော်။

"မဟုတ်ဘူး ဖေဖေ"

"စီးပွားရေးနဲ့ပတ်သက်လာရင် ကျားမ ခွဲမြင်လို့မရဘူး





ဆိုတာ သိရဲ့သားနဲ့"

"ကျော်မှားသွားတယ် ဖေဖေ"

"မှားတယ်ဆိုတာ မကောင်းမှန်းသိတယ်မဟုတ်လား။ သမီးကို အမှားအယွင်းမရှိရလေအောင် မမှားတတ်အောင် ဒီ လောက်သင်ပြနေတာတောင်မှ"

'ကျော်တောင်းပန်ပါတယ် ဖေဖေ"

"အဲဒါတွေကို မကြိုက်တာ၊ မှားတယ်တောင်းပန်တယ် ဆိုတာ ပျော့ညံ့တဲ့လူတွေရဲ့ သုံးနှုန်းတဲ့စကားပဲ မြင့်မိုရ်ကျော်။ ဖေဖေမကြိုက်မှန်း သိတယ်မဟုတ်လား"

"ဟုတ်"

"စကားကို ပေါ့ပျက်ပျက်မပြောမိစေနဲ့၊ ဦးဆောင်သူက မရေရာရင် လက်အောက်ငယ်သားတွေကို ဘယ်လိုအုပ်ချုပ်မလဲ၊ ဗိုလ်ဖြစ်ချင်လား ငယ်သားဖြစ်ချင်လား"

"ဗိုလ်ပါ ဖေဖေ"

"အေး. . . ခေါင်းထဲမှာ စွဲနေအောင်မှတ်"

ဖေဖေ့ဆုံးမစကားပြီးဆုံးသည်နှင့် ခြံဝကို ပြန်ရောက်နေ ချေပြီ။ ကြာချိန်ကလည်း တစ်နာရီတိတိပင်မဟုတ်ပါလား။ ချွေး ခြောက်အောင် ခဏနားပြီး ရေချိုးပြင်ဆင်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေ ဖေဖေနှင့်အတူ Breakfast စားရဦးမှာလေ။ အကျီလက်ကို တံတောင်နားထိ ခေါက်တင်ကာ မှန်ထဲကြည့်ရင်း ဘီးဖြီးလိုက်စဉ် ခပ်ပါးပါးခန္ဓာကိုယ်က မှန်ထဲမှာ ပုံရိပ်ပေါ်နေလေ၏။

"Be brave Myint Mo Kyaw!"

▣▣▣



# အခန်း (၂)

"ဘာ!. . . ဘာပြောလိုက်တယ်"

"ဟို. . . ဟို"

ကျော့အော်သံကြောင့် စာရေးမလေး စိမ့်စိမ့်က မျက်လုံးပြူးကာ လန့်သွားလေ၏။ ပြောလိုက်ရင် ဒိုးဒိုးဒေါက်ဒေါက် သွက်သွက်လက်လက်မရှိ။ လူကိုပြူးပြူးကြည့်ပြီး လန့်ဖို့ပဲ တတ်တာလေ။ မိန်းကလေးမထားဘဲ ယောက်ျားလေးထားချင်ပေမယ့် ကျော်နဲ့ ရုံးခန်းတစ်ခန်းတည်းအတူ ထိုင်ရမှာမို့ ဒီကောင်မလေးကို ဖေဖေခန့်ပေးထားတာပါ။

နာမည်နဲ့လိုက်အောင် စိမ့်စိမ့်အေးလွန်းအားကြီးလို့ ဒယ်လိုမှစိတ်တိုင်းမကျ။ ဒါကိုများ ဖေဖေက ကျွမ်းကျင်စွဲဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုပဲ။ သူ့ဟာသူ အဘာယ်မျှတော်တော် ကျော့ရှေ့မှာတော့ ယုန်သူငယ်လိုတုန်ပြီး ကြောက်ပြနေတာကို စိတ်ပျက်စရာပါလေ။

အခုလည်းကြည့်၊ ဆောက်လက်စတိုက်မှာ ဒီနေ့ အလုပ်မဆင်းကြဘူးတဲ့လေ။

"ဘာ တဟိုဟိုနဲ့လုပ်နေတာလဲ၊ ပြောစရာရှိ မြန်မြန်သွက်သွက်ပြောမှပေါ့"

"ကို. . . ကိုဘမောင်တို့အုပ်စု ဖျားနေလို့တဲ့"

"ဖျားနေတာ တစ်ယောက်နှစ်ယောက်ပဲ ရှိမှာပေါ့ စိမ့်စိမ့်ရဲ့။ ဘယ်လိုဖြစ်ပြီး အကုန်လုံး အလုပ်မဆင်းကြရတာလဲ"

"အချောကိုင်တဲ့အဖွဲ့မှာ ခြေထောက်နာနေလို့ ခွင့်ယူကြ. . ."

"တောက်!"

"ဒုန်း!"

တက်ခေါက်ကာ စားပွဲကို ဒုန်းခနဲထုလိုက်တာမို့ စိမ့်စိမ့်ကိုယ်လေး တောင့်သွားလေ၏။ ကျော်က ဒေါသဖြစ်ရင် ငြိမ်နေတဲ့လူမဟုတ်ပါ။ စိတ်ရှိလက်ရှိ အသံကုန်အော်ဟစ်ပြီး ပေါက်ကွဲတတ်တဲ့ ဒိုင်းနမိုက်လိုလူပါပဲ။ ဒါကိုသိရဲ့သားနဲ့ ဒီအချိုးမျိုး ဒီလူတို့က လုပ်ရတယ်လို့။





"အဲဒီတိုက်ကို နောက်တစ်ပတ်တည်းနဲ့ အပြီးအပ်ရမယ်မှန်း သိသားနဲ့။ ဒင်း ဘာအချိုးချိုးရတာလဲ။ ငါက အဲဒီ အောက်ခြေအဆင့်ထိ လိုက်ရှင်းရမှာလား"

"ဟို. . . ဟို. . . ဆေးရုံ"

"ဘာဆေးရုံလဲ"

"ဆေးရုံတက်ရတယ်လို့တော့ Phone ဆက်တယ် မမရဲ့"

"ဘယ်သူဆက်တာလဲ၊ သေချာပြောမှပေါ့"

"ပြောတော့ပြောတာပဲ၊ ဗလုံးဗထွေးနဲ့ဆိုတော့ စိမ့်လည်း သေချာမသိလို့ပါ"

"တောက်! တော်တော်ပြဿနာရှာတဲ့အုပ်စုပဲ။ ဒင်းတို့အချိုးက ဘယ်သူသေသေ ငတေမာရင်ပြီးရောပေါ့လေ။ ငါ့ကို ပညာစမ်းတယ်ပေါ့။ ဒင်းတို့လိပ်စာ ပေးစမ်း"

"ရှင်"

"ဘာရှင်လဲ. . . အဲဒီဦးဘမောင်ရဲ့လိပ်စာပေးလို့ ပြောနေတာလေ။ သေမယ့်မသာဆို အသက်တောင်မှီမှာမဟုတ်ဘူး။ ကျွတ်!. . ."

စိမ့်စိမ့်က တုန်တုန်ယင်ယင်ဖြင့် ကျော့လက်ထဲသို့လိပ်



www.burmeseclassic.com

www.burmeseclassic.com



တရေးပြီး ထည့်ပေးလေ၏။ Phone နံပါတ်မပါတာမို့ လူကိုယ်တိုင်ပဲ လိုက်ရတော့မှာလ။ လက်အောက်ဝန်ထမ်းကို ခိုင်းရင် ရပေမယ့် ကျော်က ပြောတာထက် ထလုပ်တာက ပိုပြီးအလုပ်ပြီးမှာကို သိတာမို့ စားပွဲထက်မှ လက်ကိုင် Phone နှင့် ကားသော့ကိုယူလျက် ထရပ်ပြီးသား ဖြစ်နေလေပြီ။

"မမ၊ ဟိုအလုပ်ကိစ္စ Phone လာရင်"

"ငါ့ Hand Phone ကိုဆက်လို့ပြောလိုက်"

"ဟိုလေ၊ နစ်နာရီမှာ ချိန်းသည်"

"အဲဒီအချိန်မီအောင် ပြန်လာခဲ့မယ်၊ ခဏစောင့်ခိုင်းထား။ မစောင့်နိုင်ရင် ကြွလို့ပြောလိုက်။ ကဲ!"

စိတ်တိုတိုဖြင့် ဖိပြောလိုက်တာမို့ စိမ့်စိမ့် ဇက်ပုသွားလေ၏။ စိတ်မြန်လက်မြန်ရှိသူမို့ ရုံးခွဲကုမ္ပဏီတိုက်ပေါ်မှ ဆင်းလာခဲ့ပါသည်။ ကားစက်နှိုးလိုက်စဉ် Phone သံမြည်သွားတာမို့ စုတ်သပ်လိုက်မိလေ၏။ အရေးဆို ဒီ Phone က ထမြည်တတ်တာကိုး။

"ဟဲလို! မြင့်မိုရ်ကျော်ပါ"

". . . လမ်းက တိုက် OK ပြီလား သမီး"

သေစမ်း! အချောသပ်မပြီးသေးလို့ ဖုတ်ပူမီးတိုက်သွား





မလို့ပါဆိုနေမှ ကျော့်ခြေလှမ်းကို ဖေဖေကြိုမြင်နေသလိုပါပဲလား။

"မပြီးသေးဘူးဖေဖေ၊ အခုပဲ ကျော်သွားမလို့"

"အဲဒီ 'ဘူး' ဆိုတဲ့စကားသံကို သမီးဆီက ဖေဖေမကြားချင်ဘူး မြင့်မိုရ်ကျော်။ ဦးသောင်းဟန် Phone ဆက်မေးနေပြီ"

"အာ. . . တိုက်အပ်ဖို့က နစ်ပတ်တောင်မှ လိုသေးတာပါ ဖေဖေရ"

"စာချုပ်ထဲမှာ ဘယ်နရက်လိုလို တစ်ပတ်ကြိုပြီးရမယ်ဆိုတာ ထုံးစံပဲမဟုတ်လား ကျော်။ ပိုင်ရှင်လာကြည့်တဲ့အချိန်လိုအပ်တာကိုပြင်ပေးသင့်ပြင်ပေးနိုင်ဖို့ ရက်ကြိုထားရမယ်လေ"

သိနေတယ်လေ၊ သိနေတယ်။ ဒါတွေကိုကြိုမြင်လို့ လုပ်နေပေမယ့် အခုလိုအဆူခံထိတာကို ကျော်မကြိုက်ပါလေ။ မြင့်မိုရ်ကျော်ဆိုတာ ဦးမြင့်မိုရ်ရဲ့ကိုယ်ပွားပုံရိပ်ဆိုပြီး တစ်ထပ်တည်းတူတဲ့သမီးမို့ နာမည်သတင်းကြီးနေတာမဟုတ်လား။ ခုတလော လေးမှ ကြားရတဲ့ 'ဘုန်းထက်မာန်' ဆိုသည့်အမည်က ကျော့်ကို နှောင့်ယှက်နေသလိုနှယ်ပါလေ။

"ကျော်စီစဉ်နေပါတယ် ဖေဖေရယ်"

"တက်တက်ကြွကြွရှိစမ်းပါ သမီးရဲ့၊ လေသံက ဘယ်လိုဖြစ်ပြီး ပျော့ဖတ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော့ကိုဆူချင်ရင်လည်း နောက်မှ အေးအေးဆေးဆေးအချိန်ယူပြီး ဆူပါဖေဖေ။ အခု အလုပ်များနေလို့ပါ"

'အံမာ. . . ကြီးကြီးကျယ်ကျယ်နဲ့"

Phone ကို ပိတ်လိုက်ပါ၏။ အလုပ်သမားခေါင်း ကိုဘမောင်တို့ရပ်ကွက်ထိပ်မှာ ကားခဏရပ်စဉ် နှာခေါင်းရှုံ့လိုက်မိလေသည်။ ဒီလိုပုံကျရပ်ကွက်ထဲ ဝင်ရမှာလောက် စိတ်ပျက်စရာကောင်းတာမရှိ။ ကားလည်းဝင်လို့မရတာမို့ ရွှံ့ဗွက်ထူလမ်းထဲ လမ်းလျှောက်ပြီး ဝင်ရဦးမှာပါလေ၊ အချိန်ပုပ်လိုက်တာနော်။

"ကျစ်!"

လိပ်စာစာရွက်ကို တစ်ချက်ကြည့်ကာ စုတ်သပ်မိပြန်၏။ ဒီရှူးအကောင်းစားဖိနပ်၊ ဒီ Style ဘောင်းဘီနဲ့ ဒီလမ်းဆိုးဆိုးကို ဘယ်လိုများဖြတ်ဝင်ရမှာပါလိမ့်။ ဒီလူကလည်း ဘယ်လိုဖြစ်ပြီး ဒီလိုချောင်ကြိုချောင်ကြားမှာ လာနေရတာလဲ။

"ရောက်ပြီ၊ ဒီအိမ်ထင်ပါရဲ့"

အိမ်ရှေ့မှာ ဝါးပင်ကျိုးတို့ကျဲတဲရှိနေသည့်ခြံရှေ့မှာ ရပ်ကာ အတွင်းသို့ လှမ်းကဲကြည့်လိုက်မိ၏။ ခြံဝင်းသေးသေးလေးထဲမှာ တဲအိမ်လေးတွေ သုံးလေးလုံးပြွတ်သိပ်ဆောက်ထားတာမို့ နေရတာ အသက်ရှူကျပ်သလိုပါပဲလားနော်။





"ကိုဘမောင်!. . . ကိုဘမောင်! . ."

"ဟော! ဘယ်သူလဲ"

"ကျော့ပါ"

ဒီဘက်သေးအိမ်မှ လူတစ်ယောက်ထွက်လာတာမို့ လှမ်းကြည့်လိုက်ပေမယ့် အလုပ်ကြမ်းသမားမှန်း သိလိုက်ပါ၏။ ကျော့က ဒီလောက်အထိ လူအကုန်နာမည်အကုန်ကို မသိပါလေ။ တော်ရုံကိစ္စကို အလုပ်ခေါင်းဆောင်နဲ့သာ ပြောဖြစ်တာမဟုတ်လား။ နေဦး. . . ဒီလူ့နာမည် ဖိုးထောင်လား ဖိုးဇော်လား။

"ကိုဘမောင်ရော"

"မရှိဘူး"

"မရှိလို့ဖြစ်မလား၊ ရှင်တို့တွေ သူများအလုပ်ဝန်ထမ်းဆိုတာ သိရဲ့သားနဲ့ တစ်ဖွဲ့လုံးအလုပ်မလုပ်ဘဲ ပျောက်စရာလား"

"ဟာ! ခင်ဗျားစကားပြောတာ ရင့်လှချည်လား။ ငွေရှိတယ်ဆိုပြီး ဆင်းရဲတဲ့လူကို မနှိမ်ချင်ပါနဲ့ဗျ"

"နှိမ်တာမဟုတ်ဘူးရှင့်၊ ကျော့တို့က ရှင်တို့လုပ်အားကို တန်ရာတန်ကြေးနဲ့ ပေးခိုင်းထားတာပါ။ ကျွန်လို အလကားခိုင်းစားနေတာမှမဟုတ်ဘဲ"

"မစို့မပို့ငွေလေးပေးပြီး ခိုင်းတာ ကျွန်နဲ့ဘာထူးလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့က တိုက်ပေါ်မှာ အခန့်သားနေ၊ ထိုင်ခုံမှာ ဒူးနှန့်ထိုင်၊ ဆီဦးထောပတ်စားပြီး ငြိမ့်ငြိမ့်လေးနေရပေမယ့် ကျုပ်တို့က ခိုင်းနွားတွေလို နေပူမရှောင်မိုးရွာမရှောင် ရှန်းကန်လှုပ်ပေးနေရတာ ပါဗျ''

''ဘာ!''

''အလုပ်သမားတွေကို နင်းကန်ခိုင်း ကုတ်သွေးစုပ်နေတဲ့. . .''

''ဟဲ့ဟဲ့! ဘာဖြစ်နေကြတာလဲ၊ ဖိုးထောင်, နင့်မလည်း နော်၊ အလုပ်နားတာနဲ့ ဒီအရည်က အာဆွတ်ထားပြီ''

ကြည့်စမ်း! ကျော့်ကို ဒီလူ မူးမူးနဲ့ရမ်းတာပေါ့လေ။ ကိုယ်က သူများမြေမှာမို့ စကားထိန်းပြောနေပေမယ့် ဒင်းက ကျော့်ကို စော်ကားမော်ကားစကားလုံးတွေနဲ့ စက်သေနတ်လို တရစပ် ပစ်နေတာမဟုတ်ပါလား။ အောက်ခြေဝန်ထမ်းရဲ့ မထီမဲ့မြင့်ပြုမှုတာမျိုးကို မြင့်မိုရ်ကျော်တို့ သည်းခံရိုးမရှိပါလေ။

''ဒါနဲ့ ညီမက''

''သူတို့အလုပ်ရှင်''

''ဟောတော်! ငယ်ငယ်လေးပါလား''

''ငယ်သလောက် သိပ်မောက်မာတာ အစ်မရဲ့။ လူတွေ





ကို လူလို့ကို မထင်ဘူး''

''ဟဲ့! ဖိုးထောင်၊ နင်တော့ အလုပ်ပြုတ်တော့မှာပဲ''

''ဖြုတ်ဖြုတ်ဗျာ. . . ဂရုမစိုက်ဘူး။ လောကမှာ သူတစ်ယောက်တည်း ကုမ္ပဏီပိုင်တာမှမဟုတ်တာ။ ကျုပ်တို့လိုတော်တဲ့တတ်တဲ့အလုပ်သမားဆိုရင် ဘယ်ကုမ္ပဏီကမဆို ဝဲကမ်းပဲ''

''ဟဲ့! ဒီကောင်လေးကတော့လေ''

''ကိုဘမောင် ဘယ်သွားလဲအစ်မ''

''ကိုဘမောင်အမေရော သားလေးပါ ဆေးရုံတင်ထားရတယ် ညီမ''

''ဘယ်လို''

''အမေက အသည်းအသန်ဖြစ်တာ၊ သားလေးက သွေးလွန်တုပ်ကွေးတဲ့''

ဒုက္ခပါပဲလား။ ဒီလိုရပ်ကွက်မှာ ဗွက်တွေနဲ့ ရေစပ်စပ်လေးရှိနေတာမို့ ခြင်ရော ယင်ပါ များနေတာမို့ ရောဂါဖြစ်ကြတာလေ။ ဒီပုံစံနဲ့တော့ ပြဿနာပါပဲလားနော်။

''သူတို့တစ်အုပ်စုလုံး အကြောင်းမကြားဘဲ ပျက်ကြတာမို့ အိမ်လိုက်လာခဲ့ရတာ''

''ပျက်ကွန်မပေါ့ ညီမရယ်၊ အမေမြိုင်က သွေးလိုတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ အကုန်လုံးလိုက်သွားကြလို့ပါ။ ပြန်လာရင် အစ်မ ဘာပြောလိုက်ရမလဲ”

“ကိုဘမောင် ခွင့်ယူတာထားပါတော့၊ ကျန်တဲ့သူတွေအလုပ်ပြန်ဆင်းပါလို့ပြောပေးပါ အစ်မ”

“အေးကွယ်”

“ကျော့်ဆီကို Phone ဆက်ဖို့ ကိုဘမောင်ကို ဆက်ဆက်မှာပေးပါ”

“အေးအေး”

“ကိုဖိုးထောင်၊ ရှင် ဒီနေ့ကစပြီး အလုပ်ဆင်းစရာမလိုတော့ဘူး။ ရှင့်ကိုအလုပ်ဖြုတ်လိုက်ပြီ။ ဒါပဲ။ ကျော် သွားဦးမယ် အစ်မ”

ကဲ! မှတ်ရော၊ ‘လုပ်စရာရှိတာကို မနက်ဖြန်မရွှေ့နဲ့တဲ့’ ကျော်လည်း ဒီနေ့ချက်ချင်းလုပ်ချလိုက်ပြီလေ။ မောင်ဖြစ်သူကို တဗုန်းဗုန်းထနေသည့်မောင်နှမကို ကျောခိုင်းပြီး ရပ်ကွက်ထိပ်သို့ ပြန်ထွက်ခဲ့ပါ၏။

အမေ အသည်းအသန်ဖြစ်နေလို့တဲ့။ ကျော့်ရင်ထဲမှာ လေးလံသွားရတာပါလေ။ အာရုံထဲမှာ ကျော့်လက်ကိုဆွဲပြီး အိမ်ပေါ်မှဆင်းသွားတဲ့မေမေ။ အနောက်ကနေ ဖမ်းဆွဲကာ ‘ငါ့သမီး





ကိုထားခဲ့’ လို့ အော်လိုက်တဲ့ဖေဖေ။

ကြာတော့ကြာခဲ့ပါပြီ၊ လင်မယားချင်း ကတောက်ကဆ စကားများတာနဲ့ စိတ်ဆိုးပြီး အိမ်ပေါ်မှဆင်းသွားတဲ့မေမေ့မာန။ ဒီတစ်သက် အိမ်ရိပ်တောင် လာမနင်းမိစေနဲ့ဆိုတဲ့ဖေဖေ့ နာကြည်းမှု။ အဲဒီကြားထဲမှာ မြေဇာပင်ဖြစ်ခဲ့ရတဲ့ ကျော်။

‘အမေ’ ဆိုတဲ့သညာတစ်ခုကို သူငယ်တန်းတက်စအရွယ်လေးကစပြီး ကျော့်နှုတ်က ရေရွတ်ခွင့်မရှိတော့တာမဟုတ်လား။ ကြီးကြီးမြ (ဖေဖေ့အစ်မဝမ်းကွဲဒေါ်မြကျင်)ရဲ့အုပ်ထိန်းမှုအောက်မှ နေထိုင်ကြီးပြင်းလာခဲ့ရပေမယ့် အဲဒီ ‘အမေ’ ဆိုတဲ့စကားလုံးကို ယောင်ယမ်းမရေရွတ်ရဲခဲ့တာ ကြာပါပြီလေ။

ကိုဘမောင်ရဲ့အမေ အသည်းအသန်ဖြစ်လို့တဲ့၊ ကျော့်မေမေရော နေမှကောင်းရဲ့လား။ ဘယ်အရပ် ဘယ်ဒေသမှာများ ရှိနေမှာပါလဲ။ တစ်ယောက်တည်း ဆင်းဆင်းရဲရဲနဲ့နေထိုင်နေပါသလား။ ဒါမှမဟုတ် ဖေဖေမဟုတ်တဲ့ တခြားသူစိမ်းယောက်ျားတစ်ယောက်ရဲ့ရင်ခွင်သစ်မှာ ဘဝသစ်ကိုများ စနေပြီလား။

အတွေးတွေက ပြည့်နှက်များပြားလွန်းနေတာလေ။

“ဟာ!”

စိတ်နဲ့လူနဲ့မကပ်တာမို့ လမ်းကျဉ်းလေးထဲ ဝင်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးကိုမမြင်လိုက်မိ။ စက်ဘီးက ကျော့်ကိုရှောင်လိုက်ရင်း မညီညာသည့်လမ်းမှာ ခဲကိုတိုက်မိတာမို့ လဲကျလေ၏။ စက်ဘီးလက်ကိုင်မှာ ချိတ်ကိုင်လာသည့် (နွားနို့လားမသိ) Plastic အိတ်က လမ်းပေါ်မှာ ဖွက်ခနဲကွဲသွားချေပြီ။

"ကုန်ပါပြီ၊ သွားရောကွာ"

စက်ဘီးလဲတာကို ဂရုမထားဘဲ နို့ထုပ်ကို နမျောတသဖြစ်နေသည့်လူငယ်လေးကို ငုံ့ကြည့်လိုက်ရင်း ကျော့်ရင်ထဲ ထိတ်သွားရလေ၏။ ဘယ်လိုလဲ။ ဒီကောင်လေးကို ရင်းရင်းနှီးနှီးကြီး သိနေသလိုပါပဲလားလေ။

"Sorry!..."

"ရပါတယ်၊ လမ်းမှမညီတာကိုး မမရဲ့"

ဟောတော်! ကျော့်ကြောင့် နို့ထုပ်ကွဲသွားတာကို ဒေါသမဖြစ်တဲ့ မော့ကြည့်ကာ ပြုံးပြလိုက်တဲ့ကောင်လေးကြောင့် ငေးခနဲကြည့်နေမိလေ၏။ ချောလိုက်တာ။ ချောချောလေးနဲ့ ချစ်စရာလေး။ ဒီလောက်အပြစ်ကင်းတဲ့ချာတိတ်လေးမျိုးကို ဘယ်လိုအမေကများ မွေးထားလို့ ဒီလိုမအပ်စပ်တဲ့ရပ်ကွက်ထဲမှာ လာတွေ့ရတာပါလိမ့်။ မင်း. . . ဘယ်သူပါလဲ။

▣▣▣



## အခန်း (၃)

"အဲဒါနဲ့ပဲ အလုပ်ဖြုတ်လိုက်ရောလား"

"အင်းပေါ့"

"သမီးကိုက စများတာ။ ဘာလို့ သူများရပ်ကွက်ထဲထိ သွားတွေ့ရတာလဲ။ တကယ်ဆို ဝန်ထမ်းတွေကို ရုံးခန်းထဲခေါ်ပြီး တွေ့ရတယ်လေ ကျော့်"

"ကျော့်လည်း မတတ်နိုင်လို့ သွားရတာပါဖေဖေ"

"ကိုဘမောင်တို့အုပ်စုက အတော်လေး လက်ရာသေသပ်တယ် သမီးရဲ့"

"ကျော့်လည်း သိပါတယ်၊ အဲဒီလူပြောတာကို ဖေဖေ တော်မကျေနပ်လို့ ဖြုတ်လိုက်တာပါဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . အစဆွဲထုတ်မှတော့ ရှည်ဦးမှာအသေအချာပဲ"

"ဘာကိုလဲ ဖေဖေ"

"သမီးလုပ်ခဲ့တဲ့ကိစ္စ ပေရှည်ဦးမယ်လို့ ပြောတာလေ၊ ကဲကဲ. . . သွားကြစို့"

ကားကိုယ်စီဖြင့် ထွက်ခဲ့ပါ၏။ ဖေဖေက ကုမ္ပဏီရုံးချုပ်မှ မြို့ထဲအထိ သွားရပေမယ့် ကျော်ကတော့ ဆိုက်နှင့်နီးသည့် ရုံးခွဲတိုက်ကိုပဲ ထွက်လာခဲ့ပါသည်။ ကားပါကင်မှာ ကားထိုးကာ ကုမ္ပဏီပေါ်တက်တော့ စိမ့်စိမ့်အေးက မျက်နှာငယ်ငယ်ဖြင့် ကြိုလေ၏။

"မင်္ဂလာပါ မမ"

"အေး"

ကျော်က အဲဒီလိုပါလေ။ လူမှုရေးတွေဘာညာသရကာတွေ ဘာကိုမှမသိပါ။ ကိုယ့်လမ်းကိုယ်လျှောက်နေတာမို့ လမ်းပိတ်ထားရင် ဖြတ်တိုက်ပြီးသွားမယ့် ဘူဒိုဆာကားလို ခပ်မာမာပါပဲ။

"ဦးဘမောင် ရောက်နေတယ်"

"အထဲမှာလား"





"ဟုတ်ကဲ့"

ရုံးခန်းထဲဝင်တော့ ကျော့်စားပွဲရှေ့ခုံမှာ မျက်နှာအောက်ငုံ့ပြီး ထိုင်နေသည့်ဦးဘမောင်ကို မြင်လိုက်ရလေ၏။ အပူတွေများနေတာမို့ နွမ်းလျနေသလိုပါလေ။

"ဘယ်လိုလဲ ကိုဘမောင်"

"မမလေး"

"အသည်းအသန်ကိစ္စဆိုရင်လည်း တိတိကျကျပြောပြီး ခွင့်ယူမှပေါ့။ အခုတော့ တစ်ပြိုင်တစ်မကြီး အလုပ်မလာဘဲ ပျက်ကွက်တာ ကျော့်အတွက် ဘယ်လောက်နစ်နာတယ်ထင်လဲ"

"တောင်းပန်ပါတယ် မမလေးရယ်၊ ကျွန်တော်လည်း ထူပူပြီး ဘာလုပ်ရမယ်မှန်းမသိတော့လို့ပါ"

"ကာယကံရှင်က ထားပါတော့၊ ကျန်တဲ့လူတွေက ဘာလို့ မလာကြတာလဲ"

"တစ်ခြံတည်းစုနေကြတာမို့ မိသားစုလိုဖြစ်နေတာပါ မမလေး။ အမေသေသွားလိုတယ်ကြားတာနဲ့ ပြေးလွှားလိုက်ခဲ့ကြလို့ပါ"

"သေရေးရှင်ရေးဖြစ်ရင် ကျော့်ဆီ Phone ဆက် အကူအညီတောင်းနိုင်ပါတယ် ကိုဘမောင်။ အခုလည်း ကျော့်ကိုမေး



www.burmeseclassic.com

www.burmeseclassic.com

သွယ်နိုင်းတာ ကျော်ကူညီချင်လို့ပါ။ ကုမ္ပဏီအလုပ်ဆိုတာ အာမခံချက်မရှိဘူးလို့ လွယ်လွယ်ပြောတတ်ကြပေမယ့် ကျော်တို့က အဲဒီလောက် စေတနာမခေါင်းပါးပါဘူး။ ကိုဘမောင်ကို ကျော် ခွင့်တစ်ပတ်ပေးမယ်။ တစ်ပတ်နဲ့မလောက်ရင် ဆယ်ရက်ပေါ့''

''ကျွန်တော်. . .''

''အလုပ်ကို ရိုတဲ့လူနဲ့ ကျော် ဆက်လုပ်လိုက်မှာပါ။ အစရှိ နောက်နောင်တဲ့။ ဒီလိုခွင့်မဲ့ပျက်ကွက်လို့ရရင် နောက်ကို ဒီအချိုးအတိုင်း ချိုးလာကြတော့မှာ။ ဒါနောက်ဆုံးဖြစ်ပါစေ''

''မမလေး လာတဲ့နေ့က ဖိုးထောင်မှူးပြီးပြောလိုက်တာကို သူ့ကိုယ်စား ကျွန်တော်ကပဲ တောင်းပန်ပါတယ်ဗျာ''

''ရှင်တောင်းပန်စရာမလိုပါဘူး ကိုဘမောင်။ ကျော်က ခြေမမကောင်း ခြေမ၊ လက်မမကောင်း လက်မခွဲခြားတတ်တဲ့ ပြတ်ပြတ်သားသားလုပ်တတ်တဲ့သူပါ။ ဒါယူသွားပါ ကိုဘမောင်၊ ကုမ္ပဏီက စေတနာ ကရုဏာနဲ့ အကူအညီပေးတာပါ။ လစာထဲက ဖြတ်မှာမဟုတ်ပါဘူး''

''မဟုတ်တာ မမလေးရယ်''

''ယူသွားလိုက်ပါ၊ ဆေးရုံကိစ္စမို့ ငွေကုန်မှာအသေအချာပဲ။ သွားလို့ရပြီ၊ ကျော်အလုပ်တွေရှိသေးတယ်''





''ဟုတ်ကဲ့၊ ကျေးဇူးအများကြီးတင်ပါတယ် မမလေး''

သတင်းစာဖြင့် ပတ်ထားသည့်ငွေငါးသိန်းကို လက်တုန်တုန်ဖြင့်ယူကာ ဦးဘမောင် ထွက်သွားတော့၏။ ကျော် မှန်ပါရဲ့လား၊ အမေအသည်းအသန်ဖြစ်လို့ အခုလိုကူညီတာ မမှားပါဘူးနော်။

''မေမေ့အတွက်ပါ''

Plastic အိတ်လေးကိုငုံ့ကြည့်ပြီး ပြောလိုက်တဲ့ကောင်လေးကို ဖျပ်ခနဲမြင်ယောင်လိုက်မိပါ၏။ ဘယ်လိုဖြစ်ပြီး အမေ့အတွက်ချည်း ဖြစ်နေရတာပါလဲ။ ကျော် လျှော်ကြေးအဖြစ် ငါးထောင်တန်ထုတ်ပေးတော့ ကောင်လေးက ခေါင်းခါပြလိုက်တာလေ။

''နို့ဖိုးက ထောင့်ငါးရာပဲ ကျတာပါ မမရဲ့၊ ငါးထောင်မဟုတ်ပါဘူး။ ပြီးတော့ မမကြောင့်လည်းမဟုတ်ဘဲ ကျွန်တော့်စက်ဘီးလဲသွားတာကို''

အဘယ်မျှဖော်ရွေပြီး သဘောကောင်းတဲ့ချာတိတ်လေးပါလဲ။ ကျော့်ကြောင့်မဟုတ်ပေမယ့် ကျော့်ကိုရှောင်လို့ဖြစ်သွားတာမို့ လျော်ပေးနေရတာပါလေ။

''ဘာပဲဖြစ်ဖြစ် ကျော့်ကြောင့်ဖြစ်သွားတယ်လို့ ယူဆတာ


www.burmeseclassic.com

www.burmeseclassic.com



မို့ ပေးထားပါ”

“အများကြီးမို့ပါ မမ”

ပိုက်ဆံအိတ်ထဲမှ ထောင်တန်အသစ်နှစ်ရွက်ကို ထုတ်ယူ၍ပေးတော့ လက်နှစ်ဖက်ဖြင့် တရိုတသေယူသည့်ကောင်လေးရဲ့မျက်နှာက အနည်းငယ်မျှ နီနေသလိုပါလေ။

“အားနာလိုက်တာ”

“ကျောင်းတက်တုန်းလား”

“ကျွန်တော်လား”

“အင်းပေါ့”

“အဟင်း. . . ဆယ်တန်းအောင်ပြီးပြီ မမရဲ့”

“ဟုတ်လား”

“ကြွားတာမဟုတ်ဘူးနော်၊ D ငါးလုံးတောင် ပါတာဗျ”

“အဟုတ်”

“ဟုတ်တယ်”

“ဒါဆို ဆေးကျောင်းတက်ရမှာပေါ့”

ကောင်မလေးမျက်နှာ ဖျတ်ခနဲညှိုးသွားလေ၏။ ခုနက ပျော်နေတဲ့အပြုံးတွေ ဘယ်ကိုများရောက်သွားပါလိမ့်နော်၊ ကျော်က ရယ်ခဲ့ပြုံးခဲ့တဲ့သူဖြစ်ပေမဲ့ ဒီကောင်လေးရဲ့အပြုံးက ကျော့





ရင်ထဲကို ကူးစက်ပြီး ဝင်ရောက်လာသလိုပါပဲလေ

“ဆေးကျောင်းတော့ မေမေက ဘယ်ထားနိုင်ပါ့မလဲ မမရယ်။ အဝေးသင်တက်ဖြစ်ဖို့တောင် အနိုင်နိုင်ဗျ။ ကျွန်တော် အလုပ်ဝင်လုပ်မယ်ဆိုတော့လည်း မေမေက မလုပ်ရဘူးတဲ့”

“အမေတစ်ခုသားတစ်ခုလား”

“ဟုတ်ကဲ့”

“မင်းမေမေက ဘာလုပ်သလဲ”

“စက်ချုပ်ပါတယ် မမ”

“သြော်”

အဘယ်မျှပင်ပန်းလိုက်မလဲ။ တစ်နေကုန် စက်ခုံမှာ ထိုင်ပြီးချုပ်ရင် အညောင်းမိသလို ခြေရောခါးပါ ကိုက်ခဲတော့မှာလေ။ အမေအိုကြီးက ဒီသားဖြူဖြူချောချောလေးကို ဘယ်နိုင်းရက်ပါ့မလဲ။

“အလုပ်လုပ်ချင်တယ်ဆိုတော့ အသက်ဘယ်လောက်ရှိပြီလဲ”

“(၁၈) မပြည့်သေးဘူး”

“ဒါနဲ့များ ဘာလုပ်စားလို့ရမှာတုန်း. . . Model လုပ်မလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ. . . ရှက်စရာကြီး"

တကယ်ပင် မျက်နှာနီသွားတာမို့ အရှက်အကြောက်ကြီးတဲ့ကောင်လေးမှန်း သိသာနေတာပါလေ။ ဘယ်လိုလဲ၊ ကျော်ကတော့ လူအများကြီးနဲ့ပြောဆိုဆက်ဆံနေရတာမို့ တစ်ခါမှ ရှက်ကြောက်တတ်တဲ့စိတ်မျိုး မရှိသလို ကေသရာဇာခြင်္သေ့လို ရဲရင့်တဲ့ပုံစံနဲ့ မျက်နှာမော်ဝင့်ပြီး အမြဲတင်းမာတဲ့ပုံစံမျိုးမဟုတ်ပါလား။

"အလုပ်လုပ်မယ်ဆို ဘာလုပ်တတ်လဲ"

"အလုပ်ကြမ်းပဲဖြစ်ဖြစ် ဘာမဆိုလုပ်ရမှာပေါ့မမရဲ့။ မေမေပင်ပင်ပန်းပန်းနဲ့ ရှာကျွေးသမျှ ထိုင်စားခဲ့တာ ရှက်စရာကြီး [illegible]"

အလုပ်ကြမ်းတဲ့လား။ ကျော်တောင် ကြမ်းတမ်းတာမျိုး တစ်ခုမှမလုပ်ခဲ့၊ အိမ်မှာ ချက်ပြုတ်လျှော်ဖွပ်အလုပ်က လားလားမှမသက်ဆိုင်၊ ဒီကောင်လေးရဲ့လက်နုနုလေးနဲ့ အုတ်တွေ သဲတွေ ဘိလပ်မြေတွေ သံတွေကို ကိုင်မှာတဲ့လေ။

"ယူထားလိုက်နော်၊ အကူအညီလိုရင် လာခဲ့ပါ။ မလာတတ်ရင်လည်း Phone ဆက်လိုက်ပေါ့။ ရော့"

ကျော် လှမ်းပေးလိုက်သည့် Visiting card ကိုကြည့်ရင်း သူအံ့သြသွားလေ၏။ အခုမှတွေ့ဖူးတဲ့အမျိုးသမီးလေးက





ဘာမဆိုင်ညာမဆိုင် နှိုဖိုးလျှော်သလို Card တောင်မှ ထုတ်ပေးနေတာကိုး။

"ယူလေ"

"ဟုတ်ကဲ့"

Card အဖြူလေးကိုကိုင်ကာ ဖတ်ရင်း ချာတိတ်မျက်ဝန်းလေးတွေ အရောင်လက်ဖြာတောက်ပသွားလေ၏။ လှလိုက်တာနော်၊ ယောကျ်ားလေးဖြစ်ပြီး ဒီလောက်လှပတဲ့မျက်ဝန်းမျိုး ပိုင်ဆိုင်ထားရပါသလဲ။ မနာလိုစရာကြီးပါပဲလား။

"မြင့်မိုရ်ကျော်တဲ့၊ လှလိုက်တာ"

ကျော့်နာမည်ကို လှသတဲ့လေ။ ဖေဖေ့နာမည်ကိုရှေ့တင်ပြီး ကျော်ပိုင်ဆိုင်တာဆိုလို့ ဒီ 'ကျော်' ဆိုတဲ့စာလုံးလေးပဲ ရှိတာကို။ ကျော်ကိုယ်တိုင်ကလည်း (မသိရင် ယောကျ်ားလေးနာမည်လို ဖြစ်နေသည့်) ကိုယ့်နာမည်ကို ဂုဏ်ယူစိတ်ဖြင့် နှစ်သက်မိတာအမှန်ပါလေ။

ကျော်ထွက်လာတော့ လိပ်စာကတ်လေးကိုင်လျက် ကျန်ရစ်ခဲ့သည့်ကောင်လေး၏အကြည့်က ကျော့်နောက်မှာ ကပ်နေမှာမှန်း သိနေပါသည်။ ဘယ်လိုလဲ၊ မြင့်မိုရ်ကျော်ရဲ့ဘဝမှာ လူတိုင်းကို ဘာသိဘာသာနဲ့နေတတ်ပေမယ့် အခုမှတွေ့တဲ့ချာတိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်ထက် ရင်းနှီးသလိုဖြစ်ပြီး Visiting card ပေးတဲ့အဆင့်ထိ ဖြစ်သွားခဲ့ရတာ အထူးအဆန်းပါလေ။

ဖေဖေသာသိရင် ပျစ်ပျစ်နှစ်နှစ် အဝေဖန်ခံရမှာ အသေအချာပါပဲ။

"မမ"

"အင်း"

"တွေ့ခွင့်တောင်းနေလို့"

"ဘယ်သူလဲ"

"ကိုဖိုးထောင်"

"ဘာ"

"မမကို တောင်းပန်ချင်လို့တဲ့"

"မတွေ့ချင်ဘူး၊ ရှုပ်ရှုပ်ယှက်ယှက်"

Phone ဝင်လာတာကိုဖြေရင်း စိမ့်စိမ့်ကို ပြောလိုက်ပါ၏။ အလုပ်ရှုပ်နေပါတယ်ဆိုမှ ဒင်းက တစ်မျောင့်။ အလုပ်ဖြုတ်ပြီးပါပြီဆိုမှ ဘာကိစ္စနဲ့ လာတွေ့ချင်ရတာပါလိမ့်။ အလုပ်ကိုရှုပ်တယ်။

"ဟဲလို! မြင့်မိုရ်ကျော်ပါ"

"မမ . . . ကျွန်တော်ပါ"





"ဘယ်သူ"

"နန္ဒကို ပါ"

"နန္ဒကို "

"မေမေ့နှီဖိုးလျှော်ပေးလိုက်တဲ့သူလေ မမရဲ့"

"ဪ. . . သိပြီ၊ ပြောလေ"

ကြည့်စမ်း! ရင်ထဲမှာ အေးခနဲဖြစ်သွားရပါ၏။ အဘယ်မျှ အေးချမ်းတဲ့အသံလေးပါလိမ့်နော်၊ ကျော့နာမည်ကိုမှ လှတယ်ပြောနေ၊ သူ့နာမည်ကမှ တကယ်လှတာလေ။ 'နန္ဒကို' တဲ့။ ဒီလိုနာမည်လှလှလေးကို ပေးတတ်တဲ့မေမေပါလိမ့်။

"ဟိုလေ၊ အလုပ်တောင်းချင်လို့"

"အလုပ်"

"ဟုတ်ကဲ့"

"ကျောင်းမတက်ဘဲ ဘာအလုပ်လဲ နန္ဒရဲ့။ နန္ဒလို့ပဲခေါ်မယ်နော်"

"ရပါတယ်မမရဲ့၊ အလုပ်လိုရင်တောင်းဖို့ ကတ်ပေးခဲ့တာမဟုတ်ဘူးလား"

ကျော် ဟက်ခနဲရယ်မိချေပြီ။ အဘယ်မျှဖြောင့်စင်းတဲ့ အတွေးအခေါ်ချာတိတ်ပါလဲ။ အကူအညီလိုရင်ဆိုပြီး ပေးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ကို အလုပ်ပေးချင်တယ်ထင်ရတယ်လို့။

"'မ'နဲ့လာတွေ့လေ"

"ခင်ဗျာ"

"လူကိုယ်တိုင်လာတွေ့လို့ပြောတာ၊ သဘောမပေါက်ဘူးလား"

"ဘယ်အချိန်လဲ"

"အလုပ်ချိန်အတွင်းဆို ကုမ္ပဏီမှာရှိတယ်လေ။ လာခဲ့ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ မမ၊ ကျေးဇူး"

အိမ်ပြန်ရန် ရုံးခန်းတံခါးဖွင့်လိုက်စဉ် အပေါက်ဝမှာ ဒူးထောက်ထိုင်ချနေသည့်လူကို တွေ့လိုက်တာမို့ သက်ပြင်းရှိုက်လိုက်မိပါ၏။ ငါနော်. . . စိတ်ကြည်ချိန်လေးမှာမှ လာတွေ့ရတယ်လို့။

"ကျွန်တော်တောင်းပန်ပါတယ် မမလေးရယ်၊ အနူးအညွတ်တောင်းပန်တာပါ။ မူးနေတာမို့ မမလေးကို မထိမဲ့မြင်နဲ့ ပြောမိလို့ပါ"

"ရှင်တို့ဟာလေ မူးရင်တစ်မျိုး မမူးရင်တစ်မျိုး။ အရက်မူး ကျွဲခိုးပေါ်တယ်ဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ဟုတ်ပါတယ် မမလေးရယ်၊ ကျွန်တော့်ကို မှီခိုအားထားနေရတဲ့မိသားစုရှိတာမို့ အလုပ်ပြုတ်သွားတာ ဒုက္ခများနေလို့ပါ"

"ကျစ်!. . . ကဲ. . . မနက်ဖြန်က စအလုပ်ပြန်ဆင်း၊ အရက်မသောက်နဲ့။ သောက်တယ်ကြားတာနဲ့ Go ပဲ"

"ဗျာ!"

▣▣▣





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ဖေဖေရယ်နေတာမို့ ကျော်ပြုံးလိုက်မိပါ၏။ ဟုတ်တယ်လေ၊ ကျော့်အဖြစ်က ရယ်စရာဖြစ်နေတာကိုး။ ကိုယ်ပဲ အလုပ်မဆင်းနဲ့တော့လို့ ဖြုတ်ပြီး နောက်နေ့ပြန်လာဆိုပြီး ပြန်ခန့်လိုက်ရတာကိုး။ ပြောသားပဲ၊ ကျော်က စိတ်မြန်လက်မြန်ပါဆိုမှ။

"အလုပ်သမားကို ငဲ့ညှာပြီး ထောက်ထားတာကိုတော့ ဖေဖေမပြောပါဘူး ကျော်။ ဒါပေမဲ့ သမီးစိတ်ပျော့တာကိုတော့ မကြိုက်ဘူး"

"လုပ်သင့်တယ်ထင်လို့ ယူဆမိလို့ပါဖေဖေ၊ သူတို့နေထိုင်ကျင်လည်နေရတဲ့ဘဝကို မျက်ဝါးထင်ထင်နဲ့ လက်တွေ့မြင်ခဲ့ရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“လူဆိုတာ ကိုယ်ပြုတဲ့ကောင်းမှုကို ကိုယ်ပြန်ခံစားခွင့်ရထားပါသမီး။ လူတိုင်းကိုသာ သနားမိရင် ရှာထားသမျှစည်းစိမ် ပြုတ်လိမ့်မယ်”

ကျော်ခေါင်းညိတ်လိုက်ပါ၏။ ကိုယ့်ဝန်ထမ်းကို ကူညီတာကိုတော့ ဖေဖေအသိအမှတ်ပြုစေချင်ပါ၏။ ကိုဖိုးထောင်ကို အလုပ်ပြန်ခန့်လိုက်တဲ့ကိစ္စ၊ ကိုဘမောင်ကို ငွေကြေးကူညီလိုက်တဲ့ကိစ္စပြောပြီးရင် နန္ဒကိုဆိုတဲ့ချာတိတ်ကိစ္စကို ပြောစရာရှိသေးတာလေ။

ဖေဖေက ညနေစာစားပြီးပြီမို့ ကြီးမြလာပို့ပေးသည့် သရက်သီးမှည့်အစိပ်လေးတွေကို ခက်ရင်းဖြင့်ထိုးစားရင်း ကျော်နဲ့ဆွေးနွေးနေတာပင်။

“ဘမောင်ကို ဒီလိုကူညီတာ တစ်မျိုးတော့ကောင်းသွားတယ်။ နို့မို့ တခြားနေရာက လုပ်ခတိုးပေးပြီး ခေါ်နေတာလေ။ အခုတော့ ဒီကျေးဇူးကိုထောက်ပြီး သူထွက်သွားလို့မရအောင် ချည်ပြီးတုပ်ပြီးဖြစ်သွားရတာပေါ့”

အလို! ဖေဖေမည်သို့မြင်လိုက်ရတာပါလိမ့်။ ကျော်ကူညီတုန်းက ဘာသဘောဘာအဓိပ္ပာယ်မှမပါဘဲ စေတနာသန့်သန့်နဲ့ ကူညီမိခဲ့တာပါ။ အထူးသဖြင့် ကျော့်ဘဝမှာ လစ်ဟာခဲ့ရတဲ့





'မေမေ'ဆိုတဲ့ပုဂ္ဂိုလ်မျိုးကို သွယ်ဝိုက်သောနည်းနဲ့ ကူညီခွင့်ရခဲ့လို့ ပီတိဖြစ်ခဲ့ရတာအမှန်ပါလေ။

“ကူညီတယ်ဆိုတာ အတိုင်းအတာတစ်ခုတော့ ရှိထားသင့်တယ်။ ကိုယ်ကူညီလိုက်မိလို့ ဘာပြန်ရနိုင်မလဲ။ ဘာအကျိုးအမြတ်မှမရရင် ဘာအကူအညီမှမပေးတာက အကောင်းဆုံးပဲကျော်”

ဗုဒ္ဓေါ! အခုပဲ နန္ဒအကြောင်းပြောမလို့ပြင်မိပါတယ်။ ဖေဖေ့စကားက ရှေ့ကနေ တိခနဲဖြတ်ချပြီး ပိတ်နေချေပြီ။ အကျိုးအမြတ်တဲ့။ စီးပွားရေးကို စီးပွားဆန်ဆန်လုပ်တဲ့နေရာမှာတော့ မြင့်မိုရ်ကျော်ဟာ ဦးမြင့်မိုရ်ရဲ့ခြေဖဝါးထပ်မျှ တူညီနေတာပါလေ။

အခုတော့ ကိုယ်နဲ့လည်း ဘာမှမသက်ဆိုင် တစ်ခါမှလည်း မပတ်သက်ခဲ့ဖူးပါဘဲ ဒီချာတိတ်လေးရဲ့အနာဂတ်အထိ တွေးပေးနေမိတာကိုသာ ဖေဖေသိရင် ဘယ်လိုလုပ်မလဲ။ ကျော်က ဖေဖေ့ကိုဘာတစ်ခုမှဖုံးကွယ်စရာမရှိသလို အကုန်လုံးပွင့်ပွင့်လင်းလင်းပြောပြတတ်တဲ့သမီး မဟုတ်ပါလား။

မဖြစ်သေးပါဘူး။ အချိန်တော့ ယူရဦးမှာပါပဲ။

“ဒီနေ့သွားစရာရှိသေးလား”

“ဟုတ်ကဲ့၊ ဟိုခြံကို သွားကြည့်မလားလို့”



www.burmeseclassic.com

www.burmeseclassic.com



"မှောင်ခါနီးနေပြီဟာကို"

"ကျော့်မှ အချိန်မရတာဖေဖေရဲ့"

"ထူးကုမ္ပဏီကို သတိထားပြီး ဂရုစိုက်ပါကျော်"

"ဟုတ်"

ကားသော့ကိုယူ၍ ထွက်လာခဲ့ပါ၏။ ပြတ်သားပါသည်ဆိုတဲ့ မြင့်မိုရ်ကျော်ရဲ့စိတ်ကို နူးညံ့ပျော့ပြောင်းလာအောင် လုပ်ခဲ့တာ ဟိုချာတိတ်ပဲမဟုတ်ပါလား။ မင်းကြောင့် ငါ့ဝန်ထမ်းကိုအလုပ်ဖြုတ်ပြီးမှ ပြန်ခန့်လိုက်မိတယ် နန္ဒကို။ ဖေဖေပြောသလိုအသွားအပြန်အကျိုးအမြတ်ဆိုပြီး တွက်ဆရင် ငါ့အတွက် မင်းဘာအလုပ်ပေးနိုင်မလဲ။

အတွေးဖြင့် ပြုံးလိုက်မိပြီး ဆိတ်ငြိမ်ရပ်ကွက်ထဲသို့ ကားကို ဝင်ခဲ့ပါ၏။ တံခါးရှိမနေသည့်ခြံထဲမှာ နောက်ဆုံးပေါ်ကားတစ်စီး ရပ်ထားတာမို့ ရင်ထိတ်သွားရပါသည်။ ဒီအချိန်ကြီးတောင်မှ ခြံလာကြည့်တဲ့သူ ရှိနေရတယ်လို့။

ကားကို ခပ်စောင်းစောင်းလေး ထိုးရပ်လိုက်ပြီး ဖွင့်ဆင်းလိုက်ပါ၏။ ခြံက အတော်ကျယ်တာမို့ လာကြည့်တဲ့လူကို ရုတ်တရက်မမြင်ရပါချေ။ သစ်သီးခူးဖို့လာတတ်တဲ့ခြံရှင်တွေ တစ်ယောက်တလေရှိတတ်တာမို့ အတွင်းဘက်မှာရှိနိုင်မယ်ထင်ပါရဲ့။





"မြင့်မိုရ်က ကိုထက်ရေ့"

"ဟုတ်လား"

သတိပေးလိုက်သံကြောင့် ဝေ့ဝဲကြည့်နေရာမှ လှည့်ကြည့်လိုက်မိပါ၏။ အပင်အုပ်အောက်မှ အေးအေးလူလူလျှောက်လာသည့်လူနှင့် ကျော် အကြည့်ချင်းဆုံသွားရပါသည်။ ဒီလူ့ကိုတစ်ခါမှမမြင့်ဖူးတာလေ။

"မြင့်မိုရ်ကျော်လား"

"ဟုတ်တယ်"

"နာမည်ပဲ ကြားဖူးခဲ့တာ၊ အခုမှပဲ လူကိုမြင်ဖူးတော့တယ်"

ဖော်ရွေစွာပြုံးပြီးပြောနေသည့်သူ့ကို ခပ်တည်တည်ဖြင့် မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်နေမိ၏။ ဘေးမှာ သူ့ PA ဟု ယူဆရသည့်လူငယ်လေးတစ်ယောက် ပါလာလေသည်။

"ဘုန်းထက်မာန်ပါ"

လက်ကမ်းပေးလိုက်တာမို့ အံ့သြသွားပြီး သူ့နာမည်ကို ကြားလိုက်ရစဉ် ရင်ထဲမှာ တစ်မျိုးကြီးခံစားသွားရလေ၏။ အလို! ဘုန်းထက်မာန်တဲ့၊ ကျော့်ရန်သူတော်ကြီးက ကျော့်ရှေ့မှာ မားမားကြီး ရပ်နေပါရောလား။ မဲ့ပြုံးသာ ခပ်မဲ့မဲ့ပြုံးဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ကျော်က ရန်သူနဲ့လက်ဆွဲမနှုတ်ဆက်တတ်လို့ Sorry ပါ"

"ရန်သူ"

"ဟုတ်တယ်လေ"

ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်ပါ၏။ ကိုယ်နဲ့စီးပွားပြိုင်ဘက်ကို ရန်သူလို့မယူဆ မသတ်မှတ်ရင် ဘယ်လိုလုပ်မှာလဲ။ အထူးသဖြင့် ဖေဖေကိုယ်တိုင်သတိပေးထားတဲ့ ဘုန်းထက်မာန်က ကျော့်ရဲ့အဓိကရန်သူပါပဲ။

"ဘာဖြစ်လို့ ရန်သူလို့ယူဆရတာလဲ မြင့်မိုရ်ကျော်။ တကယ်ဆို တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြတဲ့ ရည်မှန်းချက်တူသူတွေပါ"

"ရန်သူက ရန်သူပါပဲ ဦးဘုန်းထက်မာန်၊ ကျော်တို့ဝယ်တဲ့မြေ၊ ကျော်တို့ကြည့်နေတဲ့နေရာမှန်သမျှကို ရှင်တို့လိုက်လုဝယ်နေတာ ရန်သူမဟုတ်လို့ ဘာလဲ"

သူက ကျော် ခပ်စွာစွာပြောလိုက်တာကို သဘောကျသလို ခပ်တိုးတိုးရယ်လိုက်လေ၏။ ကြည့်စမ်း! ဒေါသဖြစ်စရာကောင်းလိုက်တာ။ တစ်ဖက်လူ ရန်လိုနေမှန်းသိနေပေမယ့် သွေးအေးအေးနဲ့လူလို ကျော့်ကို အေးစက်စက်အကြည့်မျိုးနဲ့ ကြည့်နေတာလေ။

"ကန့်ရေဆိုတာ ဘယ်သူသောက်သောက် ကုန်တာမျိုးမှမဟုတ်ဘဲ မြင့်မိုရ်ကျော်။ စီးပွားရေးလုပ်တယ်ဆိုတာ အနည်းနဲ့အများတော့ အောင်မြင်တာ ဆုံးရှုံးတာမျိုး ရှိမှာပဲ"

"ဒါပေမဲ့ အဲဒါ တစ်ဖက်သတ်ပဲလေ၊ စည်းဆိုတာမှ မထားတတ်တော့ တစ်ဖက်စောင်းနင်းပဲဖြစ်နေတာပေါ့ ရှင်ရဲ့။ ရှင်ချည်း အနိုင်ပိုင်းနေတာကို ကျော်ကတော့ မုဒိတာမပွားနိုင်ပါဘူး။ ရှင်းရှင်းပဲ"

"ဟင်းဟင်း. . . မင်းအသက် ဘယ်လောက်ရှိပြီလဲ မြင့်မိုရ်ကျော်"

"ဘာ! အဲဒါ ရှင်သိစရာမလိုဘူး"

တောက်! စကားများနေပါတယ်ဆိုမှ မဆီမဆိုင်အသက်ကို ကောက်မေးရတယ်လို့။ ဘာကြောင့်များ သိချင်ရတာလဲ။ မပြောနိုင်ပေါင်၊ စိတ်တိုတိုဖြင့် သူ့ကို မျက်စောင်းသာ ဒိုင်းခနဲခဲလိုက်မိလေ၏။

"ကိုယ့်ထက်တော့ ငယ်ပုံရပါတယ်၊ ဘာလို့ တရှင်ရှင်နဲ့ ရိုင်းရိုင်းစိုင်းစိုင်းပြောရတာလဲ"

ကျော့်မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ အလွန်သိ



www.burmeseclassic.com

www.burmeseclassic.com

မှာ ကိုယ့်ထက်ကြီးကြီးငယ်ငယ် ဒီလိုပဲပြောချတတ်တာပါလေ။ အခုတော့ သူ့ရှေ့မှာပြောမိပေမယ့် ရှိုင်းလို့လား။ ဒါလေးပြောမိတာ ဘာများဖြစ်မှာလဲလို့လေ။

"ရှင်နဲ့မဆိုင်ပါဘူး"

"စီးပွားရေးလုပ်တယ်ဆိုတာ နှုတ်ချိုဖို့ပိုပြီးအဓိကကျတယ့် မြင့်မိုရ်ကျော်ရဲ့"

"ဘာရှင့်"

ကြည့်စမ်း! လူကို ဆရာလိုမျိုး လမ်းပြညွှန်ကြားချင်နေသလိုပါပဲလား။ ဖေဖေတောင် ကျော့်ကို ဒီလောက်အထိ အသေးစိတ် မဆုံးမတတ်တာလေ။ ဘယ်လိုလူပါလိမ့်။

"ပစ္စည်းတစ်ခုကိုလိုချင်ရင် ရောင်းသူကို ဘယ်လိုဘယ်ဝါဘာအကြောင်းဆိုပြီး အချက်အလက်နဲ့ဆွေးနွေးတင်ပြပြီး ရောင်းချင်စိတ်ရှိအောင် ပြောပြတတ်ရတယ် မြင့်မိုရ်ကျော်ရဲ့။ ဒါ ဘယ်လောက်လဲ၊ ရောင်းမလားဆိုပြီး ခပ်ရင့်ရင့်ပြောမိရင် ဘယ်သူက ရောင်းချင်စိတ်ရှိမှာလဲ။ မဟုတ်ဘူးလား"

တောက်! သိသိကြီးနဲ့ ဒဲ့ကိုဆော်တော့တာပါပဲလားနော်။ စိတ်တိုလိုက်တာ၊ ကျော်က ဒီလိုပြတ်ပြတ်သားသားပြောတတ်မှန်း သိနေလို့ တမင်တကာကြီးပြောနေသလိုပါလေ။





နောက်ထပ်မျက်စောင်းက ထပ်ရောက်သွားပြန်လေ၏။

"ဟင်းဟင်း. . . ကိုယ်တော့ ပြာကျတော့မယ် မြင့်မိုရ်ကျော်။ လူကိုမြင်တာနဲ့ ဒီလိုပဲကြည့်တတ်လို့လား"

ကြည့်စမ်း!. . . စော်စော်ကားကား။ လူကိုမြင်မြင်ချင်း ဆောက်နဲ့ထွင်းဆိုသလို ထိပ်တိုက်ပြောဆိုနေတာလေ။ ဘာလဲ၊ ဆရာကြီးလား။ မြင်တာနဲ့ ဆုံးမစကားပါးပါးလေး ပြောနေလို့လေ။

"ရှင်နဲ့ရန်မဖြစ်ချင်ဘူး"

"ကိုယ်လည်း ဒီအတိုင်းပါပဲ၊ ရန်သူလို့မသတ်မှတ်လို့ လက်ကမ်းပေးတာတောင်မှ မင်းက ငြင်းနေလို့လေ။ အဖေတူသမီးဆိုပြီး နာမည်ကြီးတဲ့နေရာမှာ ဒါမျိုးတော့ မတူသင့်ဘူးလို့ ကိုယ်ထင်ပါတယ်"

"ဘာရှင့်! ရှင်. . . ကျော့်ဖေဖေကို ဘာမှထိုးနှက်ဝေဖန်စရာမလိုပါဘူး"

"ဆတ်ဆတ်ထိမခံပါလား မြင့်မိုရ်ကျော်၊ အဲဒီလိုပဲလား"

"ရှင်. . . ရှင်. . . တောက်! "

သူက စိတ်ရှည်သည့်အစ်ကိုကြီးပုံစံဖြင့် ပြောနေတာမို့ ကျော် အတော်ဒေါသဖြစ်နေပြီလေ။ လူကိုများ စွာလိုက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com


'ကဏန်းညှပ်တာ လူမသိပေမယ့် ကျိုးကန်းအာတာတော့ လူသိရှင်ကြား' ဆိုတဲ့စကားပုံက အခုမှ ကွက်တိပါပဲလား။ ကျော့်ကို စကားအေးအေးလေးနဲ့ မီးမွှေးတဲ့လူက ဘာမှမဖြစ်ပေမယ့် ထစ်ခနဲရှိ စိတ်လက်တစ်ဆစ်ဖြစ်တဲ့ကျော်ကတော့ ဒေါသထွက်နေတာပါလော။

"ဒီလိုပုံစံမျိုးနဲ့တော့ ရေရှည်ရပ်တည်နိုင်ဖို့ မလွယ်ဘူး မြင့်မိုရ်ကျော်။ စိတ်ရှည်သည်းခံလမ်းကြောင်းမှန်တဲ့၊ မကြားဖူးဘူးလား"

"ဒီမှာ, စကားတတ်တိုင်း လူကိုပျစ်ပျစ်နှစ်နှစ် ဝေဖန်နေစရာမလိုပါဘူး။ လောကမှာ ဥပုသ်စောင့်တဲ့ကျားဆိုတာ ရှိလို့လား။ ရှင်လည်းရှင်လည်သလို ဖြတ်စားခုတ်စားလုပ်ကျင့်ရှိလို့ အခုပဲ ကျွန်မဝယ်ဖို့ပြင်နေတဲ့ဒီခြံကို လာကြည့်နေတာလေ"

"ဒီခြံ"

"ဟုတ်တယ်၊ ဘာလဲ, ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လားဆိုပြီး မသိယောင်ဆောင်မေးဦးမလို့လား။ ကျော်တို့က ရိုးနေပြီ"

"အားပါးပါး. . . မင်းပြောပုံနဲ့ ကိုယ်ကတော့ တိရစ္ဆာန်ဖြစ်ပါရောလား"

"မှန်တာပြောတော့ နာတတ်တယ်မဟုတ်လား။ ကိုယ်ချင်းစာစိတ်ရှိပါ ဦးဘုန်းထက်မာန်"

သူက သူ့နာမည်ကို ကျော်ရွတ်လိုက်တာမို့ သဘောကျစွာ ရယ်လိုက်လေ၏။ နာမည်ကိုများ ကျော်မှတ်မိနေတယ်လို့ ထင်နေလို့လား။ သူမပြောခင်ကတည်းက အိမ်မှာ ဖေဖေပြောပြောနေတာမို့ အမြင်ကပ်ကပ်နဲ့ အလွတ်ရနေတာပါလေ။

"ဦးတပ်ခေါ်ဖို့ မလိုသေးပါဘူး မြင့်မိုရ်ကျော်။ ကိုယ့်အသက်က အခုမှ (၃၀)စွန်းရုံလေးပါ။ အနည်းဆုံး အစ်ကိုကြီးဖြစ်ဖြစ် ခေါ်သင့်တာမဟုတ်ဘူးလား"

ကြည့်စမ်း! လုပ်ပြန်ပြီ။ ဒီလောကမှာ မိန်းကလေးဆိုလို့ သူတို့နဲ့ရင်ပေါင်တန်းနေတဲ့ကျော့်ကို အထင်တသေးနဲ့ ပြောနေတာပါလေ။

"အဲဒီလိုအခေါ်ခံချင်ရင် ရှင့်နားဝိုင်းနေတဲ့ Lady တွေကိုသာ ခေါ်ခိုင်းပါ။ ကျော်တို့က ဝေးစွ"

"ကိုယ်က Lady တွေကိုစိတ်မဝင်စားဘဲ Baby ကိုမှ Crazy ဖြစ်တယ်ဆိုရင်ရော"

"တောက်! ဦးဘုန်းထက်မာန်၊ ရှင် . . ."

"Sorry! စကားအဖြစ်ပြောလိုက်တာပါ မြင့်မိုရ်ကျော်၊



www.burmeseclassic.com

www.burmeseclassic.com

စော်ကားသလိုဖြစ်သွားရင် တောင်းပန်ပါတယ်''

မဆိုးပါဘူး။ ဒီလိုတော့လည်း တောင်းပန်ဖော်ရသား။ ယောက်ျားတွေရဲ့စိတ်က အပြောင်းအလဲမြန်တတ်မှန်း ကျော်က လည်း သိနေတာပါလေ။ ကျော့်ကို ဝေဖန်နေကြတဲ့လူတွေက ယောက်ျားဆန်တဲ့ပုံစံနဲ့ စိတ်ကလည်း ယောက်ျားလို မာတယ်ဆို တာပါပဲ။

''ဒီခြံကို ကိုယ်ယူမယ်လို့ ဘယ်ကသတင်းကြားထားလို့ လဲ''

''ဟင်! ရှင်ပဲ အခု''

''ကိုယ်မယူပါဘူး။ မင်းပဲယူပါ မြင့်မိုရ်ကျော်ရဲ့၊ ရေကွင်း အရင်တူးတဲ့လူက ရေနောက်ပဲ သောက်ရမှာပေါ့။ မင်း့,ရေလေး ကြည်မှပဲ ကိုယ် အဆင်သင့် လာခပ်သောက်မယ်လေ။ ဟုတ်ပြီ လား''

''ဘာရယ်''

ကျော် အံ့သြသွားရပါ၏။ သူပြောတဲ့စကားကို နည်း နည်းလေးမှ သဘောမပေါက်ပါချေ။ သူကတော့ ကျော့်ကို လက် ပိုက်ပြီး မျက်နှာခပ်ပြုံးပြုံးဖြင့် ကြည့်နေလေ၏။ ရှင်ဘယ်လိုလူလဲ ဦးဘုန်းထက်မာန်။

▣ ▣ ▣



## အခန်း (၅)

''ဘယ်လို''

''ဟုတ်တယ်မမရဲ့၊ အဲဒီဘေးခြံမြေကွက်လပ်ကို ဈေး ပေါပေါနဲ့ရသွားပြီး အခု Foundation တောင် ချနေပြီတဲ့''

''တောက်! ''

အတော်လည်တဲ့လူပါပဲလား။ ကျော်က အခုမှ ခြံကို ငွေချေပြီးတာပဲရှိသေးတာလေ။ ခြံထဲကအပင်တွေကို ခုတ်ရှင်း ပြီး အမြစ်တွေ တူးဖော်ပြီးမှ Foundation တူးဖို့ အချိန်ကြာဦး မှာမဟုတ်လား။ ဘယ်ကနေဘယ်လိုသတင်းအနံ့ခံပြီး ဘေးက မြေကွက်ကို သူရသွားတာပါလိမ့်။

''ဟဲလို''


www.burmeseclassic.com

www.burmeseclassic.com

Phone မြည်လာတာမို့ စိမ့်စိမ့်နှင့်ပြောနေတာကိုရပ်ပြီး ကောက်ကိုင်လိုက်ရပါ၏။ ဒီခြံကိုညှိနှိုင်းဈေးနဲ့ရလို့ ပျော်မယ်ထင်နေမှပဲ စိတ်မချမ်းသာစရာသတင်းက ထပ်ရတယ်လို့နော်။

"ဘယ်လိုလဲ ကျော်၊ ခြေလှမ်းတွေ နောက်ကျလုချည်လား"

"ဖေဖေ"

"ဘယ်လိုဖြစ်ပြီး ဘုန်းထက်မာန်က သမီးထက်အရင်တိုက်ဆောက်နေတာလဲ ကျော်"

"သူက . . ."

"သမီးကို ဖေဖေအမြဲပြောတယ်လေ၊ မျက်စိကို အမြဲဖွင့် နားကိုလည်း အမြဲစွင့်ထားပါလို့ဆိုတာ ဘာလို့ ဒီလိုဖြစ်ရသလဲ"

ကဲ! မူကြိုကလေး ကျောင်းမတက်ချင်လို့ အဆူခံထိသလိုပါပဲလားနော်။ ခံလိုက် မြင့်မိုရ်ကျော်၊ ပြောတော့ဖြင့် ကြီးကြီးကျယ်ကျယ်နဲ့ ရင်ပေါင်တန်းလျှောက်လှမ်းနိုင်တယ်ဆို၊ အခုတော့ ဒီအမျိုးသားက နှာတစ်ဖျားမက ခြေတစ်လံခန့် ကျောနေပါရောလား။

"ပြောစရာစကားမရှိတော့ဘူးလား ကျော်"





"သူက လည်တာကိုး ဖေဖေရဲ့"

"လည်ရမှာပေါ့၊ လည်နိုင်မှသာ ဒီလောကမှာ ရပ်တည်နိုင်မှာလေ။ ညံ့သေးတယ် မြင့်မိုရ်ကျော်၊ သမီးကို သင့်စာရင်းမှာ ထားပေးပေမယ့် အဆင့်မမီသေးပါလား။ သူ့ဆီကနေ သင်ယူစရာတွေ အများကြီးရှိနေသေးတယ် ကျော်။ သင်ယူပါ၊ ယူတတ်ရင် အကျိုးရှိတဲ့သင်ခန်းစာတွေ များများရနိုင်ပါမယ်"

မျက်စိကို စုံမှိတ်လိုက်မိလေ၏။ သက်ပြင်းရှည်ကြီးကိုလည်း မှုတ်ထုတ်လိုက်မိပါသည်။ သင်ယူရမတဲ့။ သူ့ကို ဆရာတင်ဖို့ဆိုတာ ကျော်တစ်ခါမှမတွေးဖူးတဲ့အတွေးမျိုးပါလေ။

"အုတ်ဈေးရော ဘိလပ်မြေပါ ဈေးတက်နေပြီ"

"ဟင်!"

"လိုသလောက် မရနိုင်တော့ဘူး ကျော်၊ တခြားဆိုက်တွေ နားတောင်နားနေရပြီ"

ဘယ်လိုလုပ်မလဲ။ ဟိုတလောက အပ်လိုက်တဲ့တိုက်မှာ ကျော်သိမ်းထားတဲ့ပစ္စည်းတွေ ထုတ်သုံးဖြစ်လိုက်တာလေ။ အခုက ခြံကိုပဲ သူများနဲ့မရမက ဂရုစိုက်ပြီး လိုက်ဝယ်နေမိတာမို့ ပစ္စည်းစုဖို့အတွက် မေ့နေတာပါ။ သေစမ်း မြင့်မိုရ်ကျော်။

"သမီးမှာ အခုဆောက်မယ့်တိုက်အတွက် ပစ္စည်းအဆင်



www.burmeseclassic.com

www.burmeseclassic.com


သင့်ရှိပြီလား"

"ဟင့်အင်း"

"အဲဒါပဲ၊ လာဘ်မှမမြင်တတ်ဘဲ၊ ဒီပုံနဲ့ ဒီလုပ်ငန်းကို ဘယ်လိုရှေ့ဆက်နိုင်မှာလဲ ကျော်။ ဖေဖေလုပ်နေတဲ့ကုမ္ပဏီက သမီးလုပ်ငန်းနဲ့ဘာမှမသက်ဆိုင်တာ သမီးသိတယ်နော်"

"ဟုတ်"

"အေး. . . အဲဒီလိုအပ်တဲ့ပစ္စည်းအားလုံးကို လွန်ခဲ့တဲ့ သုံးလကတည်းက လေလံဆွဲပြီး သိမ်းထားနိုင်တဲ့သူ တစ်ဦးပဲ ရှိတယ်"

"ဘယ်သူလဲ"

"ဘုန်းထက်မာန်"

ကျစ်! ကျော့်မျက်နှာ ရှုံ့တွသွားရပြန်ပါ၏။ ထိပ်တိုက် တိုးနေပြန်ပါရောလား။ ဘယ်လိုဖြစ်ပြီး ဒင်းက ကြံရည်ဖန်ရည် အပြည့်ရှိနေရတာပါလိမ့်။ ကျော်က အိမ်တွင်း Decreation ဆင်ရတာကို ပိုစိတ်တိုင်းကျသူမို့ အဲဒီ Assesary ပစ္စည်းတွေသာ လက်ထဲမှာ အများကြီးရှိနေတာပါလေ။

"သူ့ဆီက ဘယ်လိုပြန်ဝယ်လို့ရမှာတဲ့လဲ"

"ဖြတ်ထိုးဉာဏ်နဲ့ လွှာသုံးပါ ကျော်၊ သူကတော့ အကျိုးအမြတ်မရှိရင် ဘာမှမလုပ်တဲ့လူပဲ။ ဒါကို သမီးသိထား။ သူနဲ့ သင့်မြတ်အောင်ပေါင်းနိုင်ရင်တော့ သမီးအတွက် အကျိုးရှိကောင်း ရှိနိုင်တယ်လေ"

"ကျော်က"

"သမီးက မိန်းကလေးဆိုတော့ ဒီနေရာမှာ ကောင်းကောင်းအသုံးချနိုင်မှာပါ"

အား. . . မိန်းမမာယာ သဲကိုးဖြာဆိုတာကို သုံးစေချင်လို့လား။ မဖြစ်ဘူးဖေဖေရေ့၊ ဒင်းရှေ့မှာသာ ကျော် ညှိုမြလုပ်ပြမိရင် ဒင်းက အထင်တသေးနဲ့ကြည့်ပြီး လှောင်မှာအသေအချာ။ မဖြစ်သေးပါဘူး။ တခြားမြေတွေက အိမ်ဟောင်းတွေဖျက်ပြီးမှ အသစ်ဆပ်ဆောက်ရမှာမို့ ဒီခြံကွက်ကို မြန်မြန်ရှင်းနိုင်မှပါပဲ။

"မမ. . . ဧည့်သည်"

"ဘယ်က ဧည့်သည်လဲ"

ရုံးခန်းတံခါးနားမှာရပ်ပြီး ပြောနေသည့်စိမ့်စိမ့်ကို လှမ်းကြည့်လိုက်စဉ် တံခါးက ဖျတ်ခနဲဟကာ မျက်နှာလေးတစ်ခု ပေါ်လာလေ၏။ ပြီးနောက် အပြစ်ကင်းစင်လွန်းသည့် ချစ်စဖွယ် အပြုံးတစ်ခု။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော်. . . လာလေ"

ချာတိတ်က လွယ်အိတ်လေး စလွယ်သိုင်းလွယ်လျက် ရုံးခန်းထဲဝင်လာလေ၏။ ဝတ်ထားသည့် Jeans က အရောင်ဖျော့နေပေမယ့် အပေါ်မှ ရှပ်အပြာနုလေး တွဲဝတ်ထားတာမို့ သူ့နှင့်အတော်လေးကြည့်ကောင်းနေပါသည်။

ကျော်သဘောအကျဆုံးကတော့ ယောကျ်ားလေးဖြစ်ပြီး(ကလေးပိစိလေးတွေလို) ပျော့ပြောင်းသည့်ဆံနွယ်ညိုကို ခပ်တိုတိုလေး သေသပ်စွာ ညှပ်ထားလို့ပါပဲ။

"ထိုင်. . . ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ"

"မမပဲ ရုံးချိန်အတွင်း လာဆို"

"ဟုတ်ပါပြီ၊ စိမ့်ရေ ညသည့်အတွက် ကော်ဖီဖြစ်ဖြစ်"

"ကျွန်တော်မသောက်တော့ဘူးနော်၊ မမနဲ့တွေ့ဖို့လာခဲ့တာ။ ကော်ဖီသောက်ဖို့မဟုတ်ဘူး"

ကဲ! ဘယ်လောက်အလိုက်သိတတ်တဲ့ကလေးပါလဲ။ စိမ့်စိမ့်က ကျော့်ဧည့်သည်ရှိတာကို အေးအေးဆေးဆေးစကားပြောရန် ရှောင်ပြီး အခန်းအပြင်သို့ထွက်သွားလေပြီ။

"လာရင်းကိစ္စက"

"အလုပ်ပေးမှာဆို"





မျက်တောင်းခဲလိုက်မိပါ၏။ ကျောင်းနေရမယ့်အရွယ်က ဘာလုပ်မှာတဲ့လဲ။ ကျော့်တုန်းကလိုပဲ D ငါးလုံးပါတဲ့ကလေးကို MC ဖြစ်ဖြစ် Y.I.T ဖြစ်ဖြစ် ပြီးမြောက်အောင်မြင်အောင် တက်စေချင်တာပါလေ။

"ရှင်လေးက အသက်လည်းမပြည့်သေးဘဲနဲ့ ဘာလုပ်တတ်လို့တုန်း။ ရှင်ရထားတဲ့ D က 'မ'ကုမ္ပဏီမှာ ပြုတ်စားလို့ရတာမှမဟုတ်ဘဲ"

"ဘာခိုင်းခိုင်းလုပ်မှာပေါ့ မမရဲ့။ တံမြက်စည်းလှဲ သန့်ရှင်းရေးလုပ် အိမ်သာဆေးဆိုလည်း မညည်းမညူလုပ်မှာပါဗျ"

"အမယ်လေးနော်၊ အဲဒီအောက်ခြေသိမ်းအလုပ်မျိုး မခိုင်းရက်ပါဘူး။ Cleaning staff တွေက ရှိပြီးသားပါ နန္ဒရဲ့"

ကောင်လေးမျက်နှာ အနည်းငယ်ညှိုးသွားပါ၏။ ဟုတ်တယ်လေ၊ ကျော်တောင်မှ ဒီအရွယ်ထိ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေခဲ့ရတာမဟုတ်လား။ ကျောင်းကိုလည်း အေးအေးဆေးဆေးပဲ တက်ခဲ့ရတာပါလေ။ အခုမှ စီးပွားရေးလုပ်ရတာမို့ မျက်စိပြူးပြဲဖွင့်ပြီး ရှာနေရတာပါ။

ဒီအရွယ်တုန်းက ခေါင်းထဲမှာ စာတွေပဲရှိတာမို့ ပူပန်စိတ်က တစ်မှုန်လေးတောင်မရှိခဲ့ပါချေ။ အခုတော့ ကျော့်ရှေ့က



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်က အမေဖြစ်သူကိုသနားပြီး အလုပ်လုပ်မတဲ့လေ။

"မမအိမ်မှာ မာလီအလုပ်ရော လုပ်လို့မရဘူးလား"

ကျော် တဟင်းဟင်းရယ်မိချေပြီ။ ဒီအသားဖြူဖြူ ပိန်ပါးပါးလူ့ဖလံလေးက မာလီအလုပ်မျိုးလုပ်မတဲ့လေ။ ပေါက်တူးတောင်မှ ဖြောင့်အောင်ပေါက်တတ်ပါရဲ့လား။

" 'မ'အိမ်မှာ မာလီရော ထမင်းချက်ပါ ရှိပြီးသားကွ"

"ဒါဆို ဘာလုပ်ရမှာလဲ၊ မမပြောတော့ အကူအညီလိုရင် လာဆို"

နှုတ်ခမ်းစူသလိုဖြစ်သွားသည့်ချာတိတ်ကို ကြည့်ရင်း ပြုံးလိုက်မိပါ၏။ ငယ်သူ့ရဲ့စိတ်မို့ ကောက်ချိတ်ပဲမဟုတ်ပါလား။

"ရှင်လေးမေမေက အလုပ်လုပ်ဖို့ခွင့်ပြုလို့လား"

"အဲဒါတော့ မဟုတ်ဘူးပေါ့၊ ကျွန်တော့်ကိုက အလုပ်လုပ်ချင်တာ"

"အမေ့ဆန္ဒမပါဘဲ ခွင့်ပြုချက်မရဘဲ လုပ်ရင် ဘယ်ဖြစ်ပါ့မလဲ နန္ဒရဲ့"

"ကျွန်တော်လည်း ကျွန်တော့်လုပ်အားခနဲ့ မေမေ့ကိုပြုစုပြီး ပစ္စည်းဝယ်ပေးချင်တာပေါ့ မမရဲ့"

"ဘာပစ္စည်းလဲ၊ ရွှေလား"





"အင်းပေါ့၊ ဘိုးဘိုးဆုံးတုန်းက မေမေ့လက်ထဲ ငွေမရှိတာနဲ့ မေမေ့မြနားကပ်လေးကို သွားရောင်းလိုက်ရတယ်လေ။ ခုချိန်ထိ မေမေ့နားက ဟောင်းလောင်းပေါက်ပဲ ဖြစ်နေတုန်းမို့ပါ"

ကျော် မျက်ရည်ပင် ဝဲသွားရပါ၏။ မြနားကပ်တဲ့လား။ ကျော့်မေမေလည်း ကျော်ငယ်ငယ်တုန်းက အမြဲပန်ခဲ့တာ ကျောက်အစိမ်းရောင်လေးပါတဲ့ နားကပ်လေးပါလေ။ ခြောက်နှစ်အရွယ်မို့ ကျောက်တွေရွှေတွေအကြောင်း သိပ်နားမလည်သေးပေမယ့် မေမေ့ပါးကိုနမ်းတိုင်း အဲဒီနားကပ်လေးကို သဘောကျကာ မကြာခဏကိုင်ကြည့်မိခဲ့သလို ကျော့် Favourite အဖြစ်ဆုံး Colour သည်လည်း အစိမ်းရောင်ဖြစ်ခဲ့တာပါ။

" 'မ'ကတော့ နန္ဒကို ကျောင်းဆက်တက်စေချင်တယ်။ MC ဖြစ်ဖြစ် Y.I.T ဖြစ်ဖြစ်ပေါ့"

"ဘယ်သူက ထားပေးမှာလဲ"

" 'မ'ထားပေးမယ်လေ"

"ကျွန်တော် ကိုယ့်လုပ်အားခမပါဘဲနဲ့ သူများနှာခေါင်းပေါက်နဲ့ အသက်မရှူမရစေနဲ့"

ကြိုက်တယ်၊ စိတ်ဓာတ်ကတော့ Hundred Percents



www.burmeseclassic.com

www.burmeseclassic.com



ပါပဲလားနော်။ ဒါပေမဲ့ နန္ဒရယ်၊ ပညာစုံမှပဲ မင်းလုပ်ချင်တဲ့အလုပ်ကို လုပ်ပါတော့လား။ ဒါ မမစေတနာပါလေ။

"နန္ဒမေမေကလည်း နန္ဒကို ကျောင်းပဲ ဆက်တက်စေချင်မှာပဲမဟုတ်လား"

"ကျွန်တော်ပြောဖူးတယ်လေ၊ အဝေးသင်တက်မှာပါလို့"

"အို! ရထားတဲ့ D တွေ နှမြောစရာကြီး"

"မမပဲ ခုနပြုတ်စားလို့မရဘူးဆို။ သူပဲပြောပြီး အမျိုးမျိုးပဲ"

စိတ်လက်ပေါ့ပါးစွာ ရယ်ဖြစ်ကြလေ၏။ ဟုတ်တယ်၊ ဒီကောင့်လေးနဲ့စကားပြောရင် ကျော်အရမ်းစိတ်ချမ်းမြေ့တာ အမှန်ပါလေ။ ဘယ်ဘဝရေစက်နဲ့များ ဒီချာတိတ်နဲ့ အခုလို လာဆုံစည်းဖြစ်တာပါလိမ့်။ အံ့ဩဖွယ်ကောင်းလေစွ။

"ကဲပါ၊ စိတ်မဆိုးပါနဲ့။ 'မ'စဉ်းစားပေးပါ့မယ်၊ ဟုတ်ပြီလား"

"ဘာစဉ်းစားပေးမှာလဲ"

"မင်းပဲ အလုပ်ဆို"

"အင်း"





"လိပ်စာပေး"

"ဘာလိပ်စာလဲ"

"ဪ . . . မင်းကို အလုပ်ရရင် ဆက်သွယ်ရမှာပေါ့။ လိပ်စာမသိလို့ ဘယ်ဖြစ်ပါ့မလဲ"

"ကျွန်တော်တို့ရပ်ကွက်အကြောင်းလည်း မမသိရဲ့သားနဲ့ ကျွန်တော်ပဲ Phone ဆက်ပါ့မယ်ဗျ"

"လျှာရှည်လိုက်တာဟယ်၊ မင်းက အကြီးလား ငါက အကြီးလား"

"မမက အကြီး"

"အေး . . . အဲဒါဆို အကြီးပြောတာကို အငယ်က နားထောင်ရတယ် . . . ပေး"

ကျော်က Note book အသေးလေးကိုဖွင့်ပြီး ရှေ့တိုးပေးလိုက်တာမို့ ကောင်လေးက ဘောပင်ပါယူပြီး ရေးချလိုက်ပါ ပြီးမှ ကျော့်ဆီကို တရိုတသေဖြင့် ပြန်ပေးလိုက်လေသည်။ ကြည့်စမ်း! လက်ရေးလေးတွေကလည်း လှနဲ့လိုက်ဖက်အောင် သေးသေးလေးနဲ့ ဝိုင်းဝိုင်းလှလှလေး။ ကျော်တောင် လက်ရေးသော့ပြီးရေးတဲ့လူလေ။ ငါ နှင့်ကိုမနာလိုချင်တော့ဘူး နန္ဒကို။

"ပြန်ရတော့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့၊ ဘာမှလည်း မကျေးလိုက်ရဘူး"

"ရပါတယ်ဗျ၊ မမျက်နှာကိုမြင်ရရုံနဲ့ အလိုလိုဗိုက်ပြည့်သွားပါပြီ"

"အပြောက ကောင်းပေါ့၊ အဲဒါမျိုးနဲ့ပဲ အမေ့ကို ယိုင်ကျအောင် ချွဲပြတတ်တာမဟုတ်လား"

"ဒါပေါ့၊ ကျွန်တော်က မေမေ့အသည်းတုံးလေ မမရဲ့"

ကောင်လေးက ပြုံးစစပြောလိုက်ရင်း ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် မေးဆတ်ပြလိုက်လေ၏။ မေမေ့အသည်းတုံးဆိုပဲ။ ကျော်ဖြင့် ယနေ့တိုင် ဖေဖေ့ဆီက တယုတယခေါ်သံတောင် တစ်ကြိမ်တစ်ခါမှ မကြားဖူးတာလေ။ သမီးလေးဆိုပြီး ဘယ်နှခါများ တယုကယင် ရှိဖူးလို့လဲ။

'သမီး' လို့ခေါ်တာပဲ ကံကောင်း။ အများအားဖြင့် ကျော်၊ မြင့်မိုရ်ကျော်ဆိုပြီး ထည့်လဲသုံးတတ်တာပါလေ။ ကလေးတုန်းကလို 'ဖေဖေကြီးကိုချစ်တယ်' ဆိုပြီးလည်း မချွဲနွဲ့တတ်။ ဘာသိဘာသာ ခပ်စိမ်းစိမ်းနဲ့ပဲ ကြီးပြင်းခဲ့တာပါ။

ကျော်က လေ့ကလေးဖြစ်ရင် ဖေဖေကတော့ ကျော့်ကို လမ်းပြနေတဲ့ မီးပြတိုက်ကြီးပဲမဟုတ်ပါလား။

▣▣▣



# အခန်း (၆)

"ဘယ်လိုပြောလိုက်တယ်"

"တစ်ပတ်နဲ့မဖြစ်နိုင်ဘူးလို့ ပြောလိုက်တာပါ မမလေး"

"ကျစ်! မဖြစ်နိုင်ဘူးဆိုတဲ့စကား ကျော့်ကိုလာမပြောနဲ့။ ကျော့်အဘိဓာန်မှာ မဖြစ်နိုင်တာမရှိဘူး၊ မဖြစ်သေးတာပဲ ရှိတယ် ဦးမြမောင်ရဲ့"

"ဘယ်လိုမှမဖြစ်ဘူး မမလေးရဲ့၊ အပင်တွေလှဲပြီးရင် အမြစ်တွေက တူးထုတ်ရဦးမှာ။ ဘယ်လိုမှမဖြစ်နိုင်ဘူး"

ဒါတော့ ပြောမှလား။ ကျော်လည်းသိတာပဲလေ။ ဒီဘက်ခြံမှာ ခွေးတလုံးလုံးနဲ့ အပင်တွေခုတ် ခြံရှင်းနေတုန်းရှိသေး၊ ဟိုဘက်ခြံမှာ Foundation ချပြီးလို့ သံတိုင်တွေပင် ထူနေပြီ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ပန်းရံသမားတွေ စကားလေးတပြောပြော လေကလေး တချွန်ချွန်နဲ့ အေးအေးဆေးဆေးလုပ်နေသလောက် ကျော်တို့ဘက်မှာတော့ ဆူညံနေပြီး တပင်တပန်းလုပ်နေရတာကိုး။

နေဦး. . . အဲဒီခြံကို ကျော်တာကြောင့်မမြင်မိတာပါလို့။ ဟုတ်သားပဲ၊ အစက ဒီနှစ်ခြံကို ဝါးရုံပင်တန်းကြီးက ကာခြားထားတာ။ အခုတော့ တစ်ဖက်ခြံက ဝါးပင်တွေခုတ်ရှင်းပြီးသလို တိုက်တောင် ဆောက်နေတာပါလေ။

"တောက်!"

တင်းတယ်နော်. . . တင်းတယ်။ ဒင်းက အကွက်ကျော်မြင်ပြီး ကြိုလုပ်နေတာမဟုတ်လား။ ရေတွင်းအရင်တူးပြီး ရေနောက်ပဲ သောက်နိုင်တဲ့။ ကျော့်ကို စော်စော်ကားကားပြောထားတာပါလေ။ ဒင်းကိုစိတ်ခုနေတာနဲ့ပဲ ကျော့်အလုပ်သမားတွေကို ဖိဟောက်မိနေသလိုပါပဲလား။

ဒီကြားထဲ အလုပ်စလုပ်ရင် ကျော့်မှာ ပစ္စည်းကလည်း မလောက်။ လက်ထဲရှိနေသည့်ဘီလပ်မြေက အိတ်တစ်ရာတောင် မပြည့်တာလေ။ ဘယ်လိုလုပ်ရမလဲ။ ဖေဖေပြောသလို ဒင်းကို အကူအညီတောင်းရမှာလား။ မဖြစ်ဘူးနော်. . . မဖြစ်ဘူး။ ဒင်းကို ပြုံးပြရမယ့်အစား ကျားမြီးသာ ပြေးဆွဲလိုက်ချင်ပါရဲ့။

"မြင့်မိုရ်ကျော်"

"အမယ်လေး!"

ကျော်ရပ်နေသည့်နောက်နားမှ ကပ်ခေါ်လိုက်တာမို့ ရုတ်တရက် လန့်သွားရလေ၏။ ဟုတ်သားပဲ၊ ခြံစည်းရိုးနား ရပ်မိမှတော့ သူတို့ဘက်က အလွယ်တကူလှမ်းမြင်နိုင်တာလေ။ သူ့ကို တွေးမိနေတုန်း ရောက်လာတာမို့ ကျားဆိုမှကျားလို ပုန်းပြီးချောင်းတဲ့ကျားအစစ်ပဲ ဘုန်းထက်မာန်ရေ။

"ဘာတွေတွေးနေလို့ လန့်သွားရတာလဲ"

ကြည့်စမ်း! ကျော် တွေးမိတာကိုလည်း သိလိုက်တာပဲလား။ အမြင်ကပ်လိုက်တာနော်။ ကျားမြီးပဲပြေးဆွဲချင်လိုက်ပါတယ်ဆိုနေမှ။ သူနဲ့လည်း မရင်းနှီးပါဘဲ လူကိုရင်းနှီးစွာ ပြုံးပြပြီး သံဆူးကြိုးကာထားတဲ့နေရာတစ်ဖက်မှ လှမ်းပြောနေတာလေ။

"ဟောဗျာ! လူကိုမြင်တာနဲ့ မျက်စောင်းက အရင်ခဲတာပဲလား။ ဘာလဲ. . . ကိုယ့်ကို တော်တော်အမြင်ကပ်လို့လား"

"ဟုတ်တယ်"

"ဘာလို့လဲ၊ ကိုယ်က ဘာလုပ်နေလို့လဲ မြင့်မိုရ်ကျော်ရဲ့"

"ရှင့်ဘာသာရှင် အသိဆုံးဖြစ်မှာပေါ့၊ မေးစရာလိုသို့





www.burmeseclassic.com

www.burmeseclassic.com

လား''

''ဩော်. . . ဒီဘက်ခြံကို ရလိုက်လို့လား၊ ကိုယ်ဝယ်တုန်းကလည်း မြက်ရိုင်းတွေ ရှင်းရတာပဲလေ၊ ချဉ်ပေါင်တွေရော ဆူးပင်တွေရော အတော့်ကိုရှင်းလိုက်ရတာ''

တွေ့လား! ဘယ်လောက်အမြင်ကပ်စရာကောင်းလိုက်သလဲ။ အဲဒီအပင်အစုတ်ပလုတ်လေးတွေ ရှင်းရတာ ဘာများပင်ပန်းလို့တုန်း။ ဈေးကလည်း ပေါချောင်ကောင်းနဲ့ရလိုက်တာ။ သူ့ခြံက ကျော်ဝယ်တဲ့ခြံလောက် မကျယ်ပေမယ့် အခုဆိုရင် အိမ်စဆောက်နေပြီမို့ အမြန်ပြီးပြီး အချိန်ကုန်တာလည်း သက်သာရတော့မှာလေ။

ကျော့်မှာသာ ခြံထဲက ပိန္နဲပင် သရက်ပင် အုန်းပင် ကျွဲကောပင် စတဲ့အပင်ကြီးတွေကို အချိန်ကုန်လူပင်ပန်းပြီး ခုတ်ရှင်းနေရတာလေ။ သိတယ်. . . သိတယ်၊ လျှာဖျားလေးနဲ့ ဒင်း ကျော့်ကိုလှောင်မယ်ဆိုတာလေ။

''နမျောစရာကြီးနော်၊ အပင်တစ်ပင်ဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ ဒါကြောင့်လည်း 'နိုင်ငံအဝှမ်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်' လို့ နှိုးဆော်ထားတာပေါ့''

''ရှင်နော်''





ကြည့်! လူကိုများ သစ်တောပြုန်းတီးအောင်လုပ်တဲ့ အဖျက်သမားခေါင်းဆောင်လို့ မြင်နေသလား။ တစ်ဖက်သားကို စိတ်ကသိကအောင့်ဖြစ်အောင်လုပ်တဲ့နေရာမှာတော့ Number One ပါလေ။

''ခြံရှင်သာမြင်လို့ကတော့ ရင်ကျိုးရှာမှာ။ သူ့ခမျာ ဒီက ထွက်တဲ့သစ်သီးတွေနဲ့ တစ်နှစ်ကို သိန်းငါးဆယ်ကျော်ရတာတဲ့။ မောင်နှမတွေ အမွေခွဲရမှာမို့သာ ရောင်းလိုက်တာ၊ နမျောပြီး လက်မှတ်ထိုးတုန်းက မျက်ရည်တောင် ကျတယ်ဆို''

''ဦးဘုန်းထက်မာန်! ရှင့်ပါးစပ်ကို ပိတ်ထားနော်၊ လူ သတ်မိတော့မယ်''

ကျော့်အသံ ကျယ်သွားတာမို့ အလုပ်သမားတွေ လှမ်းကြည့်လိုက်ကြလေ၏။ ဒင်းကတော့ လက်ပိုက်ပြီး ထုံးစံအတိုင်း ခပ်အေးအေးပါပဲ၊ ကျော်ပြောတာကို မကြောက်သည့်ပုံစံဖြင့် ပခုံးပင် တွန့်ပြလိုက်သေးတာပါလေ။

''ကိုယ်ပြောတာ မမှန်လို့လား''

''မှန်မှန်မမှန်မှန် ရှင့်အပူမပါဘူးလို့ ပြောတာလေ''

''ရော်. . . ခက်ပါလား မြင့်မိုရ်ကျော်ရယ်၊ ကိုယ်က မင်းတိုက်စဆောက်ရင် အဆင်ပြေအောင်လို့ ဆောက်လုပ်ရေးပစ္စည်း


www.burmeseclassic.com

www.burmeseclassic.com



တွေ ဝေငှပေးချင်လို့ ရင်းနှီးအောင်ပြောနေရတာပါ။ စေတနာကို မြင်တတ်စေချင်ပါရဲ့"

"မလိုပါဘူး"

ဘာလဲ၊ ဆောက်လုပ်ရေးပစ္စည်းတွေ ဝေငှပေးချင်လို့ စေတနာနဲ့ ရင်းနှီးအောင်တဲ့။ ဖြစ်နိုင်ပါ့မလား။ စီးပွားရေးသမား မှန်ရင် ကိုယ့်အတွက် အကျိုးအမြတ်မရှိဘဲနဲ့ ဘာမှမလုပ်တတ်ကြတာလေ။ ဒါ ငါးမျှားချိတ်ချတာပဲလား ဦးဘုန်းထက်မာန်။

"ဩော်ဩော်. . . ဒါဖြင့် အဲဒါတွေ မင်းမှာရှိတယ်ဆိုပါတော့၊ ဟုတ်သားပဲ၊ မင်းက သူများတွေထက်ပိုပြီး လာဘ်မြင်တဲ့သူပဲဟာ၊ ကိုယ်စိုးရိမ်မိတာ အပိုပဲပေါ့"

ဒါက ရွဲ့ပြောတာပေါ့လေ။ ငါနော်. . . စိတ်ရှိလက်ရှိနဲ့သာ ထုရိုက်ပစ်ရရင် ဒင်းတော့ တစ်စစီဖြစ်တော့မှာပဲ၊ ကျော်က ခုထိ Drawing ဆွဲနေတုန်း မပြီးသေးပါလေ။ စိတ်ပူတတ်တာမို့ ခြံကိုအမြန်ရှင်းခိုင်းတုန်းပါပဲ။ သူတို့ဘက်ကတော့ စဆောက်နေပြီမို့ ပိုပြီးစိတ်တိုရတာပါလေ။

ဒုက္ခပဲ! ကျော်တော့ မနာလို မစ္ဆရိယစိတ်တွေနဲ့ တစ်ကိုယ်လုံး လောင်ကျွမ်းပြာကျတော့မှာပဲ။ အဲဒါ ဒင်းကြောင့်ဖြစ်တာလေ။ ဒင်းကြောင့်။



"ဟောကြည့်! ဒီမျက်စေ့[illegible]က နေရင်းထိုင်ရင်း ထိုးပြန်ပြီ။ ဘာဖြစ်လို့လဲ၊ မင်းမျက်စောင်းထိုးတိုင်းသာ ကိုယ့်ရင်ကိုလာစိုက်ရင် ဘယ်နှခါများ သေရမလဲ မြင့်မိုရ်ကျော်"

"ကျစ်!. . . ရှင် သောကြာသားလား"

"ဘယ်လို"

"စကားများလွန်းလို့လေ"

"ဘာလဲ၊ နေ့နာမ်ကိုက်မကိုက် တိုက်ချင်လို့လား၊ ရပါတယ် မြင့်မိုရ်ကျော်ရဲ့"

"ဘာရှင့်"

ကျော့်မျက်နှာ နီသွားရပါ၏။ လူကို ဘယ်လိုများထင်ရတာလဲ။ တော်ရုံမရှက်တတ်ပေမယ့် သူကဖြင့် ကျော့်ကို ပြုံးစစနောက်နေတာမို့ အနည်းငယ်မျှရှက်သွားမိတာပါလေ။

'ကိုယ့်မာမီကို မေးကြည့်လေ၊ အဲဒါမှအတိအကျသိရမှာ"

"ဦးဘုန်းထက်မာန်!"

"ဗျာဗျ. . . ခေါ်လို့သိပ်ကောင်းတာနဲ့ သိပ်မခေါ်ပါနဲ့ မြင့်မိုရ်ကျော်ရဲ့။ အလုပ်သမားတွေ ရိပ်မိကုန်လိမ့်မယ်"

"ကဲ!"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ!"

ခြေထောက်[illegible]မှာရှိနေသည့် အုတ်ခဲကျိုးဖြင့် ကောက်ကာ လှမ်းပစ်လိုက်မိလေ၏။ အလုပ်သမားတွေရဲ့ အာမေဋိတ်သံထွက်သွားပေမယ့် သူက မတုန်မလှုပ်ဖြင့်ရပ်ပြီး မရှောင်တာမို့ ခဲကျိုးက သူ့နဖူးနားဘေးမှဖြတ်ကာ သွေးတွေဖြာခနဲထွက်လာလေတော့၏။

"ကွဲသွားပြီ. . . ကွဲသွားပြီ"

"သူဌေးလေး"

ကျော်ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိ၏။ သူ့အလုပ်သမားတွေက သူ့ဘေးနားကို အပြေးအလွှားရောက်လာကြတာကို။ ကျော်သာ အဲဒီလိုဖြစ်ရင် ကျော့်အလုပ်သမားတွေက ကျော့်နားကို ရောက်လာကြပါ့မလား။

"ဟာ! ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ။ မတော်လို့မျက်စိထိသွားရင် ဘဝဆုံးတော့မှာ သိရဲ့လား"

"အေးလေ. . . ကြားထားတဲ့သတင်းက မှန်လိုက်တာ။ အတော်မောက်မာတဲ့မိန်းမ"

"တော်ပါတော့၊ မပြောကြပါနဲ့"

"ဆေးခန်းလိုက်ပို့ပေးရမလား သူဌေးလေး"





"နေပါစေ၊ ကိုထွန်းတို့လုပ်တာမှမဟုတ်တဲ့ဟာ၊ လုပ်တဲ့သူပဲ ပို့ပေးရမှာပေါ့"

"ဘာလို့ပို့ပေးရမှာလဲ၊ မပို့နိုင်ပါဘူး"

"ခင်ဗျားမပို့ရင် တရားစွဲမှာနော်"

"ဘာရှင့်"

"ကဲ! တော်ပါတော့ ကိုထွန်းရယ်၊ ကျွန်တော့်ကိစ္စ ကျွန်တော်ပဲ ရှင်းပါ့မယ်၊ နေပါစေဗျာ"

"မမလေး၊ လိုက်ပို့လိုက်ပါဗျာ၊ မကောင်းပါဘူး"

ကျော့်ဘေးနားရောက်လာပြီး ပြောလိုက်သည့်ဦးမြမောင်ကြောင့် စိတ်တိုစွာဖြင့် သူ့ကိုကြည့်လိုက်မိ၏။ အင်္ကျီဖြူပေါ်သို့ သွေးတွေစီးကျလာတာမို့ ခေါင်းပင်မူးနောက်လာသလို အသက်ရှူရတာပင် မှားတော့မလိုပါလေ၏

"ခြံဝထွက်ခဲ့"

အသံမတုန်အောင်ပြောကာ လှည့်ထွက်ခဲ့ပါသည်။ ကားကို back ဆုတ်ကာ သူ့ခြံဝသို့ရောက်လာစဉ် သူက ရှေ့ခန်းတံခါးကိုဖွင့်ကာ တက်ထိုင်လိုက်လေ၏။ သွေးက အတော်လေးထွက်နေပြီမို့ ကျော့်အင်္ကျီအိတ်ကပ်ထဲ ဆောင်ထားသည့် (ပန်းရောင်နုမွှေးမွှေး ယောကျ်ားကိုင်) လက်ကိုင်ပဝါကိုထုတ်ကာ ရှည်ပေး


www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။

"နေပါစေ၊ ရပါတယ်"

"ဒီလောက်သွေးတွေ ထွက်နေတာကို"

သူ့နဖူးအနာကို ကပ်လိုက်တာမို့ သူက လက်ကိုင်ပဝါကို ဖိကိုင်လိုက်စဉ် ကျော့်လက်ကိုဆုပ်ကိုင်လိုက်သလိုဖြစ်သွားသဖြင့် လက်ကိုအမြန်ရုတ်လိုက်ရလေ၏။ 'ဘယ်သူမပြု မိမိမှု'တဲ့၊ ကျော်တော့ လက်လွတ်စပယ်လုပ်မိတဲ့အပြစ်ကြောင့် အလုပ်ရှုပ်ရတော့မှာလေ။

"ညာဘက်ကိုချိုးလိုက်နော်၊ အဲဒီမှာ (၂၄)နာရီဖွင့်တဲ့ ဆေးခန်းရှိတယ်"

သိလိုက်တာပဲလား။ ကျော်ဖြင့် ဒီခြံကို စိတ်ပူပြီး လိုက်ဝယ်နေရတာမို့ ပတ်ဝန်းကျင်ကို တစ်ကြိမ်မှမလှေ့လာကြည့်မိတာလေ။ အဲဒါပေါ့ ဘုန်းထက်မာန်ကိုဆရာတင်ဖို့ ကျော့်ကို ဖေဖေပြောသေးတာပါပဲ။

"ကျွတ်! ကျွတ်!. . ."

'ရှောင်လို့ရရဲ့သားနဲ့ ဘာလို့မရှောင်လဲ"

"ကိုယ်လည်း မင်းဒီလိုလုပ်မယ်လို့မှထင်မထားတာကိုး မြင့်မိုရ်ကျော်ရဲ့၊ တကယ့်ကလေးပဲ"





"ဘာကလေးလဲ၊ ကျော့်အသက် (၂၂)နှစ်ကျော်နေပြီရှင့်။ သိရဲ့လား"

'ဟုတ်လို့လား။ မင်းလုပ်ပုံက မကျေနပ်လို့ ခဲနဲ့ကောက်ထုတဲ့ချာတိတ်ပုံစံပဲလေ။ ရှေ့နောက် ဘာမှမစဉ်းစားဘဲ လုပ်တာကိုး"

"ရှင်က မခံချင်အောင် လိုက်ဆွနေတာလေ၊ မပြောလိုက်ချင်ဘူး"

"ရောက်ပြီ. . . ရပ်တော့။ ကျော်တော့မှာပဲ"

တကယ်ပင် အထူးကုဆေးခန်းကို အနည်းငယ်ကျော်တက်သွားတာမို့ Platform ဘေးကပ်ကာ back ပြန်ဆုတ်လိုက်ရလေ၏။ ဆေးခန်းထဲဝင်ကာ စာရင်းပေးတော့ နာမည် ဘယ်သူ အသက်ဘယ်လောက်ဆိုတာကို သူ့ကိုတစ်ခုချင်းမေးတာမို့ စာရေးမလေးကတွေက ပြုံးစိစိဖြင့် ကြည့်ကြလေသည်။

ကြည့်စမ်း! ကျော့်ထက် သူ (၉)နှစ်ကြီးများတောင် ကြီးနေတာလေ။ ဒါကြောင့် လူကိုချာတိတ်လေးဆိုပြီး ဖိနှိပ်ပြောချင်နေတာကိုး။ သွေးထွက်လှနာမို့ အရေးကြီးတယ်ဆိုပြီး သူ့ကိုဦးစားပေးကာ အရင်ဝင်ခိုင်းတော့ ကြောင်ပြီးရပ်နေသည့် ကျော့်သက်ကောက်ဝတ်ကို ဖျပ်ခနဲဆွဲခေါ်လိုက်တာမို့ လူက ယိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ရှိနေသည့်အခန်းကို ပါခဲ့လေ၏။

"ဟောဗျာ. . . ဘယ်လိုဖြစ်ရတာလဲ"

"ချော်လဲလို့ပါ ဒေါက်တာ"

"မကြီးမငယ်နဲ့ ပြပါဦး ကြည့်ရအောင်။ ချော်လဲတာတော့ မဖြစ်နိုင်ဘူး။ ဒဏ်ရာက ကြီးတော့ တစ်ခုခုနဲ့ထိတာပဲ။ ချုပ်ရမယ်"

"ဟင်! အမာရွတ်ကြီး ကျန်ခဲ့မှာပေါ့"

"နည်းနည်းတော့ ကျန်မှာပေါ့သမီးရဲ့၊ ဘာလဲ, စိုးရိမ်လို့လား။ လူနာက တော်တော်၊ လူနာရှင်က မျက်စိမျက်နှာကို ပျက်လို့။ ထုံဆေးပေးရမလား"

"ရပါတယ် ဒေါက်တာ"

"OK! ယောက်ျားဆိုတာ ဒီလိုသတ္တိရှိမှပေါ့။ ကဲ! စရအောင်"

အရက်ပျံဆွတ် Dressing လုပ်ပေးပြီး အပ်ကွေးကွေးပိစိလေးဖြင့် ချုပ်ရန်ပြင်ဆင်စဉ် ကျော်မကြည့်ရဲတာမို့ ရှောင်ရန်ပြင်လိုက်ပါသည်။ သူက ကျော့်လက်မောင်းကို ဖျတ်ခနဲဆုပ်ကိုင်လိုက်ပြီး အားဖြင့်ညှစ်လိုက်တာမို့ ငြိမ်ကာရပ်နေလိုက်ရလေ၏။

သူတစ်ပါးကို သွေးထွက်သံယိုဖြစ်အောင် တစ်ခါမှမလုပ်





ခဲ့ဖူးတာ မို့ ဖေဖေဆူမှာထက် သူနာကျင်တာကို ကျိတ်ခံနေမှန်းသိတာမို့ ကိုယ်ချင်းစာစိတ်ဖြင့် မျက်ရည်က ပေါက်ခနဲကျသွားလေသည်။

မြင့်မိုရ်ကျော်ရဲ့ ဦးဆုံးမျက်ရည်စက်ပါလေ။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

ကျော့်အရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည့် ဖေဖေ့ခြေထောက်ကို ငုံ့ကြည့်နေရင်း မျက်လွှာကိုချထားမိပါ၏။ ဖေဖေမသိအောင် ဘာကိုမှဖုံးကွယ်မထားတတ်တဲ့သမီးပါ။ သို့သော် ညတုန်းက ဘာမှမပြောဘဲ ငြိမ်ကုပ်နေမိပါလျက် မိုးလင်းဘာနဲ့ ဘယ်ကနေဘယ်လို ဖေဖေ့နား သတင်းပေါက်ကြားပြီး ကျော့်ကို ခေါ်ဆူတော့တာလေ။

]]cu fw , f . . ခက်တယ်၊ သမီးကို စိတ်မာမာထားတတ်အောင် သင်ပေးထားတာ ဒီလိုမျိုးလုပ်ဖို့ပြောတာမှမဟုတ်ဘာ မြင့်မိုရ်ကျော့်ရဲ့''

''ကျော့်လည်း မရည်ရွယ်ဘဲ လုပ်လိုက်မိတာပါဖေဖေ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်! အခုဆို ဒီသတင်း အတော့်ကိုပျံ့နေလောက်ပြီ ဦးသီးတော့ စိတ်ကြမ်းလူကြမ်း မိန်းမကြမ်းဆိုပြီး နာမည်ကြီး တော့မှာပဲ။ မဟုတ်တဲ့နေရာမှာ နာမည်ထွက်တာ ဘာလုပ်မှာလဲ။ ဝိ Member တွေရှေ့ ဘာပြောရမှန်းမသိ။ သူ့မိဘတွေကို မျက်နှာပူလိုက်တာနော်။ သားသမီးမကောင်း မိဘခေါင်းတဲ့ မြင့်မိုရ်ကျော်ရဲ့။ ကိုယ့်အဆင့်ကို အောက်ချပြလိုက်ရတယ်လို့"

"ကျော်လည်း ဘယ်ဖြစ်ချင်ပါ့မလဲ၊ သူက လူကိုဒေါသ ဖြစ်အောင် စတာကိုး"

"ဘယ်သူက"

"ဘယ်သူရှိမလဲ၊ ဘုန်းထက်မာန်ပေါ့"

"ကြည့်စမ်း! နာမည်ကို ဒီလိုပဲခေါ်တယ်ပေါ့လေ။ ငါ့ သမီး ရိုင်းလှချည်လား"

"အာ. . . ဖေဖေကလည်း"

"ဘာဖေဖေကလည်းလဲ၊ သူ့လိုခပ်တည်တည်တဲ့တဲ့နေ တဲ့လူက နင့်ကိုရင်းရင်းနှီးနှီးစနောက်မှာတဲ့လား။ မယုံဘူး။ ကလေး သွားပြောတောင် ယုံမှာမဟုတ်တဲ့ဟာ"

"ကျော် အမှန်ပြောတာကို"

"ဘာအမှန်လဲ၊ နင်မမှန်လို့ အခုလိုတွေဖြစ်ကုန်တာပေါ့၊





ဟိုကသာ တရားစွဲရင် အရှက်လုံးလုံးကွဲပြီး ဒီလောကမှာ ခေါင်း မဖော်ရဲဘဲ ကိုယ့်ကိုယ်ကို သတ်သေဖို့ပဲရှိတော့တယ်၊ တောက်!"

ငိုမဲ့မဲ့ဖြစ်လာရချေပြီ။ အရင်ကဆို အလုပ်ကိစ္စအတွက် သာ ပြောတာမို့ ဘာမှမဖြစ်ပေမယ့် အခုကတော့ သူ့အတွက် ဒဏ်ရာကို မျက်မြင်ကိုယ်တွေ့ဖြစ်ပြီး အာရုံထဲမှာ ခုချိန်ထိမြင်နေ ရတာပါလေ။

"မျက်လုံးထိသွားရင် လူစဉ်မမီဘဲ လူဖြစ်ရှုံးတော့မှာကို မသိဘူးလား"

"ကျော်လည်း ဒေါသဖြစ်ဖြစ်နဲ့ လုပ်မိလုပ်ရာလုပ်တာ လို့ ပြောတယ်လေ"

"မိန်းကလေးဖြစ်ပြီး ဘာလို့ ဒေါသခဏခဏဖြစ်ရတာ တုန်း"

"ကျော်က ဖေဖေ့သမီးပဲဟာ"

"ဘာ! ငါ. . . တယ်လေ"

"သူ့ကိုတောင်းပန်ရင် ပြီးရောမဟုတ်လား ဖေဖေရ"

"ရမလား၊ သူ့မိဘတွေကိုပါ တောင်းပန်ရမှာပေါ့"

"ဟင်! ကျော်က သူနဲ့ပြဿနာဖြစ်တာပဲဟာ။ သူ့မိဘ တွေကို ဘာကိစ္စနဲ့တောင်းပန်ရမှာလဲ။ မတောင်းပန်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

''ဟိုက ခုချိန်ထိ မိဘအုပ်ထိန်းမှုအောက်မှာ ရှိတဲ့သား လေး ပေါက်လွှတ်ပဲစား မိဘမဲ့မှမဟုတ်တာ။ မိဘတွေကိုပါ ဆောင်းပန်ရမှာပေါ့။ နင့်ကိစ္စနင်ပြတ်အောင် ရှင်း၊ ဒါပဲ။ နောက် ကို အဲဒီလိုမျိုး လက်လွှတ်စပယ် ပြဿနာရှာလာရင် အိမ်ကိုပြန် မလာနဲ့. . . တောက်!''

ကြည့်စမ်း! ဒါလား သမီးမိန်းကလေးကိုပြောတဲ့ ဆုံးမ စကား။ ပြဿနာရှာလာရင် အိမ်ပြန်မလာနဲ့တဲ့လေ။ အဲဒါဆိုရင် ကျော်က ဘယ်မှာသွားအိပ်ရမှာလဲ။ ဘယ်လိုအဖေမျိုးလဲမသိ။ ကျော့်ကို မိန်းကလေးဆိုပြီး နည်းနည်းလေးမှ မံစိုးရိမ်တတ်တာ လေ။

ငါနော်! ရှူးရှူးမိုက်မိုက် ဆယ်ကျော်သက်အရွယ်လောက် သာဆို ယောကျ်ားနောက် လိုက်ပြေးမှ ကွယ်ရာမှာ မျက်ရည်ကျိတ် မသုတ်လေနဲ့ ဖေဖေဦးမြင့်မိုရ်ရေ့။

''မသွားသေးဘူးလား''

''ဟင်! ဘယ်ကိုသွားရမှာလဲ''

''နင်တော့နော်၊ ဘုန်းထက်မာန်တို့အိမ်ကို သွားရမှာ ပေါ့။ ဒီအတိုင်း ခြေချည်းလက်ချည်းသွားမယ်မပြင်လေနဲ့။ နည်း နည်းပါးပါး ဝယ်ခြမ်းပြီးမှသွား''





''အာ. . . အဲဒီလို ကပ်ဖားယပ်ဖားအလုပ်မျိုး ကျော်မှ မလုပ်တတ်တဲ့ဟာ''

''လုပ်သင့်လို့ လုပ်ခိုင်းနေတာပေါ့ မိကျော်ရဲ့။ နင့်ကို ယောကျ်ားမတွေ့တွေ့ရေ့ အတင်းပို့နေတာမှမဟုတ်တဲ့ဟာ''

''ဖေဖေ''

''သွားတော့လေ''

အော်ထည့်လိုက်တာမို့ နေရာမှ ထပြေးလာခဲ့ရပါသည်။ ယောကျ်ားမတွေ့ရေ့တဲ့။ စကားဘယ်ရောက်မှန်းတောင် သတိထား မိရဲ့လားမသိ။ စိတ်ကြီးရယ် ညစ်ရပါ့။ ဒီအတိုင်းထပြေးလာတာ မို့ ကျော့်လက်ထဲမှာ ကားသော့ပဲပါခဲ့တာလေ။ အိတ်ကပ်ထဲမှာ No money ပါပဲ။

Phone ကိုတော့ အမြဲဆောင်ထားတာမို့ တော်ပါသေး ရဲ့၊ နေပါဦး၊ သူ့ဆီကိုသွားဆိုတော့ ဘယ်ကိုသွားရမှာလဲ၊ ကျော် မှ သူ့အိမ်ကိုမသိတာလေ။ အင်း. . . စိမ့်စိမ့်ဆီ ဆက်ဦးမှပါပဲ။

''ဟဲလို. . . စိမ့်စိမ့်အေးပါရှင်''

''ရှင်လုပ်မနေနဲ့၊ ငါ့ကိုစုံစမ်းပေး''

''ဘာကိုလဲဟင် မမ''

''ဘုန်းထက်မာန်ရဲ့လိပ်စာ''



www.burmeseclassic.com

www.burmeseclassic.com


"ရှင်"

"လာပြန်ပြီလား ဒီရှင်"

"ဘာ. . . ဘာလုပ်မလို့လဲဟင် မမ"

"ငါ့ယောက္ခမနဲ့သွားတွေ့ရမှာမို့လို့ပေါ့ဟဲ့. . . ကဲ"

"ဟယ်!"

မှတ်ရော၊ စိတ်တိုတိုနဲ့ပြောချလိုက်တာမို့ ဒေါသအနည်းငယ်ပြေသွားရတာပါလေ။ စိမ့်စိမ့်ပေးတဲ့ Address အတိုင်း ကားကိုမောင်းခဲ့ပါ၏။ ဘာညာဝယ်သွားရမယ်တဲ့။ ဝယ်နိုင်ပေါင်။ အလကားနေအလကား ငွေကုန်အောင် ဘာလို့သုံးရမှာလဲ။

ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်လိုက်မိတော့ ပြုံးမိလေပြီ။ အိမ်နေရင်းပုံစံနဲ့ ထထွက်လာတာမို့ ကျော့ပုံစံက ရယ်စရာကောင်းနေတာမဟုတ်ပါလား။ အပေါ်မှာက ရှပ်လက်တိုအဖြူကို ခါးစည်းကာ ဝတ်ထားပြီး အောက်မှာက Jeans Quater အနက်က ခပ်မှိုင်းမှိုင်း။

ဒီ Design ကိုမြင်လို့ကတော့ ရှင်နှာခေါင်းရှုံ့မှာ သေချာတယ် ဦးဘုန်းထက်မာန်ရေ့။ မျက်နှာလေးခပ်ငယ်ငယ်နဲ့ တောင်းပန်ခယဖို့ လာတာမဟုတ်မှန်း ရှင်သိနေမှာပါပဲ။ လူကြီးတွေကိုတော့ အားနာမိပါရဲ့။ ဘယ်သူ့ကိုမဆို ပျော့ပျော့ပြောင်း



ပြောင်းလေး ပြောဆိုဖို့ကတော့ မြင့်မိုရ်ကျော်ရဲ့ဝသီက ပြောင်းလဲမှာမှမဟုတ်တာ။

"တီ!. . ."

ကားဟွန်းကို အချိန်ကြာကြာဖိလျက် တီးထားစဉ် လူတစ်ယောက်က ခြံတံခါးကိုလာဖွင့်ပေးလေ၏။ ခြံထဲ ကားမောင်းဝင်လာရင်း အတော်အဆင့်မြင့်ကာ ပြည့်စုံကုံလုံသည့်မိသားစုမှန်း သိနိုင်ပါသည်။ ဆင်ဝင်အောက်မှာ ကားကိုရပ်လိုက်စဉ် တိုက်ထဲမှ အန်တီချောချောကြီးတစ်ယောက် ထွက်လာလေ၏။

"ဘယ်သူများလဲ"

"ဦးဘုန်းထက်မာန်ရှိပါသလား အန်တီ"

"ဦးဘုန်းထက်မာန်. . . သမီးက"

"မြင့်မိုရ်ကျော်ပါ အန်တီ"

"ဟင်! မြင့်မိုရ်ကျော်ဆိုတော့ သားကို ခဲနဲ့ထုတဲ့ကလေးပေါ့"

"ဟုတ်ပါတယ်"

"အမယ်လေးတော်! လူကိုခဲနဲ့ထုရတာ အားမရလို့ အခုလို အိမ်အထိပါ လိုက်လာတာလား"

ရင်ဘတ်ဖိကာ ကြုံလိုက်သည့်အန်တီကြီးကြောင့် အား


www.burmeseclassic.com

www.burmeseclassic.com

နာမျက်နှာပူကာ ခေါင်းငုံ့လိုက်မိပါ၏။ ပြောတော့ပေမပေါ့။ ကိုယ်က ပြုမိတဲ့လူကိုး။ အိမ်ထဲဝင်ပါဦးလို့တောင် ခရီးဦးကြိုမခံရပါဘဲ အိမ်ဝကနေ ဆီးကြိုမောင်းထုတ်ခံရတော့မယ်ထင်ပါရဲ့။

"ကျော်. . ."

"ဘယ်သူလဲ နန္ဒာ"

"ဒီမှာလေ၊ ကိုသားကို ခဲနဲ့ထုလိုက်တဲ့ ကလေးမလေး"

"မြင့်မိုရ်ကျော်လား။ အိမ်ထဲခေါ်လိုက်လေ"

ဟိုက်! အန်ကယ် ဦးထူးမာန် ရှိနေတာပေါ့။ အင်းလေ၊ တွေ့ရမယ့်အတူတူ နှစ်ယောက်စလုံးနဲ့ ဆုံရတော့ ပွဲပြီးမှာပေါ့။ ကျော်က မိန်းမတွေထက် ယောကျ်ားတွေနဲ့စကားပြောရတာ ပို အဆင်ပြေသလိုပါပဲ။

"လာလေ သမီး၊ အိမ်ထဲဝင်"

"ဟို. . . အန်ကယ်၊ ကျော်က. . ."

"အထဲရောက်မှပြောလေ သမီးရဲ့. . . လာ"

အန်ကယ်ကိုယ်တိုင် ထွက်ခေါ်နေပြီမို့ အိမ်ထဲလိုက်ဝင်ခဲ့မိပါ၏။ အိုး. . . အထဲမှာက ပိုပြီးသားနားတင့်တယ်နေသလိုပါလေ။

"ထိုင်ပါ ကျော်၊ ကလေးအတွက် တစ်ခုခု"





"နေပါစေ အန်ကယ်၊ ဘာမှမလုပ်ပါနဲ့"

ဆက်တီဆိုဖာမှာ ဝင်ထိုင်လိုက်ရင်း တားလိုက်ရပါ၏။ အန်ကယ့်မျက်နှာက အပြုံးရှိနေပေမယ့် အန်တီ့မျက်နှာကဖြင့် ခပ်မှုန်မှုန်ရယ်ပါ။ အင်းပေါ့လေ၊ မွေးထားတဲ့သားကို သွေးထွက်ဒဏ်ရာရအောင် လုပ်မိမှတော့ ဘယ်အမေက ကြည်ဖြူနိုင်မှာတဲ့လဲ။

"ကျော်, လာတောင်းပန်တာပါ အန်ကယ်"

"ဘာကိုလဲ သမီး"

"အန်ကယ့်သားကို"

"သြော်. . . ဒီကိစ္စလား၊ သားပြောပြပါတယ် သမီးရဲ့။ သူလွှန်တာပါတဲ့။ သူပြောတာလွန်သွားလို့ သမီးဒေါသထွက်ရတာတဲ့လေ"

"အို! ကလေးကို ဒဏ်ရာရအောင်လုပ်တာကျ ထည့်မပြောဘူး"

"မင်းသားက အဲဒါကို ဒဏ်ရာလို့မှမမြင်တဲ့ဟာ"

"ကိုနော်"

"ကျော်တောင်းပန်ပါတယ် အန်တီ၊ တကယ့်စိတ်ရင်းနဲ့ အနူးအညွတ်တောင်းပန်တာပါ"



www.burmeseclassic.com

www.burmeseclassic.com

"မြင့်မိုရ်ကျော်ရဲ့ဘဝမှာ တောင်းပန်တယ်ဆိုတဲ့စကား ကို ပထမဦးဆုံးပြောဖူးတာပဲ"

လှေကားမှဆင်းလာရင်း ပြောလိုက်တာမို့ မော့ကြည့် လိုက်မိပါ၏။ အိမ်နေရင်းပုံစံနဲ့တောင်မှ သူက သပ်သပ်ရပ်ရပ်ပါ လေ။ ကျော်ကသာ ဖြစ်သလိုဝတ်ထားတဲ့ကောင်မလေးမဟုတ် ပါလား။

"ကိုယ့်အထင်ပြောရရင်တော့ မင်းစိတ်နဲ့မင်းကိုယ် ဒီ အထိလာစရာအကြောင်းကို မရှိဘူး။ အန်ကယ်လွှတ်လို့ လာတာ မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် တောင်းပန်ရင်ပြီးရောမဟုတ်လား"

"အဲဒါပဲ၊ မင်းဟာလေ. . . ဘယ်တော့မှ လျှို့ဝှက်ဖုံး ကွယ်တတ်တာမဟုတ်ဘူး။ စိတ်ထဲရှိသလို ဘွင်းဘွင်းရှင်းရှင်းပဲ ပြောတတ်လို့ အဲဒီစိတ်ကို ကိုယ်အကြိုက်ဆုံးပဲ"

"ရှင်နော်"

ကြည့်စမ်း! လူကြီးတွေရှေ့မှာ ဘယ်လိုစကားမျိုးပြော ရတာလဲ။ ကျော်ထိုင်နေသည့်ခုံ ခပ်စောင်းစောင်းခုံမှာ ဝင်ထိုင် လိုက်တာမို့ ဒူးချင်းတိုက်မိစဉ် ကျော်က ခြေထောက်ကိုစုထိုင်ကာ ခပ်လွှဲလွှဲထိုင်လိုက်ရလေ၏။ စကားပင် အနှောင့်အသွားမလွှတ်





တာမဟုတ်၊ ဒူးပါလာထိတာကိုး။

"ဒီအတိုင်းလာခဲ့တာလား"

"ဒီအတိုင်းမလာလို့ ကျော်က ဘာလုပ်ရမှာလဲ"

"လူမမာလာကြည့်တာ ဓာတ်စာလေး ပန်းသီးလေးဖြစ် ဖြစ် ဝယ်လာရမှာပေါ့ မြင့်မိုရ်ကျော်ရဲ့"

"ဒါလား လူမမာ၊ ဒီလောက်အကောင်းကြီးကိုများ။ ဝယ်စရာလည်း ကျော့်မှာ ပိုက်ဆံပါမလာဘူး"

"ကောင်းကွာ"

အန်ကယ့်ရယ်သံ ထွက်လာတာမို့ ကျော်တို့နှစ်ယောက် စကားများတဲ့ပွဲ ဆက်ဖြစ်နေပြီလေ။ လာတာကတော့ တောင်း ပန်ဖို့၊ တွေ့တော့လည်း ရန်ဖြစ်ဖို့ပဲဖြစ်လာတာကိုး။

"ကြည့်ရတာ အန်ကယ်က သွားဆိုတာနဲ့ ဇတ်ခနဲ ထ လာပုံပဲ"

"ဟုတ်တယ်"

"အဲ့ဖေ့စကားကို မြေဝယ်မကျ နားထောင်တယ်ပေါ့ လေ"

"နားထောင်ရတာပေါ့၊ ကျော့်မှာ ဒီအဖေပဲရှိတာကိုး"

"ဒါဆိုလည်း အဖေက ယောကျ်ားယူဆိုရင်လည်း ခေါင်း


www.burmeseclassic.com

www.burmeseclassic.com



ညိတ်မှာပဲလား မြင့်မိုရ်ကျော်''

''ဘာရှင့်! ရှင်. . . ရှင်''

''သားကလည်းကွာ၊ ကလေးကိုမြင်တာနဲ့ စပြီ''

''သူဒေါသထွက်ရင် ပိုပြီးကြည့်ကောင်းတယ်ဖေဖေရ''

ကဲ! အဘယ်မှုဒေါသထွက်စရာကောင်းလိုက်သလဲ။ သူ့မေမေက ကျော့်ကိုအပြစ်တင်ချင်ပေမယ့် မျက်စိရှေ့မှာ ရန်စစကားပြောနေတဲ့သားကို မျက်မြင်ကိုယ်တွေ့မို့ ဘာမှမပြောတော့ပါလေ။ နေဦး. . . ကျော့်လာရင်းကိစ္စက လာတောင်းပန်တာပဲ မဟုတ်လား။ ပြီးရင် ပြန်ရုံပဲလေ။

''ပြန်တော့မယ်''

''နေဦး. . . ပြန်လို့မရသေးဘူး''

''ဘာလို့ မရရမှာလဲ''

''ဒီနေ့ချုပ်ရိုးဖြည်ရမှာလေ၊ လိုက်ပို့ပေးရမှာပေါ့။ ဘာလဲ. . . မလိုက်ချင်ဘူးလား၊ ဒါဆိုရင်လည်း အန်ကယ်သိအောင် ပြောလိုက်ပြီး တရားစွဲစာ ပို့လိုက်မယ်''

''ဦးဘုန်းထက်မာန်''

''ဗျာ. . . သွားကြစို့ မြင့်မိုရ်ကျော်''

ကျော့်လက်ကောက်ဝတ်ကို ဆတ်ခနဲဆွဲခေါ်ကာ ထွက်





ခဲ့တာမို့ လိုက်ခဲ့ရလေ၏။ ဒီလိုမျိုး ပိုင်စိုးပိုင်နင်းအပြုအမူမျိုးကို သူဘယ်လိုများလုပ်တတ်ရပါလိမ့်။ ပြီးတော့လည်း သူ့မိဘတွေ့ ရှေ့မှာ အန်ကယ် 'ဦးထူးမာန်' နှင့် အန်တီ 'ဒေါ်နန္ဒာတင်' တို့ကတော့ မည်သို့တွေးနေမည်မသိ။

ရှင်နဲ့တော့ ခက်ပါရဲ့ ဦးဘုန်းထက်မာန်ရယ်။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



# အလယ်

သူက မိန်းမဆိုရင် မိန်းမသားဆန်ဆန် ဣန္ဒြေအပြည့်နဲ့ ကျက်သရေရှိပြီး နူးညံ့ပျော့ပြောင်းတဲ့ မိန်းတကလေးမျိုးကိုပဲ စိတ်ဝင်စားတတ်တဲ့လူပါ။ အဲဒီလိုလူက ဘယ်လိုဖြစ်ပြီး ဟိုမရောက်ဒီမရောက် မာနခဝ်ကြီးကြီး ထောင့်မကျိုးတဲ့ မိန်းကလေးနဲ့မှ ရေစက်လာဆုံရတယ်လို့....

ဘုန်းထက်မာန်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

လိပ်စာရေးထားသည့် လက်ရေးသေးသေးလေးကို တစ်ချက်ကြည့်လိုက်ရင်း ပြုံးမိလေ၏။ သူလာမယ်ဆိုပေမယ့် ကျော်က သွားတွေ့ရင် ပိုအဆင်ပြေမှာမို့ ပိတ်ရက်မှာ ခပ်စောစောလေး ထွက်လာခဲ့တာပင်။ ဟိုတစ်ခါလာဖူးခဲ့တဲ့ရပ်ကွက်မို့ သိပ်ကြီးစိမ်းမနေတော့ပါ။ ခက်တာက မိုးက ခပ်ဖွဲဖွဲလေး ရွာနေတာမို့ လမ်းလျှောက်ရင်း ချော်လဲမှာကိုပဲ စိုးရိမ်ရတာလေ။

"ဒီအိမ်ထင်ပါရဲ့"

လမ်းကျဉ်းလေးထဲမှ လျှောက်လာရင်း အိမ်တစ်ခုရှေ့မှာ ရပ်လိုက်ပါ၏။ ခေါင်းပေါ်မှာရှိနေသည့်မိုးစက်မှုန်တွေနှင့် ရှပ်အကျီဉဲရောင်ပေါ်မှ ရေစက်တွေကို တစ်ချက်နှစ်ချက် ခါချလိုက်ပြီးမှ တံခါးအသေးလေးကို အသာတွန်းဖွင့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်အိမ်မည်းလေးမှာ လူရိပ်သော်မျှ မမြင်ရ။

"အိမ်ရှင်တို့"

"အိမ်ရှင်တို့ ရှိပါသလား

တုံ့ပြန်သံ မကြားရ။ ဘယ်သူမှမရှိကြဘူးလား။ ဟိုချာတိတ်ကရော ဘယ်သဝေထိုးနေလို့ အိမ်မှာမရှိရတာလဲ။ လှေကားသုံးထစ်ကို တက်လိုက်ပြီး သံဇကာတံခါးလေးကို တွန်းလိုက်စဉ် အလိုက်သင့်လေး ပွင့်သွားလေ၏။ အထဲကို ဖိနပ်ချွတ်၍ ဝင်လိုက်တော့ ဧည့်ခန်းဝရံတာလေးမှာပင် ချုပ်လက်စအဝတ်က တန်းလန်း။ ဖျာထက်မှာ ညှပ်ထားတာတွေနှင့် မှန်ဗီရိုပုလေးထဲမှ အဝတ်စတွေက အပုံလိုက်ပါလေ။

"ဆာတယ်ဆိုပြီး မြန်မြန်ပြန်မလာဘူး သားရယ်။ ဟောတော်! ဧည့်သည်ရောက်နေတာကိုး"

"နန္ဒ. . . ဟင်"

အတွင်းခန်းမှထွက်လာသည့်အန်တီ့ကိုငေးရင်း ကျော်ကျောက်ရုပ်လို ရပ်နေမိပါ၏။ မမေ့သေးပါ။ ကျော့်ဘဝမှာ ဘယ်တော့မှမမေ့နိုင်ခဲ့တဲ့ ဒီအကြင်နာမျက်ဝန်းတွေနဲ့ ချိုသာတဲ့အပြုံးတွေ။ ဘုရားရေ! ဒါကြောင့် ဒီချာတိတ်ရဲ့မျက်လုံးနဲ့နှုတ်ခမ်းတွေကို ကျော်မြင်ဖူးတယ်လို့ ထင်နေတာလေ။





"သားလေးက အပြင်ခဏထွက်သွားတယ်ကွယ့်"

မျက်ရည်အဝဲသားဖြင့် ငေးကြည့်နေရှာသည့်ကျော့်ကို အပြုံးနုနုဖြင့် ကြိုဆိုနေသည့်အတွက် ရင်ထဲမှာ တုန်ယင်နေလေ၏။ မေမေ. . . မေမေ. . . ကျော့်ဘဝမှာ ခေါ်ခွင့်မရှိခဲ့တဲ့ကျော့်မွေးမေမေကို အခု ကျော့်မျက်စိရှေ့မှာ မြင်နေရပြီလေ။

"သမီးက"

"ကျော်ပါ. . . မြင့်မိုရ်ကျော်ပါ"

"ဘယ်သူ"

အံ့သြသွားလေ၏။ တုန်လှုပ်ဟန်ဖြင့် နောက်ကိုဆုတ်လိုက်စဉ် စက်ပေါ်မှ ကပ်ကြေးကိုတိုက်မိသွားတာမို့ ကြမ်းပေါ်သို့ ဒေါက်ခနဲကျသွားသံက ခပ်ကျယ်ကျယ်။ အို! ကျော့်မေမေက အများကြီးဆင်းရဲအိုစာသွားလိုက်တာနော်။

"ဘာ. . . ဘာလာလုပ်တာလဲ"

"နန္ဒကိုလာတွေ့တာပါ"

"ငါ့သားနဲ့ ဘာများပတ်သက်နေလို့လဲ"

"မေမေ"

"ဘာ! "

"ကျော်က. . . ကျော်က မေမေ့သမီးလေ"



www.burmeseclassic.com

www.burmeseclassic.com

အကြင်နာမျက်ဝန်းက ဖျပ်ခနဲပျောက်ကွယ်သွားပြီး စိမ်းသက်သည့်မျက်ဝန်းတောက်တောက်အဖြစ် ပြောင်းသွားလေ၏။ ဘယ်လိုလဲ· ရုပ်ရှင်တွေထဲကလို အမေနဲ့သမီး ပြန်တွေ့ဆုံခန်းက အလွမ်းတွေအပြည့်နဲ့မဟုတ်လား။ အခုတော့ ကျော့်မေမေက ကျော့်ကို ခပ်စိမ်းစိမ်းကြီးကြည့်နေတာတဲ့လေ။

"မြင့်မိုရ်ကျော်ဆိုတာ ဦးမြင့်မိုရ်ရဲ့သမီးပါ၊ ဒေါ်စပယ်ရဲ့သမီးမဟုတ်ဘူး"

"မေမေ"

"ဒေါ်စပယ်မှာ နန္ဒကိုဆိုတဲ့သားလေး တစ်ယောက်ပဲရှိပါတယ်"

ဘုရား! ဒါဖြင့် ကျော်က ဘာလဲ။ နန္ဒဟာ ကျော့်မောင်လေးပဲမဟုတ်လားမေမေ။ ဒါနဲ့များတောင် ဘာလို့များ ကျော့်ကို အသိအမှတ်မပြုရတာပါလိမ့်။ မေမေ့ဘဝမှာ ဖေဖေ့ကိုစိတ်နာကောင်းနာနိုင်ပေမယ့် မေမေ့သွေးဖြစ်တဲ့ကျော့်ကိုတော့ မြေဇာပင်မဖြစ်ပါစေနဲ့လား မေမေရယ်။

"ငါ့ကို အမေမခေါ်နဲ့"

"ရှင်"

"နင်က နင့်အဖေသွေးမို့ အဖေကိုပဲ ပိုချစ်တဲ့သမီးပါ။





ဒါတွေစကားများပြီး နင့်လက်ကိုဆွဲကိုင် အိမ်ပေါ်ကဆင်းခဲ့ပေမယ့် ဖအေဖြစ်တဲ့လူက ငါ့သမီးထားခဲ့ဆိုတာနဲ့ မျက်ရည်တစ်စက်မှမကျဘဲ ဖအေလုပ်တဲ့လူ့ရဲ့လက်ထဲမှာ ကျန်ခဲ့တဲ့သူပါ မြင့်မိုရ်ကျော်။ အဲဒီမြင်ကွင်းကို ငါ့တစ်သက် ဘယ်တော့မှမမေ့ဘူး"

ဘုရားရေ! ငယ်ငယ်ကတည်းက အော်မငိုတတ်တဲ့ မျက်ရည်မလွယ်တဲ့သမီးကို မေမေအငြိုးထားရတယ်လို့။ နှုတ်ဖျားကဘီတီတာတာပြောဆိုချွဲနွဲ့ဖို့ထက် သစ်တိုသစ်စလေးတွေနဲ့ တစ်ဆောက်တည်း အိမ်ဆောက်ရင်း ဆော့တတ်တဲ့အကျင့်ကို မေမေသိရဲ့သားနဲ့ပါလေ။

"ငွေရှိမှ လူလို့ထင်ပြီး ငွေကိုသာ ကိုးကွယ်လွန်းလို့ ဒါနဲ့ကျောခိုင်းပြီးမှ ဘာလို့ထပ်ရောက်လာရတာလဲ။ အနေစုတ်တဲ့နေရာလေး ငွေနံ့ကူးခံရပါဦးမယ်"

"မေမေ. . . ကျော်က . . . ကျော်က နန္ဒအတွက် စီစဉ်ပေးစရာရှိလို့ ရောက်လာခဲ့ရတာပါ"

"သားအတွက်. . . ဟုတ်လား"

"မေမေ့သားလေးကို ဆရာဝန်ကြီးမဖြစ်စေချင်ဘူးလား ဆေးကျောင်းထားပေးမှာမို့ လာခွေးနွေးတာပါမေမေ"

"မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

မမေက စက်ခုံကိုလက်ထောက်ကာ ကျော့်ကိုကျောပေးလျက် လမ်းမဘက်သို့ ခပ်ငေးငေးကြည့်နေလေ၏။ မလိုဘူးတဲ့၊ မောင်လေးအတွက် အစ်မဖြစ်သူက ဘာမဆိုစီစဉ်ပေးလို့ မရနိုင်ဘူးတဲ့လား။

"ငါ့သားကို ငါ့ခွန်အား ငါ့လုပ်အားနဲ့ ဘွဲ့တစ်ခုရနိုင်အောင်တော့ ငါထားပေးနိုင်ပါသေးတယ်"

"မမေ"

"အမြင့်ကိုမျှော်ပြီး မယုံရဲတော့ပါဘူး။ အဲဒီလိုမှန်းခဲ့မိလို့လည်း အမြင့်ကနေ ပြုတ်ကျဖူးခဲ့လို့ တစ်ခါသေဖူးခဲ့ပါပြီလေ"

"မမေရယ်၊ မောင်လေးရထားတဲ့ D တွေကို နှမြောဦးမှပေါ့"

"အဲဒါ ငါ့ကိစ္စပါ၊ နေပါဦး... ငါ့သားကို မောင်လေးလို့ နင်ခေါ်စရာမလိုပါဘူး၊ မခေါ်ပါနဲ့"

မခေါ်နဲ့တဲ့။ မောင်လေးလို့မခေါ်နဲ့တဲ့လား။ ဘာဖြစ်လို့လဲ၊ နန္ဒကိုဟာ မမေ့သားဖြစ်ရိုးမှန်ရင် ကျော့်ရဲ့တစ်အူတုံဆင်းသွေးတော်တဲ့မောင်လေးပါပဲလေ။ ဒါနဲ့များတောင်မှ ဘာဖြစ်လို့ ဒီလိုမျိုးခေါ်ခွင့်မရှိရတာပါလဲ။

"နင်တို့အိမ်ပေါ်က ငါဆင်းလာပြီးကတည်းက ငါရော





ငါ့ဗိုက်ထဲက ပါလာတဲ့ကလေးရော နင်တို့သားအဖနဲ့ ဘာမှမသက်ဆိုင်တော့ပါဘူး။ သားလေးကို မပတ်သက်ပါနဲ့၊ နှောင့်လည်း မနှောင့်ယှက်ပါနဲ့၊ မေတ္တာရပ်ခံတာပါ"

"နန္ဒကို ကျောင်းထားခွင့်ပြုပါ မမေ"

"ဟင့်အင်း... နင့်အဖေငွေနဲ့ ငါ့သားကို ဘာတစ်ခုမှ လုပ်မပေးနိုင်ဘူး။ ငါ့သားစားရင်လည်း အဆိပ်အတောက်ဖြစ်မှာစိုးလို့ပါ"

"ဖေဖေ့ပိုက်ဆံနဲ့ ထားပေးမှာမဟုတ်ပါဘူးမမေ။ ကျော့်ပိုက်ဆံနဲ့ကျော့် ထားပေးမှာမို့ပါ"

"မထူးပါဘူး၊ သွယ်ဝိုက်သောနည်းနဲ့ ပတ်သက်နေမှာပါပဲအေ။ ဝေးဝေးနေပါ။ ကင်းကင်းရှင်းရှင်းပဲနေပါရစေ"

"မမေရေ... သားပြန်လာပြီဗျို့"

ခြံထဲပြေးဝင်လာသည့် ကောင်လေးကြောင့် ကျော့်တို့ စကားစပြတ်သွားရလေ၏။ အိမ်လယ်တိုင်ကို မှီရပ်နေသလိုဖြစ်နေတာမို့ ကျော့်ကိုမမြင်တဲ့ချာတိတ်က မမေ့ဆီကိုပြေးကာ ရင်ခွင်ထဲကို ဝင်ဖက်တွယ်လိုက်လေသည်။

"ကြည့်စမ်း! တစ်ကိုယ်လုံး စိုရွှဲလာပြန်ပြီ၊ ဒီကလေးဟာလေ"



www.burmeseclassic.com

www.burmeseclassic.com


"သားနိုင်လာတယ် မေမေရေ၊ သူတို့အုပ်စု သုံးဂိုးတစ်ဂိုးနဲ့ ရှုံးသွားတာ။ ဒီမှာ သုံးထောင်ကြီးများတောင် ရလာတယ်။ တွေ့လား. . . ရွတ်!"

လက်ထဲမှာ လုံးချေကိုင်လာသည့် ပိုက်ဆံလိပ်ကို ပြလိုက်ပြီး အမေဖြစ်သူရဲ့ပါးကို ရွတ်ခနဲပင် မွှေးလိုက်သေးတာပါလေ။ နင့်ကို ငါမနာလိုချင်တော့ဘူး နန္ဒကို။ မေမေ့ဖက်တွယ်မှုကိုလည်း နင်ရတယ်။ မေမေ နဖူးနမ်းရှိုက်တာကိုလည်း နင်ရလို့ပါပဲ။

"ကြမ်းတစ်ခုလုံး ဗွက်တွေနဲ့ ပေပွကုန်ပြီ"

"သားပြန်တိုက်ပေးပါ့မယ် မေမေရေ၊ ဟင်!"

ကြမ်းပြင်ကိုလှည့်ကြည့်လိုက်စဉ် မတ်မတ်ရပ်နေသည့် ကျော့်ကို မြင်သွားလေသည်။ အံ့သြမှုနှင့်အတူ ဖော်ရွေအပြစ်ကင်းစင်သည့် အပြုံးနုနုက ထပ်တူပေါ်လာလေသည်။

"ဟောဗျာ! မမပါလား၊ မေမေ, ဒါကလေ"

"မေမေသိတယ်"

"ရော်. . . မေမေတို့က သိတောင်သိပြီးကြပြီကိုး။ ထိုင်လေ မမရဲ့။ နေဦး, ကျွန်တော့်တစ်ကိုယ်လုံး ညစ်ပတ်နေတာ ရေချိုးရဦးမယ်"



'မေမေ'တဲ့။ နန္ဒကိုတော့ မေမေလို့ နူးနူးညံ့ညံ့လေးသုံးပြီး ကျော့်ကိုတော့ 'ငါ'တဲ့လေ။ ဘက်လိုက်မှုရှိတဲ့အလေးချိန်ခွင်လျှာက တစ်ဖက်စောင်းနင်းပါပဲလားနော်။

" 'မ' အခုပဲ ပြန်တော့မှာပါ"

"ဟာဗျာ၊ ကျွန်တော်နဲ့ဘာမှတောင် မပြောရသေးဘူး။ မကလည်း နေပါဦး"

"ပြန်ပါစေ သားရဲ့၊ သူတို့အတွက် အချိန်က ငွေနဲ့ထပ်တူ တန်ဖိုးကြီးတာ သားသိရဲ့သားနဲ့လေ"

နင်ချေပြီကော။ သွား! လို့ အော်မထုတ်ပေမယ့် ပညာရှိဆန်ဆန် ပြန်နှိုင်းနေတာပဲမဟုတ်လား။ ရင်ကဖြစ်တာချင်းအတူတူ ကျော်က ဘာတဲ့လဲမေမေ။ တယုတယခေါ်တာမျိုး အရေးတယူရှိတာမျိုးကို မေမေ့ဆီကမပြောနဲ့၊ ဖေဖေ့ဆီကနေတောင် တစ်သက်လုံး ကျော်မရခဲ့တာအမှန်ပါလေ။

"ကျွန်တော် အလုပ်ရပြီလားဟင်"

"ဟင့်အင်း"

"သား ကျောင်းဆက်တက်ရမယ်"

"ကျောင်းတက်ရင်းနဲ့ အလုပ်လုပ်မယ်လို့ မမကို သားပြောထားတယ် မေမေရဲ့"


www.burmeseclassic.com

www.burmeseclassic.com

"အို! မလုပ်ရပါဘူး။ သားကျောင်းပဲဆက်တက်ရမှာပါ"

" 'မ' ဆေးကျောင်းထားပေးမယ်"

"ဗျာ!"

"ကျောင်းလျှောက်ဖို့ လိုအပ်တဲ့ Form တွေ ပြင်ထားပါ နန္ဒ"

မေမေ့မျက်လုံးများက ကျော့်ထံ စူးခနဲကျလာလေ၏။ ကျော်က ခေါင်းမာတဲ့သမီးပါ မေမေ။ လုပ်မယ်ဆိုတဲ့အလုပ်ကို ပြီးဆုံးအောင်မြင်တဲ့အထိ မဆုတ်မနစ် ဖွဲနဲ့လုပ်တဲ့နေရာမှာတော့ ဖေဖေနဲ့တစ်ထပ်တည်းတူတဲ့ မြင့်မိုရ်ကျော်ပါပဲ။

"ဆေးကျောင်းမတက်ရပါဘူး"

"မေမေ"

"ဘယ်မိဘကမှ ကိုယ့်သားသမီးကို နိမ့်ရာအထိ ဆွဲမချတတ်ကြပါဘူး။ ထိုက်သင့်တဲ့နေရာတစ်ခုကိုတော့ နန္ဒရပါစေလား"

"အလှမ်းကျယ် အလယ်လပ်၊ အလိုကြီး အရနည်းဆိုတာမျိုး ငါ့သားလေးမှာ မဖြစ်စေရဘူး"

"ဒါဖြစ်ရင် နန္ဒကို ဆရာဝန်ဖြစ်စေချင်သလား၊ ဒါမှမဟုတ် သူတစ်ပါးလက်အောက်မှာ လက်တိုလက်တောင်းခိုင်းစေ





တဲ့သူလိုပဲ ဖြစ်စေချင်လို့လား"

စူးစူးရဲရဲအကြည့်နှစ်ခုက တစ်နေရာတည်းမှာ ဆုံသွားလေ၏။ မြင့်မိုရ်ကျော်ဘဝမှာ နောက်ဆုတ်ရိုးထုံးစံမရှိခဲ့ဘူးမေမေ။ မှားမယ်ဆိုရင်လည်း အဲဒီအမှားကို ရဲရဲကြီးလက်ခံဖို့ အမြဲအသင့်ပါပဲ။

"မမ ဘာတွေပြောနေတာလဲ"

"မင်းကို MC တက်ဖို့ကိစ္စပြောနေတာလေ"

"ကျွန်တော်တော့ ဘာမှကိုနားမလည်နိုင်တော့ဘူးဗျာ"

"မင်းဆရာဝန်မဖြစ်ချင်ဘူးလား နန္ဒ"

"ခင်ဗျာ"

ကျော်မေးလိုက်စဉ် ဇဝေဇဝါဖြစ်သွားသည့်နန္ဒမျက်နှာက ဖုံးဖိမရ။ ဖြစ်ချင်မှာပေါ့။ တက်ချင်ရှာမှာပေါ့။ အစ်မလုပ်သူက အင်ဂျင်နီယာဘွဲ့ရတစ်ယောက်ဖြစ်ပြီး မောင်ဖြစ်တဲ့သူကတော့ အလုပ်ကြမ်းလုပ်ပြီး ပင်ပန်းရမှာကို ဘယ်လိုမျက်စိနဲ့ ကြည့်လို့ရမှာတဲ့လဲ။ ဘယ်လိုရင်ဘတ်မျိုးနဲ့လည်း ခံစားနိုင်မှာလဲ။

တဆိတ်! ငဲ့ညှာပေးလှည့်ပါလား မေမေ။

"ဆရာဝန်ဖြစ်တဲ့အထိ 'မ' ထားပေးနိုင်တယ်၊ ထောက်ပံ့ပေးမယ်ဆိုရင် မင်းတက်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်. . ."

"တစ်နေ့လုပ် တစ်နေ့ရှာစားရတဲ့ဘဝမျိုးနဲ့ပဲ ရောင့်ရဲတင်းတိမ်နိုင်မလား နန္ဒကို။ ဒီလိုမှမဟုတ်ရင် အများအသက်ကို ကယ်ပြီး နေရိပ်မှာခိုရင်း ပိုက်ဆံရှာ၊ မင်းရဲ့အမေကို တင့်တောင်းတင့်တယ်ထားနိုင်မယ့်လမ်းကို ရွေးချင်သလားဆိုတာကို စဉ်းစားထားနော်ပါ"

"လူဆိုတာ ကိုယ့်အတွက် အကျိုးအမြတ်မကျန်ရင် ဘာကိုမှလုပ်လေ့မရှိကြဘူး။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင် အများစုမှာပေါ့"

"ပေးဆပ်မှုဆိုတာကို လျှော့မတွက်မိပါစေနဲ့၊ အသွားအပြန်မရှိလည်း နေပါစေ၊ ဘာအမြတ်အစွန်းကိုမှ မမျှော်ကိုးဘဲ အရောင်မဲ့ ကမ်းပေးတဲ့လက်တစ်စုံရဲ့ခွန်အားကိုတော့ မြင်တတ်စေချင်ပါတယ်။ 'မ'ပြန်မယ် နန္ဒ၊ နောက်မှတွေ့ရအောင်"

"မမ. . . မမ"

အိမ်လေးပေါ်မှ ခပ်သွက်သွက်ဆင်းခဲ့ပါ၏။ မိုးက ဖွဲဖွဲလေးရွာရာမှ သည်းလာချေပြီ၊ အနာဂတ်တဲ့၊ ကျော့်မှာ အနာဂတ်ရှိနေသလိုမျိုး ကျော်နဲ့သွေးတူတဲ့မောင်လေးရဲ့အနာဂတ်ကိုလည်း လှပပါစေလား မေမေရယ်။

▣▣▣



# အခန်း (၉)

နှုတ်ထက်မှ (လေးချက်မျှချုပ်ထားပြီး ကျက်သွားသည့်) အမာရွတ်ကိုကိုင်ရင်း သူပြုံးလိုက်မိလေ၏။ သူ့ကိုကုပေးသည့် ဆရာဝန်က သူနဲ့မြင့်မိုရ်ကျော်ကို အတွဲထင်ပြီး ပြောခဲ့တာမဟုတ်လား။ သူ့နှုတ်ကလည်း မဟုတ်ဘူးမပြောသလို မြင့်မိုရ်ကျော်ကိုယ်တိုင်ကလည်း မငြင်းဘဲ ငြိမ်နေတာလေ။

အစက နာမည်ကြားဖူးပေမယ့် သိပ်ကြီးစိတ်မဝင်စားဘဲ အမှတ်တမဲ့နေခဲ့တာပါပဲ။ သူမကို မထင်မှတ်တဲ့နေရာမှာ စတွေ့ခဲ့တာမို့ သူ့ရင်ထဲ တစ်မျိုးကြီးဖြစ်ခဲ့ရတာပါလေ။ သူက မိန်းမဆိုရင် မိန်းမသားဆန်ဆန် ကြွေအပြည့်နဲ့ ကျက်သရေရှိပြီး နူးညံ့ပျော့ပြောင်းတဲ့မိန်းကလေးမျိုးကို စိတ်ဝင်စားတတ်တဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလူက ဘယ်လိုဖြစ်ပြီး ဟိုမရောက်ဒီမရောက် မာနခပ်ကြီးကြီး ထောင့်မကျိုးတဲ့မိန်းကလေးနဲ့မှ ရေစက်လာဆုံရတာယ်လို့။ အစက သိပ်ပြီးကြည့်လို့မရပေမယ့် သူမနဲ့ဆုံလိုက်တိုင်း သူမ မခံချင်လာအောင် စချင်နောက်ချင်ပြောချင်တဲ့စိတ်က နှိုးဆွလာတာမို့ ဒီလိုဒီလိုတွေဖြစ်ကုန်တာမဟုတ်လား။

အလုပ်လုပ်တဲ့နေရာမှာ ဖွဲ့အပြည့်၊ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ပြတ်ပြတ်သားသား။ ပြောဆိုလိုက်ရင် တိုတိုပြတ်ပြတ်နဲ့ မာတောင့်တောင့်။ ဘယ်မလဲ မိန်းမဆန်တဲ့ဟန်။ ဝတ်လိုက်ရင်လည်း ယောကျ်ားလေး Style, ဆံပင်ကိုလည်း ညှပ်ထားလိုက်တာ တိုကပ်ကပ်။ ဘာတစ်ခုမှ မိန်းကလေးပုံစံနဲ့ ဆွဲဆောင်မှုမရှိတာလေ။

ဒါပေမဲ့ ထက်သန်တဲ့စိတ်ဓာတ်ကိုတော့ ကိုယ်အသိအမှတ်ပြုမိပါတယ်။ ကိုယ်တို့လို ယောကျ်ားရင့်မကြီးတွေနဲ့ ရင်ပေါင်တန်း လုပ်ရှားနေတဲ့ Type ကတော့ Percents အပြည့်ပါလေ။ အဲဒါကိုကပဲ သူမနာမည်ကို ပိုလင်းလက်စေတာမဟုတ်ပါလား။

မြင့်မိုရ်ကျော်. . . မြင့်မိုရ်ကျော်၊ မင်းနဲ့ကိုယ် ဆက်ရန်ရှိသေးတယ်လေ။





"ဟဲ့! တစ်ယောက်တည်း ပြုံးနေပါရောလား။ မာမီ့သားဦးနှောက်မှကောင်းသေးရဲ့လားကွယ်"

အခန်းထဲသို့ ရုတ်တရက်ဝင်လာသည့်မာမီ့ကြောင့် သူလန့်သွားရပါ၏။ လက်ထဲမှာ အကျီတွေအထပ်လိုက်မို့ မီးပူတိုက်ပြီးသား လာပို့မှန်းသိလိုက်ပါသည်။ မြင့်မိုရ်ကျော်ဆိုရင် အဝတ်လျှော် မီးပူတိုက်တာကို လုပ်တတ်ပါ့မလား။ ထမင်းတောင်မှ ချက်တတ်မယ်မထင်ပါလေ။

"မာမီကလည်း အသံလည်းမပေးဘူး"

"အလိုတော်! ကျုပ် တံခါးနှစ်ချက်ခေါက်ပြီးမှ တံခါးဖွင့်ဝင်ခဲ့တာပါ။ ရှင့်ဘာသာရှင် စိတ်ကူးယဉ်ပြီး ပြုံးနေတာမဟုတ်လား"

"မာမီ"

"ဘာတုန်း"

"ချွေးမရမယ်ဆိုရင် ဘယ်လိုချွေးမမျိုးလိုချင်သလဲ"

"ချွေးမ"

"အင်း"

"မိန်းမလိုချင်နေပြီပေါ့လေ"

"မဟုတ်ပါဘူး၊ ဒီလိုပဲမေးကြည့်တာ"



www.burmeseclassic.com

www.burmeseclassic.com



မာမီက သူ့ဗီရိုကိုဖွင့်ပြီး အင်္ကျီတွေအထပ်ကို သေသပ်စွာ ထပ်တင်ပေးနေပါ၏။ ဗီရိုထဲမှာ အင်္ကျီဆိုအင်္ကျီ၊ စွပ်ကျယ်၊ အတွင်းခံဘောင်းဘီ၊ Sport shirt, T-shirt, ပုဆိုးတို့ကိုသာ အထပ်စီထားပြီး ဘောင်းဘီရှည်တွေကတော့ ဗီရိုအရှည်ထဲမှာ Suit တွေနဲ့အတူချိတ်ပြီး သိမ်းထားတာပါလေ။

သူတစ်စုံချွတ်တာနဲ့ လျှော်ပြီးသားမို့ အိပ်ခန်းထဲမှာ ဘာမှရှုပ်ပွမနေဘဲ သန့်သန့်ရှင်းရှင်းမဟုတ်ပါလား။ သူ့အခန်းကို အိမ်ကကောင်မလေးတွေ ဝင်ရှင်းတာကိုမကြိုက်တာမို့ မာမီကိုယ်တိုင်ကပဲ ရှင်းပေးခဲ့တာလေ။

"ပြောလေ မာမီရာ"

"ချွေးမဆိုမှတော့ အလိမ္မာ အိမ်ပါ၊ အမေနဲ့တည့်တဲ့ သူကိုပဲ ရွေးစေချင်တာပေါ့သားရဲ့။ ဘာဖြစ်လို့လဲ"

သူ နှာခေါင်းရှုံ့လိုက်မိ၏။ ဆံပင်ကို Hair-coat လိမ်းပြီး ဘီးဖြင့်ဖြီးလိုက်ပါသည်။ လိမ္မာတာဆိုတာလည်း သိပ်မသိ။ အိမ်ကိုပါဖို့ကလည်း မလွယ်။ မာမီနဲ့တည့်ဖို့ကတော့ လုံးဝဥဿုံ ပါပဲ။

"အဲဒီလိုမျိုးတွေ့နေပြီလား ကိုထက်ရဲ့"

"မတွေ့သေးပါဘူး"





"မတွေ့သေးဘူးသာပြောတယ်၊ မျက်နှာပိုးမသတ်နိုင်ဘာကိုတော့ တယ်မယုံရဘူး"

ဘီးကိုနေရာတကျပြန်ထားရင်း သူရယ်လိုက်ပါ၏။ သူက ဘာမဆိုစိတ်ရှည်ရှည်နဲ့ သေချာချင့်ချိန်စဉ်းစားပြီးမှ အလုပ်လုပ်တတ်တဲ့လူ။ မြင့်မိုရ်ကျော်ကတော့ စိတ်မြန်လက်မြန်နဲ့ ကမူးရှူးထိုး ထလုပ်တတ်တဲ့သူ။ နည်းနည်းတော့ ကွာသွားပါပဲ။

"မြင့်မိုရ်ကျော်လိုမိန်းမျိုးတော့ မဖြစ်ဘူးနော်"

"ဗျာ!"

"ဒင်းလိုမိန်းမကိုသာ မာမို့သားရရင် သေမှာပဲ။ ကိုယ့်အချည်း ထလုပ်နေရမှာ။ သူချွတ်တဲ့လုံချည်တောင် ကောက်သိမ်းရမှာအမှန်ပဲ"

"သူက လုံချည်မှမဝတ်တတ်တာ မာမီရဲ့၊ ဘောင်းဘီပဲ အမြဲဝတ်တာကို"

"ကြည့်စမ်း! အစတောင် မဖော်ရသေးဘူး၊ အကုန်ပေါ်ကုန်ပြီ။ မဖြစ်ဘူး. . . မဖြစ်ဘူး၊ ဒင်းကိုသာ ချွေးမတော်ရရင် မြန်မြန်အသက်တိုမှာ"

မာမီက သူ့ကိုမျက်စောင်းခဲ့ပြီး ပွစိပွစိရေရွတ်ကာ ထွက်သွားလေတော့၏။ မှန်တင်ခုံထက်မှနာရီကို လက်မှာပတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း တားသော့နှင့်ပိုက်ဆံအိတ်ကိုယူလိုက်စဉ် လက်ကိုင်ပဝါအဖြူ လေးကို မြင်လိုက်ရလေ၏။ အင်း! ကိုင်တော့လည်း ယောကျ်ား လက်ကိုင်ပဝါတဲ့။ အာဂမိန်းမပါပဲ။

သူ့ဒဏ်ရာဖြစ်တုန်းက အုပ်ပေးလိုက်သည့် လက်ကိုင် ပဝါလေးကို လျှော်ဖွပ်ထားတာလေ။ ပြောကြတာတော့ 'ပန်းပေး ရင်° အလှမ်းဝေး' တတ်သတဲ့။ လက်ကိုင်ပဝါပေးရင်လည်း လွမ်း လို့ ငိုရတတ်တယ်ဆိုတာပဲ။ အခုကတော့ လက်ရှိသူဆောက်နေ တဲ့ လုံးချင်းတိုက်ဘေးမှာ မြင့်မိုရ်ကျော်က ဥရောပတိုက်ပုံစံကြီး ကို ဆောက်မှာမဟုတ်လား။

ဒီတော့ သူနဲ့မြင့်မိုရ်ကျော်က အနီးဆုံးနဲ့အမြဲတမ်းတွေ့ နေရဦးမှာပါလေ။ သူယူတဲ့ခြံက သိပ်မကျယ်တာမို့ တိုက်အိမ်ကို လှလှလေးဆောက်ပြီး ဝရံတာသေးသေးလေးတွေ တပ်မှာမို့ မြင် တဲ့လူတိုင်း သဘောကျမှာသေချာပါ၏။ ပထမကတော့ ဒီတိုက် ကိုပြန်ရောင်းဖို့ အစီအစဉ်ရှိပေမယ့် မြင့်မိုရ်ကျော်နဲ့ ဤသို့ဤနှယ် ဇာတ်လမ်းတွေ ဆက်လာတော့မှာမို့ ဒီအစီအစဉ်ကိုဖျက်ရတော့ မှာပါပဲ။

ဘယ်လိုလဲ 'ကျော်'၊ မင်းသုံးသလို နာမ်စားမျိုးပဲ ကိုယ် သုံးပါရစေ။ ကိုယ့်လိုပဲ B.E ဘွဲ့ယူခဲ့တာချင်းအတူတူ နှစ်ကိုယ်





တူတည်ဆောက်ကြဖို့ စဉ်းစားပေးနိုင်မလား။ ဒီတိုက်လှလှလေး မှာပဲ အတူတူနေကြရအောင်လေ။ မင်းသဘောကျ ဖြစ်ရလေ အောင် ခြံထဲမှာ မြက်ခင်းစိမ်းစိမ်းလေးနဲ့ ရေပန်းလေးပါတဲ့ရေ ကန်ခပ်လတ်လတ်မှာ ရွှေငါးလေးတွေ အလှမွေးထားတာကိုကြည့် ရင်း အမောဖြေရအောင်နော်။

ဒီလိုများပြောမိရင် မင်းဘယ်လောက်အထိ ဒေါသတွေ ထွက်လာမယ်မသိ။ တုတ်ထိုးအိုးပေါက်ပြောတတ်တာ မုန်ပေမယ့် ကိုယ့်အပေါ်မှာတော့ တဆိတ် ဒေါသလျှော့လှည့်ပါ။ မာဆတ် ဆတ်ပြောတတ်တဲ့လေသံကိုလည်း နည်းနည်းလေးလျှော့ပြီး လေ ပြည်လေးနဲ့ ပြောစေချင်ပါတယ် ကျော်။

အတွေးဖြင့်ပြုံးကာ လှေကားမှ သူဆင်းလာခဲ့ပါ၏။

"သား ဘာမှမစားတော့ဘူးလား"

"မစားတော့ဘူး ဒက်ဒီ၊ ဒီနေ့ Slab စလောင်းမှာမို့လို့ သွားစောထွက်တာပါ"

"မအေဆူမှာစိုးလို့ ရှောင်ချင်တယ်ပြောလည်း ရပါတယ် ကောင်မင်းကြီးသားရယ်"

"ဘာလို့ဆူမှာလဲ နန္ဒာရဲ့"

"ဘာဖြစ်ရမလဲ၊ ကျွန်မကြည့်မရတဲ့ဟာလေးကို ကိုသူ



www.burmeseclassic.com

www.burmeseclassic.com


က မွှေက်စိကျနေသတဲ့လေ"

"ဟော! ဘယ်သူလဲ သား"

"ရှားရှားပါးပါး အိမ်ကိုလာဖူးတဲ့သူပဲ ဒက်ဒီရေ့။ ကျွန်တော်သွားပြီ"

အိမ်မှာ ဒက်ဒီနဲ့မာမီ ဘာတွေဆက်ပြောကျန်ခဲ့ပြီဆိုတာ သူမသိတော့ပါလေ။ ဆောက်လက်စတိုက်ကို အကြောင်းပြပြီး ကုမ္ပဏီမသွားဘဲ သူ အဲဒီကိုပဲသွားနေတာကို ဒက်ဒီအသိဆုံးပဲ မဟုတ်ပါလား။

မင်းဆောက်မယ့်တိုက်မပြီးမချင်း ကိုယ်တို့တွေ နေ့ကြဦးမှာပါ မြင့်မိုရ်ကျော်။

ခြံထဲမှာကားရပ်တော့ တစ်ဖက်ခြမ်းမှာ အပင်တွေခုတ်လှဲ ရှင်းလင်းပြီး မြေညှိကာ Foundation တူးနေပြီမဟုတ်ပါလား။ အလုပ်လုပ်တဲ့ဖွဲ့ကိုတော့ ဩချရလောက်ပါပေရဲ့။ မြန်တော့မြန်သား။ အလုပ်သမားတွေကို မိုးချုပ်တဲ့အထိ စနစ်တကျခိုင်းတဲ့ နေရာမှာတော့ သူ့လိုပါပဲလေ။

"သူဌေးလေး"

"ဦးထွန်းမောင်၊ ဘာဖြစ်လို့လဲ"

"အလုပ်ကပြီးတော့မှာကို အုတ်တွေရော သံတိုင်တွေ ပါ ပို့နေလို့ပါ"

"ထားလိုက်ပါ"

"ဘယ်ပြန်ပို့ပေးရမလဲလို့ပါ သူဌေးလေး။ ဒီမှာပဲ ထားတာက မလုံခြုံလို့ပါ"

"ဘယ်လောက်များ ပို့နေလို့လဲ"

"သိပ်မများပါဘူး။ အုတ်က ငါးထောင်ကျော်လောက်နဲ့ သံတိုင်က နှစ်ဆယ်ကျော်ပါပဲ"

"ဒီအတိုင်း တစ်နေရာမှာ သေသေသပ်သပ်လေး ပုံထားလိုက်ပါ ဦးထွန်းမောင်"

"ဗျာ!"

သူပြောတာကို နားမလည်ပုံဖြင့် အလုပ်သမားခေါင်း ဦးထွန်းမောင် ခေါင်းကုပ်သွားလေ၏။ အပိုပစ္စည်းတွေကို မင်းမြင်စေချင်ပါရဲ့။ ခုချိန်ထိ ကိုယ့်ကိုအကူအညီတောင်းဖို့ ဘာစကားမှ မပြောသေးပါလား ကျော်။ မာနတွေ အခုထိ ပိုက်ထွေးထားတုန်းပဲလား။

"ဒုတ်!. . ."

"ဟာ! ဘာကြီးလဲကွ"

တစ်ဖက်ခြံမှ ရုတ်ရုတ်သဲသဲအသံတို့ကြောင့် သူ[illegible]မ်း



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်မိတဲ့အချိန်အထိ ဟိုချာတိတ်မ ရောက်မလာသေးပါလား။ ဘာတွေဖြစ်ကုန်တာလဲ။

“ဘာထိတာလဲ”

“မသိဘူး၊ မာမာကြီးပဲ”

“ဆက်တူးကြည့်လေကွာ”

“ဟာ! ငါမလုပ်ရဲဘူး၊ ဘာမှန်းမသိညာမှန်းမသိနဲ့။ မမလေးကို စောင့်ရအောင်”

“မမလေးက သူလာတာနဲ့ အားလုံး Ready ဖြစ်ပါစေလို့ ပြောထားတယ်လေကွာ”

အငြင်းအခုန်ဖြစ်နေတာမို့ သူစိုးရိမ်သွားရပါ၏။ မတော်လို့များ ဂျပန်ခေတ်က ကျန်ခဲ့တဲ့ဗုံးဆံတွေဘာတွေဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ။ ဟိုမိန်းကလေးကလည်း ဒီနေ့မှနောက်ကျလိုက်တာနော်။ ဘယ်တွေသွားပြီး ဘာလုပ်နေပါလိမ့်။

“ဟော!”

မျှော်နေသူကို ဝမ်းသာသွားရစေသလိုပါပဲ။ ကားအစိမ်းရင့်ရင့်လေး ဝင်လာတာမို့ သူပြုံးလိုက်မိလေ၏။ အများတကာ အဖြူ အနက်၊ ခဲရောင် စသဖြင့် စီးနေတဲ့ခေတ်မှာ မြင့်မိုရ်ကျော်က ကားအစိမ်းရင့်ရင့်ပဲ စီးနေတာကိုး။ အများထဲမှာ ထင်သာမြင်သာ





ပြီး ဒီ Colour မြင်ရုံနှင့် မြင့်မိုရ်ကျော်ဆိုတာကို တန်းခနဲ သိသာတာပါလေ။

“ဘာဖြစ်နေကြတာလဲ”

“ဒီမှာလေ၊ မြောင်းတူးရင်း မာမာတောင့်တောင့်ကြီးကို သွားထိလို့ မမလေးရဲ့။ ဆက်တူးရမှာလား”

“ရွှေအိုးဆို ယူလိုက်ပေါ့ရှင်”

“တကယ်လား မမလေး”

“ရွှေအိုးတော့မဟုတ်ဘဲ လူအရိုးခေါင်းဖြစ်နေရင်တော့ ရှင်တို့တာဝန်ယူရမှာနော်”

“ဗျာ!”

ကဲ! အပေးအယူက သေသပ်ပါ့။ ရွှေအိုးတွေ့ရင် ယူ၊ အရိုးခေါင်းတွေ့ရင်လည်း တာဝန်ယူတဲ့လေ။ သူ ခြံစည်းရိုးနား ဘယ်လာပြီး လှမ်းကြည့်မိစဉ် အဲဒီကိစ္စက မပြတ်သေးပါလေ။

“ခုထိမပြီးသေးဘူးလား၊ ဒီနေ့စပါမယ်ဆိုနေမှ”

“ကျော်”

“ရှင်. . . ဟင်!”

သူခေါ်လိုက်တာကို ယောင်ယမ်းထူးလိုက်မိပြီး မျက်ဆောင်းက ဒိုင်းခနဲရောက်လာလေ၏။ လူကိုမြင်တာနဲ့ ရန်သူ


www.burmeseclassic.com

www.burmeseclassic.com


ပဲ ကြည့်တော့တာပါပဲလား။

“ဘာလဲ”

“သတိထားဖို့ပြောမလို့”

“ဘာကိုလဲ”

“ရွှေအိုးမဟုတ်ဘဲ ဂျပန်ခေတ်တုန်းက အမြောက်ဆံ ဗုံးဆံဖြစ်နေမှာစိုးလို့လေ”

“ဗုံး! ”

ဗန္ဓုလသွေးပါပဲ။ ရှိသမျှအလုပ်သမားတွေ ပြန်းဆိုပင် အကုန်လုံး အပေါ်ကိုရောက်လာတော့တာလေ။ သူက စိုးရိမ်လို့ ပြောနေပေမယ့် သူ့ရဲ့ကျော်ကတော့ ဒီအချိန်မှာမှ သွေးအေးနေသလိုပါပဲလား။

“ရှင်နော်. . . ပေါက်ကရလျှောက်ပြောမနေနဲ့။ လူကို အလုပ်မပြီးနိုင်အောင်”

“စေတနာနဲ့ပြောတာပါ ကျော်ရဲ့”

“နေပါဦး။ ရှင်က ဘာကိစ္စနဲ့ ကျော့်နာမည်ကို အဖျား ဆွတ်ခေါ်ရတာလဲ”

“ဘာဖြစ်လဲ ကျော်ရဲ့၊ ကျော်ပိုင်ဆိုင်တာလည်း ဒီနာမည်တစ်လုံးပဲရှိတာမဟုတ်လား”



ဘာမှပြန်မချေပနိုင်ဘဲ ငြိမ်သွားလေ၏။ မှန်တာပြောတာမို့ မင်းလက်ခံရတာပဲမဟုတ်လား ကျော်။ ကိုယ်က မင်းကို ‘မြင့်မိုရ်ကျော်’လို့ ခပ်ရှင့်ရှင့်ခေါ်တာထက် အခုလို ‘ကျော်’လို့ခေါ် ရတာကို ပိုအာတွေ့တာအမှန်ပါပဲ။

“မမလေး ဆက်တူးရမှာလား”

“တူးရမှာပေါ့”

“ဗုံးဖြစ်နေရင်ရော”

“ဗုံးဆိုတော့လည်း ပေါက်ကွဲရင် ငါကအစသေရုံပေါ့။ ယောကျ်ားဖြစ်ပြီး ဒါလေးတောင် ကြောက်နေရလား။ ဆက်တူး”

▣▣▣


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

Phone မြည်သံကြောင့် နံပါတ်ကိုကြည့်ရင်း သက်မော မှိုက်လိုက်မိပါ၏။ ဒီလိုပြင်ပရိုးရိုးဂဏာန်းခြောက်လုံး Phone ဆိုရင် ဟိုကလေး ဆက်တာပဲဖြစ်မှာလေ။

"ဟဲလို. . . မြင့်မိုရ်ကျော်ပါ"

"မမ. . . ကျွန်တော်ပါ"

"ပြော"

"ကျွန်တော်ဘာလုပ်ရမှာလဲဗျာ၊ မေမေက မမနဲ့မပတ်သက်ရဘူးချည်း ပြောနေတာဗျ"

ကြည့်စမ်း! ဘာသဘောလဲမေမေ။ အစ်မနဲ့မောင်လေး ကိုတော့ ရင်းနှီးမှုရှိစေသင့်တာပေါ့။ ဖေဖေ့ကိုစိတ်နာတာနဲ့ပဲမောင်



www.burmeseclassic.com

www.burmeseclassic.com



လေနဲ့ကျော့်ကို ပေးမတွေ့စေချင်လို့ ဘယ်ရပါ့မလဲ။ မြင့်မိုရ်ကျော် ဆိုတာ ဦးမြင့်မိုရ်နဲ့ဒေါ်စပယ်တို့ရဲ့ ခေါင်းမာခြင်းအမွေတွေကို ပိုင် ဆိုင်ထားတာလေ။

"ကျောင်းလျှောက်ဖို့ Form တွေ စာရွက်စာတမ်းတွေ ထုတ်ပြီးပြီလား"

"ဟုတ်ကဲ့"

"အဲဒါတွေယူပြီး 'မ'ဆီကိုလာတွေ့"

"မေမေက"

" 'မ'ဆီလာတွေ့ရင် မင်းကိုလျှို့ဝှက်ချက်အကြီးကြီး တစ်ခု ဖွင့်ပြောပြမယ်။ ဒီတော့ လာရင် မင်းနဲ့'မ'အမြဲတွေ့ရမယ်၊ မလာဘူးဆိုရင် တစ်သက်လုံး ဘယ်တော့မှ 'မ'ကိုမြင်ရလိမ့်မယ် မထင်နဲ့။ ဒါပဲ"

Phone ကိုပိတ်လိုက်ပြီး စားပွဲပေါ်မှ Phone ဖြင့် ပစ္စည်း မှာသည့်အလုပ်ကို လုပ်နေရပါ၏။ ဘယ်ကိုပဲဆက်ဆက် ပစ္စည်း ကမရှိ။ ရှိတော့လည်း ဈေးက မတန်တဆကြီးနေပြန်တာလေ။ ဒီပုံနဲ့ ကျော့်ဆိုက်ကို ရပ်ထားရတော့မှာလား။ ကိုယ့်ကိုမှီပြီး ထမင်း စားနေရတဲ့အလုပ်သမားတွေအတွက် အလုပ်မရှိလို့မဖြစ်ပါလေ။

'ဘုန်းထက်မာန်'။ သူ့ခြံထဲမှာ ပစ္စည်းတွေပိုတာကို မြင် သာအောင် ကျော်တို့ခြံစည်းရိုးနားမှာ လာပုံထားတာမဟုတ်လား။ ဆောက်! အတော်လည်တဲ့လူ။ ပစ္စည်းတွေရှိသမျှ အကုန်သိမ်း ကျုံးဝယ်စုထားပြီး ဆောက်လုပ်ရေးလုပ်ငန်းတွေရပ်အောင် ချုပ် ကိုင်ထားတာလေ။

ရှင် ဘယ်လိုလဲ။ ကျော်တောင်းတောင်းပန်ပန်နဲ့ 'ကျော့် ကို ပစ္စည်းလေးရောင်းပါလားရှင်'ဆိုတဲ့ ချိုသာတဲ့စကားကို ပြော စေချင်လို့များလား။ ဝေးသေးတယ် ဘုန်းထက်မာန်ရေ့။

"ဘုရား!"

Hand Phone ထမြည်ပြန်တာမို့ လန့်သွားရပါ၏။ မေ မေ့ Phone နံပါတ်မို့ နှာခေါင်းရှုံ့လိုက်မိလေသည်။ ကျော့်မေမေ Phone ဆက်ရင်တော့ စကားပြောမှာထက် ဆူဖို့က 80 % သေချာတယ်ပါလား။

"ဟဲလို"

"အေး. . . ဟဲလိုနေ,မိကျော်ရေ့။ ကုန်ပြတ်နေတာကို အခုနိထိ ရေခဲတုံး ဖင်ခုထိုင်နေတုန်းလား။ နင့်အလုပ်သမားတွေ ကို ဒီအတိုင်းထားလိုက်ရင် သူများနောက် ပါကုန်တော့မယ်"

"ကျော်လည်း ရှာနေတာပဲလေ မေမေရဲ့။ အခုရှိတာ လေးနဲ့ သူတို့ဆောက်နေတာပဲဟာ"







www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လေးနဲ့ ရမလား။ နှစ်ရက်သုံးရက်နဲ့ ပြတ်သွားမယ့်ဟာကို၊ ကြည့်စမ်း! ခုချိန်ထိ ဘုန်းထက်မာန်ကို မတောင်းပန်သေးဘူးလား မိကျော်"

"တောင်းပန်ပြီးပါပြီ ဖေဖေရ"

"ဒါဆိုရင်လည်း ကုန်ရဖို့ပြောမှပေါ့"

"ဟာ! ကျော်လုပ်ထားတဲ့အမှုတောင် ပူပူနွေးနွေးရှိသေးတဲ့ဟာကို၊ ကုန်ပေးပါပြောဖို့ကောင်းမလား ဖေဖေရ၊ အခြေအနေလည်း ကြည့်ဦး"

"ဒေါက်! ဒေါက်!. . ."

တံခါးခေါက်သံကြောင့် လှမ်းကြည့်မိစဉ် စိမ့်စိမ့်က နှုတ်ဆက်ကိုခေါ်လာတာမို့ ဝင်လာရန် လက်ဖြင့်အချက်ပြကာ ဖေဖေနှင့်စကားဆက်ပြောနေရလေ၏။

"ဘာဖြစ်လဲ၊ လူ့အောက်ကျို့လို့ လဲသေမသွားပါဘူး။ အရေးကြီးတာ ကိုယ့်အတွက် ဘာကျန်မလဲ၊ ဘာအကျိုးအမြတ်ရမလဲဆိုတာပဲ"

ပြောတတ်ပါပေရဲ့။ အောက်ကျို့ရတာ ဘာမှမဖြစ်စေမယ့် အဲဒီလူကိုတော့ ဘယ်နည်းနဲ့မှ ဒူးမထောက် လက်မမြှောက်အလံဖြူမပြချင်တာပါလေ။





"နှင် ခုချိန်ထိ သူနဲ့ကောင်းကောင်းစကားမပြောဘူးဟုတ်လား"

"ပြောပါတယ် ဖေဖေရဲ့"

"ပြောရင် OK ရမှာပေါ့၊ ဟိုက ကူညီချင်နေတာမှတစ်ပိုင်းကို သေနေပြီ"

"ဟမ်"

"ဒို့ခမည်းခမက်က ဘာပြောတယ်ထင်လဲ၊ အကူအညီလိုရင် အချိန်မရွေးပြော။ Welcome တဲ့"

သေစမ်း! ခမည်းခမက်တဲ့၊ ဖေဖေကတော့ လုပ်ချလိုက်ပြန်ပါပြီ၊ အကျိုးအမြတ်ရဖို့ဆို ကိုယ့်သမီးတောင် ရောင်းစားမယ့်ပုံပါလား။ ဘယ်လိုအဖေပါလိမ့်နော်။

"ဖေဖေကလည်း ကျော့်ကို အဲဒီလိုမလုပ်ပါနဲ့။ ဟင်းချက်ကန်စွန်းမှမဟုတ်တာကို"

"ဒီလိုပဲ သူများလိုချင်စိတ်ဖြစ်လာအောင် ငါးစာချတန်ချရတယ် သမီးရေ။ နှင့်ဘက်ကစရင် အားလုံးအဆင်ပြေလိမ့်မယ်ဒါပဲ. . . ဒါပဲ"

ပြောချင်တာပြောပြီး Phone ချသွားချေပြီ။ ကျော့်ရှေ့မှာ ထိုင်စောင့်နေသည့်ချာတိတ်မျက်နှာက သိချင်စိတ်ပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့မျက်ဝန်းတွေနဲ့ပါလေ။ ဟုတ်တယ်၊ ဒီမျက်လုံးလေးတွေကို စမြင်လိုက်ကတည်းက ကျော့်ရင်ကို နွေးခနဲဖြစ်သွားစေခဲ့တာ နောက်ဆုံးတော့ နန္ဒပိုင်ဆိုင်ထားတာ မေမေ့မျက်ဝန်းတွေတဲ့။

ကျော်က ဖေဖေ့လက်အောက်မှာ ကြီးပြင်းခဲ့ရတာမို့ မာဆတ်ဆတ် ဂျစ်ကန်ကန်ဟန်ဖြင့် ဖေဖေ့ဟန် ဖေဖေ့ပုံစံအတိုင်း ဖြစ်ခဲ့တာပါ။ အဖေတူသမီးလို့ဆိုရလောက်အောင်ကိုပဲ တစ်ပုံစံတည်းတူတဲ့သမီးမဟုတ်ပါလား။ ဒါကြောင့်လည်း မေမေ အိမ်ကဆင်းစဉ်က ကျော့်ကို ဖေဖေဆွဲထားခဲ့တာထင်ပါရဲ့။

"ဟာ! လူကို ဒီအတိုင်းပဲကြည့်နေတော့မှာလား မမရဲ့"

"မောင်"

""ဟာဗျာ၊ ဘယ်လိုကြီးခေါ်လိုက်တာလဲ"

"မောင်လို့ခေါ်လိုက်တာလေ၊ ဘာလဲ. . . မကြိုက်ဘူးလား"

"မကြိုက်လို့မဟုတ်ပါဘူး၊ တစ်မျိုးကြီးပဲ၊ အသည်းယားလို့"

ကောင်လေးက ရှက်စနိုးဟန်ဖြင့် လက်ဝါးနှစ်ဖက်ကို ဆုပ်ကာ ခေါင်းငုံ့သွားလေ၏။ အဲဒါလည်း မေမေနဲ့တူနေတာပါ





လေ။ ဖေဖေသာ မောင့်ကိုမြင်ရင် ဘာပြောမလဲ၊ အနည်းဆုံးတော့ တစ်ယောက်ယောက်နဲ့ဆင်တယ်ထင်ပြီး သံသယဝင်မှာ အသေအချာလေ။

"ဘာပြောပြမှာလဲဟင်"

"ပေး"

"ဘာကိုလဲ"

"မောင့်ကို စာရွက်စာတမ်းတွေ ယူလာခိုင်းတာလေ၊ ပါမလာဘူးလား"

"ပါလာပါတယ်"

"ဒါဆို ပေး"

လွယ်အိတ်ထဲမှ စာအိတ်ညိုကိုထုတ်ယူကာ ကျော့်ထံ လှမ်းပေးလိုက်လေ၏။ စိတ်တော့ တိုက်ရမှာပါပဲ။ ဖေဖေနဲ့မေမေ ပြန်ပေါင်းထုပ်ပါမှ ကျော်လည်း မောင်လေးနဲ့အတူတူ နေခွင့်ရမှာလေ။ သူများတကာမောင်တွေလို 'ဟိုဟာလေး''ဒီဟာလေး' ဆိုပြီး လက်ညှိုးထိုးပူဆာသမျှ အလိုလိုက်ပြီး ဝယ်ပေးချင်ပါရဲ့။

"မင်း ဆေးကျောင်းတက်ရမယ်"

"မမ. . . အဲဒါ"

"အဲဒီကျောင်းတက်ခွင့်ရရင် လုပ်ပေးရမယ့်အလုပ်ရှိ



www.burmeseclassic.com

www.burmeseclassic.com


တယ်''

''ဘာအလုပ်လဲ''

''အောင်သွယ်တော်''

''ဗျာ! အောင်သွယ်တော်. . . ဟုတ်လား''

''အင်း''

''ကျွန်တော်က ဘယ်သူ့ကို အောင်သွယ်ပေးရမှာလဲ မမရ''

''လူနှစ်ယောက်ကို''

ကောင်လေးမျက်နှာ ပြုံးစိစိဖြစ်သွားလေ၏။ လွယ်တယ် များ ထင်နေသလား။ မာနကိုကိုးကွယ်ကြတဲ့ ဒီအဖေနဲ့အမေကို ပြန်ပေါင်းစည်းဖို့ဆိုတာက တောင်ကိုရိုးယားနဲ့မြောက်ကိုရိုးယား ကို စေ့စပ်ပေးရမယ့်ကိစ္စလို ခက်ခဲနေမှာပါလေ။

''ဘာလဲ၊ မမ ဘယ်သူ့ကိုစိတ်ဝင်စားနေလို့လဲ''

''ဟဲ့!''

''ဘယ်သူ့ကိုပြောပေးရမှာလဲဟင်''

''သေတော့မှာပဲ၊ နင်ကများ ငါ့ကို အောင်သွယ်ပေးရ မယ်လို့ထင်နေလား''

''သိဘူးလေ၊ မမပဲ လူနှစ်ယောက်ကိုဆို''



စောစောကလေးတင် ဖေဖေပြောထားတဲ့အရှိန်ကြောင့် နန္ဒပြောသည်နှင့် ကျော့်မျက်နှာ အနည်းငယ်အမ်းသွားရပါ၏။ အစ်မကိုအောင်သွယ်ပေးမယ့်မောင်တဲ့။ ကိုယ်နစ်နာမှာကိုတော့ စဉ်းစားတာလေ။

''လူနှစ်ယောက်ဆိုတာ ဦးမြင့်မိုရ်နဲ့ ဒေါ်စပယ်ကိုပြော တာ''

''ဦးမြင့်မိုရ်နဲ့ ဒေါ်ဘယ်သူ''

''ဒေါ်စပယ်လေ၊ ရှင့်မေမေ''

''မေမေ့ကို. . . ဦးမြင့်မိုရ်ဆိုတာက''

'' 'မ'ဖေဖေ''

''အာ. . . ကျွန်တော့်မေမေကို ဘာလို့ပေးရမှာလဲ မပေး နိုင်ပါဘူး''

''ဟဲ့! ဒီအဖေနဲ့ဒီအမေကိုမှ ပြန်မပေါင်းပေးရင် သား သမီးဝတ် ကျေပွန်ပါ့မလား။ သေချာလည်း စဉ်းစားဦး''

''ဒီအဖေနဲ့ဒီအမေ. . . မမ ဘာကိုဆိုလိုတာလဲ''

နန္ဒက ကျော်ပြောတာကို သဘောမပေါက်ဘဲ ခဏမျှ စဉ်းစားဟန်ပြုလေ၏။

ကျို့ထားသည့်မျက်မှောင်လေးက တဖြည်းဖြည်းပြေ


www.burmeseclassic.com

www.burmeseclassic.com



လာစဉ် နန္ဒမျက်နှာမှာ အပြုံးတွေပေါ်လာတော့သည်။

"ဒီအဖေနဲ့ဒီအမေဆိုတော့ မမနဲ့ကျွန်တော်က"

"အေး. . . ဟုတ်တယ်"

"ဟား!. . . ဝမ်းသာလိုက်တာ မမရာ၊ ကျွန်တော်က မမကိုမြင်မြင်ချင်း အစ်မရင်းလိုချစ်ခဲ့တာဗျ။ အားဟား. . ."

ကလေးပေါက်စလေးနှယ် ခုန်ပေါက်လိုက်သလို ဆံ့လည်ခုံမှာ ထိုင်နေသည့်ကျော့ကိုလည်း ကျောနောက်ဘက်မှ ခပ်တင်းတင်းပွေ့ဖက်လိုက်ရင်း ပါးကိုပါ ရွှတ်ခနဲနမ်းလိုက်လေ၏။

"ဟဲ့! ဘာလုပ်တာလဲ"

"ချစ်လို့ ဆုချတာ"

"သေဦးမယ်"

မေမေနှင့်မောင် ဤသို့လက်ပွန်းတတီးရှိသလို ချစ်ကြတာကို ကျော်မျက်မြင်တွေ့ခဲ့တာပါလေ။ ဖေဖေ့ကို ဒီလိုမျိုး ရင်းရင်းနှီးနှီးကြီးမနေဖူးတာကြောင့် မောင် ဤသို့ပြုမူတာကို ဝမ်းသာဝမ်းနည်းဖြင့် ရင်ထဲတစ်မျိုးကြီးခံစားရတာ အမှန်ပါပင်။

"ကဲ! ထိုင်စမ်းပါဦးမှာယ်၊ ကလေးကလားနဲ့"

"ခဏလောက်နေပါရစေ မမရဲ့၊ ကျွန်တော်က ဒီလိုချွဲလို့ရမယ့်အစ်မမျိုး အရမ်းကိုလိုချင်ခဲ့တာ"



"အေးပါ နောက်မှချွဲစမ်း၊ ဒါ ရုံးခန်းဟဲ့"

"ရုံးခန်းလည်း ဘာဖြစ်လဲ၊ ကိုယ့်အစ်မကိုယ်ချစ်တာ၊ မနာလိုတဲ့သူ လဲသေပေါ့"

"ဘယ်လိုလဲ၊ ဆေးကျောင်းတက်မှာလား"

"အင်း. . . တက်မှာပေါ့"

"မေမေ့ကိုဘယ်လိုပြောမလဲ"

"ကြည့်ရှိုရုံပေါ့၊ လောလောဆယ်ဖုံးထားဦးမယ်။ နောက်မှသိတော့လည်း မမနဲ့မောင် ပေါင်းကူးတံတားလေးအဖြစ် ထိုးပေးလိုက်ရုံပေါ့လေ"

နှစ်ယောက်သား လွတ်လပ်ပေါ့ပါးစွာ ရယ်ဖြစ်ကြလေ၏။ ကျောင်းတက်ရန်အတွက် မောင့်ကိုရည်စူးပြီး ဝယ်ထားသည့် ပစ္စည်းတွေကို စားပွဲအံဆွဲ (aluminium )သော့ဖွင့်လျက် ယူလိုက်ပါသည်။

"ရော့"

"ဘာတွေလဲ"

"မောင်လိုအပ်တာတွေပေါ့"

"ဒါတွေအကုန် ယူသွားရင် မေမေရိပ်မိသွားမှာပေါ့ မမရ"



www.burmeseclassic.com

www.burmeseclassic.com

"ကျန်တာတွေ မယူသေးရင်ထားတော့၊ Phone တော့ ယူထားရမှာပေါ့မောင်ရဲ့၊ နို့မို့ 'မ'ဆီ Phone ဆက်ရင် လမ်းထိပ် စတိုးဆိုင်သွားဆက်ရတာမဟုတ်လား။ အဲဒီထဲမှာ 'မ'Phone နံပါတ်ထည့်ပေးပြီးသား။ အားသွင်းစက်က ဒီမှာ"

"ကတ် Phone ပေါ့နော်"

"အင်းလေ၊ မကြိုက်ဘူးလား. . . အသံကြည်ပါတယ် မောင်ရဲ့၊ ကတ်ကုန်ရင် 'မ'ထပ်ဖြည့်ပေးမှာပေါ့။ ပူမနေပါနဲ့"

မောင်က CDMA Phone ကိုကိုင်ကြည့်ရင်း ပြုံးတုံ့တုံ့ လေးဖြစ်နေပါ၏။ မကိုင်ဖူးတာတွေ ကိုင်နေရတာကိုး။ လှချင် ပချင်သုံးချင်မယ့် ဒီအရွယ်လေးကို သူများတွေနဲ့တန်းတူရှိစေချင် ပါတယ်လေ။

"မေမေပြောတော့ ဖေဖေက သေပြီကဲ့"

"မသေဘဲ ငုတ်တုပ်ကြီးရှိနေသေးတယ်"

"ခုတော့ ဖေဖေပါမကာဘူး၊ မမကတောင် အဆစ်ပါနေ သေး"

"အံမယ်! ငါ့ကိုများ အဆစ်တဲ့။ နင်ကမှ အပိုအဆစ် ထည့်ပေးလိုက်တဲ့ဟာလေး. . . ကဲ"

နဖူးကို ဖျပ်ခနဲပုတ်လိုက်တာမို့ နန္ဒရယ်လေ၏။





သေပြီတဲ့လား. . . ပြည့်ပြည့်စုံစုံနေခွင့်ရပါလျက် ကျော ချင်းဆင်းသွားရတဲ့အကြောင်းက ဘာပါလဲ၊ ဖေဖေ့ကို ဘာကြောင့် များ စိတ်နာ မုန်းတီးနေရပါသလဲမေမေ။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

"ပြောလေ ကျော်"

တွန့်ခနဲဖြစ်သွားရပါ၏။ တွေ့လား. . . ခေါ်ပုံကိုက ပိုင်စိုးပိုင်နင်းနဲ့လေ။ အဲဒီဖေဖေက ကျော်မပြောချင်ပါဘူးဆိုနေတာကို အတင်းပဲပြောခိုင်းနေတာလေ။ ငါနော်၊ ဒင်းကတော့ လူကို မသိတာထိပြောနေပြီမဟုတ်လား၊ ဘာမှမပြောချင်ပေမယ့် အလုပ်ကိစ္စကတော့ မဖြစ်မနေပြောရတော့မှာပါပဲ။

"ဟိုလေ"

"Phone ထဲမှာမပြောချင်ရင် လူကိုယ်တိုင်တွေ့မှပဲ ပြောပါလား ကျော်"

"အာ. . . ရှင့်အိမ်ကို ကျော် မလာချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကိုမလာခိုင်းပါဘူး ကျော်ရဲ့၊ အခုဆောက်လက်စ ခြံမှာပဲ တွေ့ကြမယ်လေ"

"အင်း"

"နှစ်ယောက်က နီးနီးလေးဖြစ်ပေမယ့် ကိုယ်တို့ကြားမှာ တံတိုင်းကြီးခြားနေလို့ စကားပြောရတာ အဆင်မပြေဖြစ်နေသလို့ပဲ"

"တံတိုင်း"

"အင်းလေ"

"ဘာတံတိုင်းဖြစ်ရမှာလဲ၊ ခုချိန်ထိ ခနော်နီခနော်နဲ့ သံဆူးကြိုးပဲ ရှိနေတာကို"

"သံဆူးကြိုးလည်း ကိုယ့်အတွက်ကတော့ မဟာတံတိုင်းကြီးပဲ ကျော်ရဲ့"

"ဘာဖြစ်လို့လဲ"

"ကျော့်အနားကိုရောက်လာဖို့ အဟန့်အတားဖြစ်ရလို့ပေါ့"

အလို!. . . ဒါက ဘာစကားကြီးတုန်း။ ကျော့်အနားကို ရောက်ချင်လို့တဲ့လေ။ ရှင်က ကျော့်ကိုဘယ်လိုများသဘောထားချင်လို့ပါလဲ ဦးဘုန်းထက်မှာန်။ ကျော်နဲ့ရှင်က ခုချိန်ထိ စကား





အေးအေးဆေးဆေးလေးတောင် တစ်ကြိမ်တစ်ခါမှမပြောရသေးတာလေ။

"ကျော့်နားကို ဘာလို့ရောက်ချင်ရတာလဲ"

"ဒါကတော့"

"မဟုတ်မှလွဲရော၊ ရှင် ကျော့်ခြံကိုလိုချင်နေတာတော့ မဟုတ်လောက်ပါဘူးနော်"

သူ ဟက်ဟက်ပက်ပက်ရယ်လိုက်လေသည်။ နေပါဦး၊ ကျော့်စကားထဲမှာ ရယ်စရာမှမပါတဲ့ဟာ။ သူဘာကိုသဘောကျရတာပါလဲ။ ဘယ်လိုမှစဉ်းစားလို့မရနိုင်တာလေ။

"မယူပါဘူး ကျော်ရယ်၊ မဟုတ်တာကို"

"သိနိုင်ဘူးလေ၊ ရှင်က သံဆူးကြိုးကိုဖြုတ်ချင်နေတာတို့"

"ဖြုတ်ချင်တာတော့ အမှန်ပဲ၊ နို့မို့ ကျော်က အုတ်တံတိုင်း ကာတော့မှာမဟုတ်လား"

"ကျော် ဘာလို့ကာရမှာလဲ၊ ရှင့်တိုက်အရင်ပြီးတဲ့ဟာ ရှင့်ဘက်က ကာပေါ့လို့"

"ကိုယ်က မကာချင်တော့ဘူးဆိုရင်ကော"

ကြည့်! လုပ်ပြန်ပြီ၊ ဒင်းကတော့ ကပ်သပ်တဲ့နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်မရှိတာလေ။ ဒီလောက်ခြံထဲမှာ အုတ်တွေ ကျောက်တွေ သဲတွေ သံတွေ ပုံထားတဲ့ဟာ။ အပိုတွေဖြစ်နေတာမဟုတ်လား။ အဲဒါတွေနဲ့ အုတ်တံတိုင်းကိုကာရမှာလေ။ အလကားလူ သူပိုက်ဆံကုန်မှာကို ကြောက်လို့ပဲမဟုတ်လား။ ကျော်ပြောသားပဲ၊ စီးပွားရေးသမားဆိုတာ ကိုယ့်အတွက် အကျိုးအမြတ်မကျန်ရင် ဘာမှမလုပ်ဘူးဆိုတာလေ။

"ကပ်စေးနဲ"

"ဘယ်လို"

"ကပ်စေးနဲလို့ပြောတာလေ၊ မဟုတ်လို့လား"

"ကပ်စေးမနဲပါဘူး ကျော်ရာ၊ ကိုယ့်တိုက်ကိုပြီးရင် ကျော်မြင်ရအောင်လို့ ခြံမကာသေးဘူးလို့ပြောတာပါ"

"ယုံရခက်ခက်ပါလား"

"မယုံရင် စောင့်ကြည့်လိုက်လေ၊ ခုထိ မလာသေးဘူးလား"

"ဟင်. . . ရှင် ဘယ်ကဆက်နေတာလဲ"

"ကိုယ် ခြံထဲရောက်နေပြီကျော်ရဲ့၊ လာတော့လေ"

အံမယ်! လူကိုများ Date ရတယ်လို့၊ သူနဲ့ကျော်က ဘာဆိုင်လို့တုန်း။ အလုပ်ရှိတဲ့နေရာမှာ တွေ့ကြမယ်တဲ့လေ။ ဒီ





သူက အတော်လည်တဲ့လူပါပဲလား။

"ဘာကိစ္စလာရမှာလဲ"

"ဟောဗျာ! ဆောက်လက်စကို လာမကြည့်ဘူးလား ကျော်ရဲ့။ ကိုယ်နဲ့ကျော်က အလုပ်သမားတွေကို အမြဲတမ်းသေချာခိုင်းပြီး စနစ်တကျဆောက်လုပ်တတ်တဲ့ MD တွေလေကွာ။ ဒါလေးတောင်မှမသိဘူးလား"

"သိတယ်. . . သိတယ်၊ လာမှာပါ။ ဒါပေမဲ့ ရှင်ခေါ်လို့လာတာမဟုတ်ဘူးနော်"

မလုံမလဲချေပမိ၏။ ဟုတ်တယ်လေ၊ လူကို ဒီလိုဟိုလို မလာသေးဘူးလားဆိုပြီး ခေါ်နေတာကိုး။ ဖေဖေက ကုမ္ပဏီသွားနှင့်ပြီမို့ ကျော်ပဲထွက်ဖို့ရှိတာလေ။ ရေမိုးချိုး အဝတ်အစားလဲတာ လှေကားမှပြေးဆင်းလာခဲ့၏။

"သမီး"

"ရှင်. . . ကြီးမြ"

"ဒီတနင်္ဂနွေ ဘာချက်ရမလဲ"

"အာ! ကြီးမြကလည်း နေ့တိုင်းချက်နေတဲ့ဟာ၊ ကျော့်ကို ဘာလို့လာမေးရတာလဲ"

"မဟုတ်ဘူးလေ၊ ဒီတနင်္ဂနွေက သမီးမွေးနေ့ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလို ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်သွားပို့မလားလို့ပါ”

“မွေးနေ့”

ဟုတ်သားပဲ၊ ကျော်တောင် (၂၃)နှစ်ပြည့်ချေပြီ။ အိမ်မှာ မွေးနေ့ပါတီဆိုပြီး လုပ်လေ့မရှိပေမယ့် ကျော်ငယ်ငယ်ကတည်းက မေမေက ဟင်းမျိုးစုံချက်ပြီး ဘုန်းတော်ကြီးကျောင်းကိုသွားကပ်ပေးတာလေ။ ငယ်ငယ်ကတော့ ဂါဝန်လေးနဲ့ကလေးမို့ ဘုန်းကြီးကျောင်းသွားရင် အရမ်းပျော်ခဲ့သလို ဘုန်းဘုန်းကြီးကျွေးသမျှ သစ်သီးတွေမုန့်တွေ အဝစားခဲ့တာကိုး။

အရွယ်ရောက်လာတော့ ဘောင်းဘီနဲ့သွားရင် အမြင်မတော်တာမို့ ရှားရှားပါးပါးချုပ်ထားသည့် ချိတ်ပါသည့်လုံချည်ပျော့လေး သုံးလေးငါးထည်ဖြင့် သွားရတာလေ။ အပေါ်ကတော့ Blouse ရှိရှိဝတ်ဖြစ်ပေမယ့် မဝတ်ဖူးတာတွေဝတ်ရတိုင်း မျက်နှာရှက်အမ်းအမ်းကြီးဖြစ်ရတာမဟုတ်လား။ ဘေးမှာ ကြီးမြပါလာလို့သာ အဆင်ပြေရတာပါလေ။

“ကြီးမြအဆင်ပြေသလိုပဲ ချက်လိုက်လေ၊ ဈေးဖိုးရှိသေးရဲ့လား”

“ရှိပါတယ် သမီးရဲ့၊ သမီးဖေဖေပေးတာ လောက်ပါတယ်”





“ဒါဆို ဘုရားပန်းရယ်၊ သစ်သီးတို့မုန့်တို့ သင်္ကန်းခြင်းတို့ကို စနေနေ့ညနေမှပဲ ကျော်ဝယ်လာခဲ့တော့မယ်။ တကယ်လို့ ကျော်မေ့နေရင် သောကြာနေ့ကို ကျော်သတိရအောင် သတိပေးဦးနော် ကြီးမြ”

“အေးပါ သမီးရယ်”

ကားသော့ကို လက်ထဲမှာ ဆုပ်ပြီးဆော့လျက် တိုက်ထဲမှ ထွက်လိုက်ပါ၏။ ဟိုကလေးအတွက် Form ကိုတင်ပေးရဦးမှာလေ။ ပြီးရင် အလကားနေမယ့်အစား လိုအပ်တဲ့ Speaking တို့ဘာတို့ သင်တန်းတွေ အပ်ပေးရဦးမှာပဲ။ နို့မို့ ဝေလေလေနဲ့ အချိန်ကုန်နေမှာလေ။

“ဟဲ့! ပလုတ်တုတ်”

ကားမောင်းထွက်ရုံ ခြံပြင်မှာရှိသေး၊ Phone မြည်တာနဲ့ Phone ဖွင့်လိုက်ရပါ၏။ ဒီချာတိတ်တော့ အသက်ရှည်ဦးမှာ သေအချာပါပဲလား။

“မောင်လား. . . ပြော”

“အား. . . နားထဲကို ချိုသွားတာပဲမမရာ”

“ဘာပြောစရာရှိလို့လဲ”

“ပြောစရာတော့မရှိပါဘူး၊ ဒီလိုပဲ သတိရလို့”



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အားအားလျားလျား လျှောက်ဆက်မနေနဲ့လေ"

'မမကိုဆက်တာပဲဟာ"

"အိမ်ကနေ ဆက်နေတာလား"

"ဘယ်ကသာ၊ စက်ဘီးနဲ့လမ်းထွက်တုန်း"

"စက်ဘီးနင်းနေတုန်း မပြောရဘူးလေ၊ အန္တရာယ်ရှိတယ် မောင်ရဲ့"

"စက်ဘီးပေါ်မှာမဟုတ်ပါဘူး မမရဲ့။ လက်ဖက်ရည်ဆိုင်မှာပါ"

"သြော်"

"လာလည်လို့ရမလား"

"အိမ်ကိုလား"

"ဟုတ်ဘူး၊ မမဆီကို"

" 'မ'ကုမ္ပဏီမှာမဟုတ်ဘူး မောင်ရဲ့၊ ဆောက်လက် ဆိုက်ထဲမှာ"

"ဒါဆိုရင်လည်း အဲဒီကိုလိုက်လာမယ်လေ၊ ရမလား"

"ရပါတယ်၊ လာလေ၊ Taxi စီးလာခဲ့။ ဒီရောက်ရင် 'မ'ရှင်းပေးမယ်။ (. . .) ကိုလို့ပြောလိုက်ရင် ရတယ်မောင်"

"ကျေးဇူး မမ"





"ဒါဆို ဒါပဲနော်"

"ဟုတ်"

Phone ပိတ်လိုက်ပြီး ကားကို လမ်းကြားထဲကွေ့ဝင်လိုက်စဉ် ကျော့်ခြံရှေ့မှာ လက်ပိုက်စောင့်နေသည့်သူ့ကို တွေ့လိုက်ရလေ၏။ ရော်. . . လူကိုလာစောင့်နေရတယ်လို့။

"ဘာလုပ်နေတာလဲ"

"ကျော့်ပဲ တွေ့ချင်လို့ဆို"

"အို. . . ဘယ်မှာတွေ့ချင်တယ်ပြောနေလို့လဲ"

"ကျော့်ပဲ ပြောစရာရှိလို့ဆို"

ကြည့်! အလုပ်သမားတွေရှေ့မှာ ဟိုမလွတ်ဒီမလွတ်တဲ့ စကားမျိုးပြောရတယ်လို့။ စိတ်တိုသွားပေမယ့် ထိန်းရပါ၏။ သူ့ကို အကူအညီတောင်းရဦးမှာမဟုတ်လား။

"နောက်မှ အေးအေးဆေးဆေးပြောလည်း ဖြစ်ပါတယ် ရှင်ရဲ့"

"ဘယ်အချိန်ထိ ဒီတရှင်ရှင်ကို သုံးနေဦးမှာလဲ"

"ဒီလိုမသုံးလို့ ဘယ်လိုသုံးရမှာလဲ"

"ကိုယ့်ကို မာမီက ကိုထက်လို့ခေါ်တယ်"

"ခေါ်ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ကိုဘုန်းလို့ခေါ်ပေါ့ ကျော်ရဲ့"

မျက်စောင်းက ဒိုင်းခနဲရောက်သွားလေ၏။ တွေ့လား ယောကျ်ားတွေများ နည်းနည်းအရောဝင်မိတာနဲ့ ရောင့်တက်ပြီလေ။ အဲဒါကြောင့် ကျော် မပြောချင်တာပေါ့။

"အဲဒီလိုခေါ်ရင် ဘာပေးမှာမို့လို့လဲ"

ကဲ! အပေးအယူရှိစတမ်းဆို၊ ဒါဆိုလည်း ပေးယူကြတာပေါ့။ သူ့မျက်နှာကိုမော့ကြည့်စဉ် နဖူးမှအရာလေးက ကျော့်ရင်ကို လှုပ်ခတ်နေပါ၏။ ဒါ ကျော်လုပ်ခဲ့တဲ့ဒဏ်ရာပဲမဟုတ်ပါလား။ ဟိုးအရင်ကဆို နဖူးမှာ အမာရွတ်မြင်တိုင်း ဒေါသထွက်တဲ့ပုဏ္ဏားဆိုတာ ရှိတယ်တဲ့။ ဒီလိုပဲ သူကော ကျော့်အပေါ် အငြိုး မရှိဘူးလို့ ထင်မှတ်လို့ရပါ့မလားလေ။

"မင်း ကိုယ့်ကိုတစ်ခုပေးပြီးရင် လျော်ပေးရမှာပေါ့ ကျော်ရဲ့"

"ဘာကိုလဲ"

သူက နဖူးမှဒဏ်ရာကို လက်ညှိုးဖြင့် အသာထိပြတာမို့ ကျော့်မျက်နှာ ပျက်သွားရပါ၏။ ထင်နေတုန်းမှာပဲ သူ့ရင်ထဲမှာ တကယ်အငြိုးရှိနေတာမဟုတ်ပါလား။ 'ကိုဘုန်း'လို့ခေါ်ပါတဲ့။ ဒါဆိုရင်ရော ရင်ထဲကဒဏ်ရာက ကျက်ပါ့မလားရှင်ရယ်။





"အဲဒီလိုခေါ်ရင် ကျော့်ကိုခွင့်လွှတ်ပေးမယ်ပေါ့လေ၊ အဲဒီလိုလား"

"ဒါပေါ့"

"ဒါဆိုကောင်းပြီလေ၊ ခေါ်တာပေါ့"

"OK"

သူက ပြောစရာရှိတာပြောပြီးပြီမို့ ပြန်လှည့်လိုက်စဉ် ကျော်က ဆက်ပြောချင်တာမို့ သူ့ကိုလှမ်းခေါ်ရန် ခြေရှေ့လိုက်ပါ၏။ ရုတ်တရက် သူက ဖျပ်ခနဲလှည့်လိုက်တာမို့ လူနှစ်ယောက်က အနီးကပ်မျက်နှာချင်းဆိုင် ဖြစ်သွားရလေသည်။

"ဟောဗျာ"

BURMESE CLASSIC .com

"အာ. . . ကျော်က ခေါ်မလို့ပြင်ရုံရှိသေး"

"အဲဒါကြောင့်ပြောတာပေါ့၊ ကိုယ်လည်း ကျော်ခေါ်တော့မှာကိုသိလို့ လှည့်လိုက်တာ။ စိတ်ချင်းများ ဆက်နေပြီလား"

"ရှင်. . . အမေ့!"

နောက်ကိုခြေလှမ်းပြန်ဆုတ်လိုက်မိတာမို့ ခဲနင်းမိကာ ခြေချော်လေ၏။ သူက ကျော့်လက်မောင်းကိုဆွဲကိုင်လျက် လဲကျစေရန် ထိန်းပေးလိုက်လေသည်။

"ဘယ်လိုဖြစ်ရတာလဲ ကျော်ရဲ့၊ ကိုယ် ကိုက်စားမှာနိုး



www.burmeseclassic.com

www.burmeseclassic.com

လို့လား''

''ကိုက်စားရအောင် ကျော်က ဘဲကင်မှမဟုတ်တဲ့ဟာ''

မျက်စောင်းခဲလိုက်မိပြန်၏။ နေပါဦး၊ သူ့ကို ကျော်က ဒီလိုပဲမျက်စောင်းခဲမိတာ ခဏခဏပါပဲလားနော်။ စိတ်ရှုပ်ရပြီ။

''ဘာပြောမှာလဲ''

''ဟိုလေ''

''ဆောက်လုပ်ရေးပစ္စည်းတွေ လှည့်ပေးဖို့မဟုတ်လား''

''ဟင်! သိလိုက်တာပဲလား''

''သိတာပေါ့၊ ကိုယ်ပြောတယ်လေ၊ ကိုယ်နဲ့ကျော်က စိတ်ချင်းဆက်နေတာပါလို့''

BURMESE CLASSIC .com

''ဘာမှမဆိုင်ဘူး''

''ပစ္စည်းတွေလိုသလောက်ပေးရင် ကိုယ့်ကိုဘာပြန်ပေးမှာလဲ''

''ကြည့်''

''ငွေတော့မလိုဘူးနော်၊ ကိုယ့်မှာငွေမှမရှားတဲ့ဟာ''

ကြည့်စမ်း! အပေးအယူလုပ်ပြန်ပြီ။ ရှင်က တကယ်ကြောက်စရာကောင်းတဲ့လူပါပဲလား ဦးဘုန်းထက်မာန်။

▣ ▣ ▣



# အခန်း (၁၂)

''ဖဲကြိုးဖြတ်မယ်ဟေ့''

''ဘာဖွင့်ပွဲလဲ သူဌေးလေး''

''ရွှေလမ်းငွေလမ်းပေါ့ဗျ၊ မောင်မြင့်ရေ, Cutter ယူလာခဲ့ပါ''

သူ့စကားကြောင့် အလုပ်သမားတွေ အုံ့ဩနေချိန်မှာ သူက သံဆူးကြိုး(အနည်းငယ်ဆွေးနေသည့်ခြံစည်းရိုး)ကို Cutter ဖြင့် ဖြတ်လိုက်ပါ၏။ မောင်မြင့်က သံကြိုးခွေကို စနစ်တကျခွေလိပ်ကာ သေချာပုံထားလေသည်။ သူ့အိမ်က အကြမ်းထည်ပြီးနေပြီမို့ အချောကိုင် မှန်တပ်ပြီးရင် ခြံအလှဆင်ဖို့ပဲ ကျန်တော့တာလေ။



www.burmeseclassic.com

www.burmeseclassic.com

"ကဲကဲ. . . အထဲမှာလုပ်တဲ့သူက လုပ်နှင့် ဒီပစ္စည်းတွေကို ဟိုဘက်ခြံထဲပို့ဖို့ သုံးယောက်လောက် လာဦး"

"ဗျာ! ဟိုဘက်ခြံထဲ"

"အေးလေ"

"သူဌေးလေးနဲ့ရန်ဖြစ်တဲ့ ဟိုအစ်မဆီကိုလား"

"အေးပေါ့၊ ဘာဖြစ်လို့လဲ။ ရန်ဖြစ်ပြီးရင် ဘာဆက်ဖြစ်မလဲ သိရဲ့လား"

"အဟီး! ရန်ဖြစ်ပြီးရင် ပြန်ချစ်တယ်တဲ့ သူဌေးလေးရဲ့ အဲဒီလိုလား"

"အေး. . . အဲဒီလိုပဲ"

သုံးယောက်လို့ သူပြောထားပေမယ့် ရှိသမျှအကုန်နီးပါး လုပ်ပေးကြတာမို့ ကျော်တို့ဆောက်နေတဲ့အိမ်နားထိ ပစ္စည်းတွေ သွားပုံပေးကြပါ၏။ အံမယ်! ဟိုဘက်ဒီဘက် ပန်းရံသမားလက်သမားတွေ အခုကျတော့ တည့်လို့ပါလား။ သူတို့ Boss တွေ OK ပြီဆိုတော့ ပျော်နေသလိုပါလေ။

"ဦးဘုန်းထက်မာန်"

ဟော! လာပါပြီ မဒေါသ။ 'ကိုဘုန်း'လို့ခေါ်မယ်ဆိုပြီး ခုထိမထူးခြားသေးတာလေ။ သူက သူ့တိုက်ရှေ့မှာပဲ ရပ်နေတာ





မို့ သူမလှမ်းဝင်လာတာကို လှည့်ကြည့်လိုက်ပါ၏။ အခုလေးတင် ခြံစည်းရိုးဖျက်ပြီးတယ်၊ အရင်စလျှောက်ပြီး ဝင်လာတာက မင်းဖြစ်နေပါရောလား ကျော်။ ဘယ်လိုလဲ။

"ဘယ်သူ့ကိုခေါ်တာလဲ"

"ရှင့်ကိုခေါ်တာ၊ ရှင့်ကို. . . ရှင့်ကို"

"ဒီနားမှာ ဘာရှဉ့်မှ ကိုယ်မမြင်မိပါဘူး။ အုန်းပင်မှာ အုန်းသီးတွေဘာတွေပေါက်ပြီး ကျတာမှမတွေ့တာ"

"ရှင်နော်"

"ကိုဘုန်းနော်လို့ပြောပါ ကျော်ရာ"

"ပြောနိုင်ဘူး။ ရှင့်အလုပ်သမားတွေကို ဘာတွေပေါက်ကရလျှောက်ပြောထားလဲ"

"ကိုယ်ဘာပြောမိလို့လဲ၊ ဘာမှမပြောပါဘူး"

"ဘာမပြောရမှာလဲ၊ ကျော်နဲ့ရှင်က ရွှေလမ်းငွေလမ်းဖောက်ပြီး Peace ဖြစ်နေပြီဆို။ OK ဆိုပြီး အတင်းပြောနေတာရှင့်"

"ဟုတ်လား၊ ကိုယ်ဖြင့် မပြောမိပေါင်"

"ရှင်နော်၊ ဖြောင်မလိမ်ချင်နဲ့၊ ယောက်ျားဆိုတာ ကိုယ်ပြောတဲ့စကားကို တည်ရတယ်ရှင့်"



www.burmeseclassic.com

www.burmeseclassic.com


"တည်ပါတယ် ကျော်ရဲ့ တည်ပါတယ်။ ကျော့်ကိုပြော သမျှ အားလုံးအတည်ချည်းပဲ။ အပြောင်အပျက်ပြောတာ တစ်ခု မှမပါပါဘူး"

"ဒါဆို အဲဒီစကားက ဘယ်လိုလုပ်ပြီးထွက်လာတာလဲ ပြော"

"ဘယ်သူက ဒီစကားပြောတာလဲ"

"ရှင့်အလုပ်သမားတွေပြောလို့ ကျော့်အလုပ်သမားတွေ သိကုန်တာပေါ့"

"ခုနပြောတာ ဘယ်လို"

"ကျစ်! ကျော်နဲ့ရှင်က ရွှေလမ်းငွေလမ်းဖောက်ပြီး Peace ဖြစ်နေပြီတဲ့"

"ဟုတ်တာပြောတာပဲလေ ကျော်ရဲ့ ဘာမှားလို့လဲ"

"ဘာ!"

"ရွှေတံခါးကြီးဖွင့်လိုက်လို့ ကျော်ပဲ ကိုယ့်ဆီရောက်လာ တာမဟုတ်လား"

"ဟင်"

"ဒီလိုပုံစံဖြစ်မှတော့ သူတို့ပြောချင်စရာဖြစ်သွားလို့ပေါ့ ကျော်ရယ်။ ပြောပါစေ"



"ဦးဘုန်းထက်မာန်"

ဒေါသထွက်စွာ ထပ်အော်လိုက်တာမို့ သူရယ်မိပြန်လေ ၏။ အဲဒီလို ဆတ်ဆတ်ထိမခံနိုင်လေ ပိုစချင်လေ မဟုတ်ပါလား။ ကျော့်ကို သူပြောဖူးပါတယ်လေ။ ကျော်ဒေါသထွက်တဲ့မျက်နှာ လေးကို သူအရမ်းသဘောကျပါတယ်လို့။

"အကြွေးမှတ်ထားရမှာလား"

"ဘာကိုလဲ"

"နာမည်ခေါ်မှာကိုပေါ့။ ပြီးတော့ စဉ်းစားပြီးပြီလား"

"လုပ်ပြန်ပြီ ဘာစဉ်းစားရမှာလဲ"

"ရော်! ကျော်ပဲ ပစ္စည်းတွေယူမယ်ဆို ကိုယ့်ကို List အတိအကျပေးပေါ့။ အခုလောလောဆယ်ရှိတဲ့ပစ္စည်းတွေပဲ ပို့ ထားပေးတာ။ ကျန်တာ မနက်ဖြန် သဘက်ခါ နောက်သုံးလေး ရက်လောက်အထိ လာပို့ပေးမှာပေါ့"

ပစ္စည်းကိစ္စပြောလိုက်တာမို့ မျက်နှာနီတာ လျော့သွား လေ၏။ အဲဒါပေါ့၊ ဘယ်လောက်ပဲ ဒေါသထွက်ထွက် ကျော်က ခဏလေးပဲ စိတ်ပြောင်းပြီး မျက်နှာတည်တဲ့မိန်းကလေးပါပဲလေ။

"ကျော်စီစဉ်ထားတာထက် ပိုကုန်မှာ"

"ကုန်ပါစေပေါ့ ကျော်ရဲ့ နောက်သုံးလေးလဆို ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

ဈေးလည်း ပြန်ကျတော့မှာမို့ ကျော် အဆင်ပြေမှာပါ''

''ပြောတော့လည်း လွယ်ပါ့၊ နေဦး၊ အဲဒီပစ္စည်းကြိုယူထားတာကို ပစ္စည်းအစားပဲပြန်ပေးရမှာလားဟင်''

'မဟုတ်ပါဘူး''

''ဒါဖြင့် ကျော်က ဘာပြန်ပေးရဦးမှာလဲ''

''ဒါလား''

သူပြုံးစစဖြင့်ကြည့်တာမို့ ကျော်က ခြေဆောင့်လိုက်လေ၏၊ ရော်! ဘယ်လိုလဲ၊ ကျော့်ဆီမှာ ဒီလိုကလေးဆန်တဲ့အပြုအမူမျိုးရှိမယ်လို့ သူဘယ်လိုမှထင်မထားပါလေ။ ကျော်, ယောကျ်ားဆန်တဲ့ပုံစံနဲ့နေပေမယ့် ကျော့်ဆီမှာ ဒီလိုမိန်းမသားဆန်တဲ့အမူအရာမျိုးရှိနေရတယ်လို့။

''ပြောလေ၊ ပေါက်ကရတွေတော့ လျှောက်မပြောနဲ့နော်။ အန်ကယ်နဲ့လာတိုင်မှာ''

''ဒက်ဒီကို''

''အင်းပေါ့''

''အားကိုးတကြီးနဲ့ပေါ့လေ''

''ကဲပါ၊ အချိန်မရှိဘူး။ အပေးအယူကိစ္စမြန်မြန်ပြော''

သူက သက်ပြင်းခိုးရှိုက်လိုက်မိပါ၏။ တကယ်တမ်းပြော





ချင်တာက 'လက်တွဲကြစို့ကျော်' ဆိုတဲ့စကားပါလေ။ သို့သော်သူ့ကို ကျော်စိတ်ဆိုးသွားမှာကို စိုးရိမ်လို့ပါပဲ။

''ပြောလေ''

''အင်း. . . ကိုယ့်အိမ်ကိုလေ''

''ဘယ်အိမ်လဲ''

''ဒီအိမ်ပေါ့၊ ခုဆောက်နေတဲ့အိမ်ကိုပဲပြောနေတာ''

''အင်း''

''အိမ်အတွင်း Decreation ဆင်ပေးဖို့ပါ''

''ကျော်က''

''ဒါပေါ့''

''Decreation ပြင်တာ ဘယ်လောက်များ ကုန်ကျမှာမို့လို့လဲ။ ရှင့်ဆီကယူတဲ့ပစ္စည်းတန်ဖိုးက ပိုများမှာကို''

''ဆင်နေကျပုံစံအတိုင်း ဆင်လို့ဘယ်ရပါ့မလဲ ကျော်ရဲ့။ ယ်ဆင်ပေးရမှာ''

''ရှယ်''

''အင်း''

''ဘာလို့လဲ''

''ဒီအိမ်က ကိုယ် မိန်းမယူရင် နေဖို့အိမ်လေ''



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းခဲပြီး နှုတ်ဆိတ်သွားလေ၏။ ဒီလိုပဲဖြစ်ရမယ်လေ။ 'ပြင်မပေးနိုင်ဘူး' လို့ပြောမယ်ဆိုရင်တော့ မင်းရင်ထဲမှာ ၂ ကောင်လေးရှိနေတာမဟုတ်လား။ ဘယ်လိုလဲ ကျော်။ ကိုယ့်ဘက်က အရောင်ပြနေရင် မင်းဘက်က အကောင်ကိုတော့မြင်နိုင်ပါတယ်လေ။

"ပြီးရောလေ"

"OK...ဒါဆိုရင် သဘောတူပြီ။ အကြွေးက သပ်သပ်ပေါ့"

"လာပြန်ပြီ ဘာအကြွေးလဲ"

"နာမည်ခေါ်ဖို့လေ"

"ရှင်ယူမယ့်မိန်းမကို ခေါ်ခိုင်းပါလား"

ကဲ! မပြောလား။ မင်း ကိုယ့်အပေါ်မရိုးတော့ပါဘူးလို့ဆိုနေမှ။ နဖူးမှာဒဏ်ရာပေးပြီးရင်တော့ ရင်ဘတ်ကိုတော့ ချမ်းသာပေးပါ ကျော်။ ကိုယ်က လူကသာ ရင့်ကောင်းရင့်ပေမယ့် နှလုံးသားက ခပ်ယဲ့ယဲ့လေးပါလေ။

"ဘယ်မလဲ ကိုယ်ယူမယ့်မိန်းမ"

"ရှင်ပဲ ခုနက ပြောတယ်လေ"

"အင်းလေ၊ အဲဒါစကားအဖြစ်ပြောတာပဲကို။ ကိုယ့်မှာ





သူစရာမှမရှိသေးတာ"

"ဒါနဲ့များ လေကြွားနေသေး"

"မကြွားပါဘူး ကျော်ရဲ့၊ မကြာမီ၊ လာမည့်၊ မျှော်အခြေအနေမျိုးပါ"

"မမလေး. . . ညှိသည်"

"ဟော. . . သွားပြီနော်"

စကားပြောကောင်းရုံရှိသေး၊ တစ်ဖက်ခြံမှ အသံမြှသံကြောင့် သူမပြေးသွားလေ၏။ ဘယ်ကညှိသည်များပါလိမ့်နော်။ အလုပ်လုပ်တဲ့နေရာကိုမှ လာလည်ရတယ်လို့၊ ရှုပ်လိုက်တာ ကျော်ရယ်၊ ဘယ်ကကောင်ပါလိမ့်။

သူကြည့်နေတုန်းမှာပဲ ခြံထဲဝင်လာသည့်ချာတိတ်လေးက (၁၇)(၁၈)အရွယ်လေးဖြစ်ပြီး အပြုံးတွေတစ်ပြုံ့ကြီးဖြစ်နေပြီး ကျော့်ကိုပြေးဖက်လိုက်လေ၏။ အတင်းအကျပ်ဖက်လိုက်တာမို့ သူအံ့ဩနေစဉ် ချာတိတ်က သူ့ကျော်၏ပါးနှစ်ဖက်ကို တရှုတ်ရှုတ်ဖြင့် နမ်းရှိုက်လိုက်လေသည်။

"ဟာ!"

ဘယ်လိုကောင်လဲ။ မိန်းကလေးတစ်ယောက်ကို ဒီလိုပဲ အနှစ်အကာနဲ့ဖက်ပြီးနမ်းရတယ်လို့။ ကျော်က မရှန်းပေမယ့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးလက်မောင်းကို တဖျပ်ဖျပ်နဲ့ထုရိုက်နေတာလေ။

ဘာလဲ၊ စိတ်မဆိုးဘူးလား။ ကိုယ့်ကို ဒီလိုကြီးစော်ကားနေတာလေ။

"တောက်!"

ဒီလောက်ငယ်တဲ့ကောင်လေးနဲ့ ရည်းစားများ ထားရတယ်လို့။ ကလေးကို မုန့်ပေးကြိုက်တာများလား။ ချာတိတ်လေးကလည်း မိန်းကလေးလိုချောမောပြီး အရပ်မြင့်မြင့်နဲ့ Model ပုံစံလို Design ခပ်မိုမိုလေးပါလေ။

ဒါဖြင့် ကိုယ်က သုံးဆယ်ကျော်ဆိုတော့ ဘော့်စိတ်ထဲ အဘိုးကြီးလို့မြင်နေပြီလား။ နေရာတကာ ဆရာလုပ် ဖိနှိပ်ချုပ်ပြီး ပြောတတ်တာမို့ အမြင်ကပ်နေတာပဲလား။ ကိုယ်ကလည်း မင်းကိုမှ ဒီလိုရန်စတဲ့စကားမျိုးပဲပြောမိတာပါ ကျော်။ တမင် နိုင်စားချင်တဲ့စိတ်နဲ့ ဆက်ဆံတာမဟုတ်ရပါဘူး။

ပြီးတော့ ကိုယ့်မျက်စိထဲမှာ မင်းကိုခပ်တည်တည်နေတာထက် စိတ်ဆိုးဒေါသထွက်တဲ့ စူပုပ်ပုပ်ပုံစံလေးနဲ့ ပိုပြီးလိုက်ဖက်တယ်လို့ ယူဆထားမိလို့ပါလေ။ အခုတော့ ကိုယ့်ကိုစီးပွားရေးအရ မဖြစ်မနေခေါ်ပြောဆက်ဆံရုံထက် မပိုနိုင်ဘူးပေါ့။

ကိုယ့်အပေါ်မှာ ပိုသားတဲ့ခံစားမှုတွေ မင်းမှာရှိနေမယ်လို့ ကိုယ်ထင်ထားတာများ မှားနေပြီလား။ ဒါဖြင့် မင်းမျက်ဝန်းက အရိပ်အယောင်ရဲ့အဓိပ္ပာယ်က ဘာပါလဲ။ ကိုယ်တကယ်နားမလည်နိုင်ပါလားကျော်။ မင်းကို ပုဏ္ဏာဆန်တဲ့မိန်းကလေးဖြစ်နေမယ်လို့ ကိုယ်လုံးဝထင်မထားတာအမှန်ပါလေ။

"ဟား ဟား ဟား ဟား"

ရယ်သံတွေထပ်ထွက်လာတာမို့ အာရုံက ပြန်ရောက်သွားပြန်လေ၏။ နှစ်ယောက်သား အူလှိုက်သည်းလှိုက် ရယ်မောနေကြပါလား။ ဘာတွေများ သဘောကျစရာရှိလို့လဲ။ သူနဲ့တော့ အမြဲပြဿနာတွေ ဖြစ်နေရပြီး ဒီကောင်လေးနဲ့တော့ အမျိုးစရာတွေပဲ ပြောဖြစ်တယ်ပေါ့။ ဒီချာတိတ်ကလည်း မင်းကိုပစ်ကျလောက်အောင် အပြောကောင်းလွန်းတယ်ပေါ့လေ။

မှားမယ်နော် ကျော်၊ ဒီလိုကောင်ချောလေးမျိုးက လိပ်ပြာလေးတွေလို ပန်းခင်းထဲမှာ ဟိုကူးသည်ကူးနဲ့ သိပ်မာယာများတာကွ။ ပြီးတော့ မင်းလိုခပ်ထောထော မမလေးမျိုးတွေကို ပတ်ချွဲနှပ်ချွဲညာစားတတ်တာလေ။ 'မမ'ဆိုပြီး ခပ်ညုညုလေး ပြောလိုက်တာနဲ့ မင်းတို့မမတွေက ပါးစပ်ဖြဲပြီး ပိုက်ဆံအိတ်ဖွင့်ကာ ဟောခနဲဟောခနဲ မုန့်ဖိုးပေးတတ်ကြတာမဟုတ်လား။

"ကြည့်စမ်း!"







www.burmeseclassic.com

 www.burmeseclassic.com

သူ့အတွေးမဆုံးခင်မှာပင် ကျော်က ခေါက်ပိုက်ဆံအိတ်ကိုဖွင့်ကာ ငွေတစ်ထပ်ကို ကောင်လေးထံလှမ်းပေးလိုက်လေ၏။ ကောင်လေးက ခေါင်းခါပြပေမယ့် ကျော်က ချာတိတ်လက်မောင်းကို ခပ်ရင်းရင်းနှီးနှီးဆွဲလိုက်ကာ ရှပ်အင်္ကျီအိတ်ကပ်ထဲသို့ ထည့်ပေးလိုက်လေသည်။ ချာတိတ်က ကျော့်လက်ဖျားလေးကို ဖွဖွခနဲဆွဲယူလျက် မွှေးလိုက်ပြန်လေသည်။

ကုန်ပါပြီ၊ ကုန်ပါပြီ၊ ဒီကောင်လက်ရဲဇက်ရဲနိုင်ပုံနဲ့ သူ့ကျော်တော့အသားတွေပဲကုန်တော့မှာပဲ။ ဒင်းကလည်း နည်းနည်းမှမရှုန်းပါလား။ ကောင်လေး၏ဆံပင်လေးတွေကိုဖွပြီး ဆော့လိုက်သေးတာလေ။

"တောက်!"

မင်း တကယ်ပဲ ချစ်သူရှိနေတာပါပဲလား ကျော်။ ငါတစ်ဖက်သတ်ချစ်မိနေတာကို မင်းမသိဘူးလား။ ဒါမှမဟုတ် သိသိကြီးနဲ့ မသိယောင်ဆောင်တာလည်း ဖြစ်နိုင်တာပဲ၊ တော်ပါပြီ မြင့်မိုရ်ကျော်၊ ငါကိုက ရူးတာပါ။ စတွေ့ကတည်းက ကိုယ့်ကို မကြည်မှန်းသိရဲ့သားနဲ့ ဇွတ်ရှေ့တိုးဖို့ကြိုးစားမိတာကိုး။

မင်းကိုမေ့လိုက်တော့မယ် မြင့်မိုရ်ကျော်။

▣ ▣ ▣



# အခန်း (၁၃)

"ဘယ်လိုဖြစ်လာတာလဲ၊ မျက်နှာက ရှစ်ခေါက်ချိုးနဲ့"

"မသိဘူးမာမီရာ၊ မာမီတို့မိန်းမတွေက အဲဒီလိုပဲလား"

"ဘာ အဲဒီလိုလဲ"

အိမ်ပြန်ရောက်ရောက်ချင်း ကားတံခါးဆောင့်ပိတ်သံကြားလိုက်ရလို့ သူ့ကို မာမီထွက်ကြိုရင်း မေးချေပြီ။ မပြောချင်ဘူးနော်၊ မပြောချင်ဘူး။ ယောကျ်ားဆိုတာ အတင်းပြောတတ်တာမှမဟုတ်တာ။ သူများအကြောင်း ပြောမှန်းသာသိရင် ဒင်းကသူ့ကိုလှောင်တော့မှာလေ၊ အဲဒါ မင်းကြောင့်ပဲ မြင့်မိုရ်ကျော်။

ဒီလိုမှန်းသာသိရင် 'ကျော်' လို့ရင်းရင်းနှီးနှီးမခေါ်ပါဘူး။ ခယယတောင်းပန်မှသာ အကူအညီပေးဖို့ သူစဉ်းစားပေးမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

သူ့ Style အတိုင်း အင်တင်တင်နဲ့ နေ့ရွှေ့ညရွှေ့လုပ်လို့ကတြင်း
အင်းနဲ့ Project ကြီး ငုတ်တုပ်မှေ့ပြီး Game over ဖြစ်မှာလေ

"ညံ့တာ. . . ညံ့တာ၊ ငါ့ကိုက ညံ့လွန်းတုံးလွန်းပါရဲ့"

"ဟဲ့! ဘယ်လိုဖြစ်ပြီး ကိုယ့်ခေါင်းကိုယ် ထုနေရတာလဲ ကိုထက်ရဲ့၊ ဘာဖြစ်နေတာလဲ"

"ကျွန်တော်မေးတာ မာမီအရင်ဖြေမှပေါ့ဗျ"

"ဘာကိုတုန်း"

"မိန်းမတွေက အဲဒီလို လူတစ်ယောက်ကိုသဘောကျသလိုမျိုး ညှိုမြုလုပ်ပြီး တခြားတစ်ယောက်ကို ကောက်တွဲတယ် လို့လေ"

"အလိုတော်! စွပ်စွပ်စွဲစွဲနဲ့ မဟုတ်တာလျှောက်မပြော စမ်းပါနဲ့၊ ဘယ်သူက ဘယ်သူ့ကိုညှိုမြုလုပ်ပြီး တခြားလူကိုတွဲ ရတာလဲ"

"မာမီမသိပါဘူးဗျာ"

"မသိလို့မေးနေတာပေါ့၊ သိအောင်ပြောလေ"

မာမီက သူ့လက်ထဲမှ စာရင်းဇယားတွေပိုက်လာတာကို လက်လွှဲကူသယ်ပေးပြီး မေးငေါ့မေးလေ၏။ မပြောချင်ပါဘူးဆို မှ ပြောမိတော့မှာပဲ။ ငါနော်. . .





"ဟဲ့! မေးနေတာ ပြောဦးလေ"

"မာမီကလည်း ကျွန်တော့်ကို တဟဲ့ဟဲ့နဲ့ နွားမောင်း သလိုမပြောပါနဲ့ဗျ"

"ခြော်. . . သူ့ဟာမလေးနဲ့ ပြဿနာတက်လာတာနဲ့ ဒေါ်သတ်ရန်ရှာရတယ်လို့"

"ဘယ်က ဟာမလေးလဲ"

"ဘယ်သူရှိမလဲ၊ မင်းပဲ မြင့်မိုရ်ကျော်ကို ကြိုက်တယ် ဆို"

"ကြိုက်တာမဟုတ်ပါဘူး မာမီရ၊ ချစ်တာပါ. . . ချစ် တာ၊ ဟောဒီရင်ဘတ်ကြီးနဲ့ နင့်နေအောင်ချစ်တာ"

"ကြည့်! မအေရှေ့ အရှက်မရှိပြောပြန်ပြီ"

နေပါဦး၊ ဘယ်ကနေ ဘယ်လိုကြိုက်တာချစ်တာတွေ အထိ ရောက်ကုန်တာပါလိမ့်၊ တကယ်က ဒင်းကို ဒေါ်သတကြီး စိတ်ဆိုးလာတာပါလေ။ ဟုတ်တယ်၊ မပြောတော့ဘူး။ ဘယ် ကောမှမပြောတော့ဘူး မြင့်မိုရ်ကျော်။ မင်းလိုသစ္စာမရှိတဲ့မိန်းမ မျိုးမတွေ့ မတန်ပါဘူးလေ။

"မာမီက သူမှန်း ဘယ်လိုသိနေတာလဲ"

"ကိုယ်မွေးထားတဲ့သား ဘယ်ခြေလှမ်းမလဲဆိုတာမျိုး


www.burmeseclassic.com

www.burmeseclassic.com



မအေတိုင်း သိပ်။ မင်းပေါက်ကျော်မကို နဂိုကတည်းက ကြည့်မရပါဘူးဆိုနေတာကို ရှေ့ဆက်တိုးချင်နေတာကိုး။ ဟိုမကျ ဒီမကျပုံစံမျိုးဖမ်းပြီး ခြေရှုပ်ချင်တာဖြစ်မှာပေါ့”

“မာမီကလည်းလေ”

“မဟုတ်လို့လား၊ ခုပဲမြင်လာပြီး ငါးရံ့ပြာလူးလုပ်နေပြီးတော့။ တယ်!. . . ငါမပြောလိုက်ချင်ဘူး”

“သူတွဲတာ ငယ်ငယ်ချောချောချာတိတ်လေး မာမီရဲ့”

“နားမလည်ပါးမလည်မို့ သူ့ကိုကပ်တာဖြစ်မှာပေါ့။ ချော လေး လက်ပေးသင်နေတာမြင်ရင် မင်းဆက်လျှောက်မယ့်လုပ် ရပ်ကို Stop ပါတော့ ဘုန်းထက်မာန်”

သူ့နှာခေါင်းရှုံ့လိုက်မိပါ၏။ ခြေလှမ်းတွေ ရပ်လိုက်တဲ့ လား။ ဘယ့်နှယ်လုပ်မလဲ၊ သူက ကျော်မှကျော်ပဲဖြစ်နေတာလေ။ မေ့မယ်ဆိုတာ စကားပဲဖြစ်ပေမယ့် တကယ်တမ်းကျတော့ မေ့ ဖို့ဆိုတာ ခက်ခဲတဲ့ပုစ္ဆာပဲမဟုတ်လား။ ခက်ပါ့ မြင့်မိုရ်ကျော်။

“မာမီအစောကြီးကတည်းက ပြောသားပဲ၊ မာမီပြောတဲ့ ကလေးမနဲ့သာတွဲရင် အေးဆေးဖြစ်နေလောက်ပြီ”

“ဘယ်က ကလေးမလဲ”

“မာမီ့သူငယ်ချင်း မေသော်ရဲ့သမီးလေးလေ။ အခုမှ





အသက် (၁၉)ဆိုလား၊ ငယ်ငယ်လေးရှိသေးတာ။ ဝင်းပပသော် တဲ့၊ ချစ်စရာလေး”

လာပြန်ပြီ ဒီအရွယ်။ တော်ကြာ စာကလေးအကြောင်း နဲ့ချိန်တယ်ဆိုပြီး အတင်းပြောကြရင် သေပြီဆရာပါပဲ။ ကိုယ်က လည်း မင်းကိုရှဲ့ပြလိုက်ချင်ပါရဲ့ ကျော်။ မင်းတောင်မှ ငယ်ငယ် ချောချောလေးတွေ့နိုင်သေးရင် ကိုယ်ကရော ကိုယ့်ထက်ငယ်တဲ့ ကောင်မလေးကို မတွေ့နိုင်စရာဘာအကြောင်းရှိမှာတဲ့လဲ။

“အဲဒါ မာမီ့အပြောကိုး”

“တွေ့ပဲတွေ့ကြည့်ပါဦး ကိုထက်ရယ်၊ ချောကလက်ဆို တာ အမြင်မည်းပေမယ့် အရသာက ချိုတယ်မဟုတ်လား”

“ဘာလဲ၊ မာမီ့ချာတိတ်မက အသားမည်းလို့လား”

“ဘယ်ကသာ. . . ဖြူလိုက်တာမှ ဖွေးဥနေတာရှင့်”

မာမီ့ဥပမာကြောင့် သူပြုံးစိစိဖြစ်သွားရပါသည်။ ချော ကလက်တဲ့လား။ ဝင်းပပသော်ရေ! မင်းကိုတော့ ချောကလက် လို့ပဲ နာမည်ဝှက်ပေးထားရတော့မယ်။ ဒါဖြင့် ကျော်က ဘာဖြစ် မလဲ၊ ပဲမြစ်ပေါ့။ ချောကလက်နဲ့ပဲမြစ် တွဲစားလိုက်လို့ကတော့ လောကကြီးကို တာ့တာပြသွားရမှာလေ။

“မာမီ့ချာတိတ်မက ကျွန်တော့်ကိုကြိုက်ဦးမှကိုး”



www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး ကိုထက်ရယ်။ မာမို့သားလို မလိုင်ခဲမျိုးကို ဘယ်မိန်းကလေးက ငြင်းရဲမှာတဲ့လဲ။ မေသော့်ကိုခေါင်းညိတ်ပြလိုက်ရင် ပွဲသိမ်းပြီ"

လှုပ်ချလိုက်ပြန်ပြီ။ လူကို မလိုင်ခဲနဲ့နှိုင်းရတယ်လို့။ မာမို့ဥပမာတွေက စားစရာအချိုတွေချည်းဖြစ်နေတာပါလေ။ ဘယ်လိုလဲ ကျော်၊ ကိုယ်သာ ဒီချာတိတ်မနဲ့တွဲလာတာကိုမြင်ရင် မင်းဘာပြောမှာလဲ။ ဘယ်လိုအကြည့်မျိုးနဲ့ ခံစားပေးမှာလဲ မြင့်မိုရ်ကျော်။

"Yes! ဆိုပြီးတော့ မလုပ်ပါနဲ့ဦး မာမီရ"

"အေးပါ၊ ဒီလောက်တော့ မာမီလည်း ဒက်ပါတယ်သားရယ်။ လေ့လာဖို့အချိန်တော့ ပေးရမှာပေါ့။ ဟိုကလေးကလည်း ကျောင်းမှမပြီးသေးတာကို"

မာမီကတော့ မြင့်မိုရ်ကျော်ကို ချွေးမမတော်ချင်တာနဲ့ စီမံချက်ဆွဲနေချေပြီ။ သူကလည်း ခပ်ညစ်ညစ်နဲ့မို့ ချော်လဲရောထိုင်လုပ်လိုက်တာပါလေ၊ ကိုယ်တို့နှစ်ခြိုကြားက သံဆူးကြိုးကိုကိုယ်ကိုယ်တိုင် ဖြတ်လိုက်ပေမယ့် မင်းနဲ့ကိုယ်က အနီးဆုံးကိုမရောက်သေးပါလား ကျော်ရယ်။

ညှော်သည်ဆိုတာနဲ့ ပြောလက်စစကားကိုရပ်ပြီး ကျော





ိုင်းသွားတဲ့မင်းကြောင့် ကိုယ့်ရင်ထဲမှာ ဘယ်လောက်ဟာတာတာဖြစ်ကျန်ခဲ့ရပါသလဲ။ ချန်ရစ်တယ်ဆိုတာ ကျောခိုင်းတဲ့လူအတွက်ဘာမှမဟုတ်သလို လွယ်ကူကောင်းလွယ်ကူနိုင်ပေမယ့် ကျန်ရစ်ခဲ့ရတဲ့လူက ရင်ဘတ်ထဲမှာ တနင့်တပိုးကြီးခံစားရတာပါ ကျော်။

ဒါကို မင်းသိပါရဲ့လား။ ကိုယ့်ကိုမျက်နှာပေါ်မှာပဲ ဒဏ်ရာပေးသင့်ပါတယ်။ ရင်ဘတ်ထဲမှာ ကုသဖို့ခက်ခဲတဲ့ဒဏ်ရာကိုတော့ မပေးသင့်ပါဘူးကျော်ရယ်။ အချစ်ဆိုတာကို ဘာအရသာမှန်း မြည်းစမ်းဖို့ကြံရုံရှိသေး၊ အမုန်းဆိုတဲ့ခါးသည်းခြင်းကို လက်ထဲထည့်ပေးတာက မတရားသဖြင့်ပါပဲလား ကျော်။

"ဘာပြောလိုက်တယ်"

ညနေထမင်းဝိုင်းမှာ ဒက်ဒီ့ကို မာမီဖောက်သည်ချနေတာမို့ အံ့သြသွားသည့်ဒက်ဒီက သူ့ကိုတစ်ချက်ကြည့်လိုက်လေ ဟုတ်ပါရဲ့၊ တစ်နေ့တစ်နေ့ ပြောပြောနေတဲ့မြင့်မိုရ်ကျော်ရာဂါက သူ့ဆီမှာရှိနေတာပဲကို။

"ကို့သားက နန္ဒာ့စကားကို နားထောင်မယ်တဲ့လေ"

"မင်း,သားက မင်းစကား နားမထောင်တာ ဘယ်နှခါ ရှိလို့တုန်း"

"ဩော်. . . နန္ဒာပြောတာ မိန်းမကိစ္စကိုပြောနေတာပါ"


www.burmeseclassic.com

www.burmeseclassic.com

"မိန်းမကိစ္စ"

"ဟုတ်တယ်"

"ဒီကောင် ဘယ်မိန်းမနဲ့ရှုပ်နေလို့လဲ"

"ကြံ့ကြံ့ဖန်ဖန် ဒက်ဒီရာ၊ မရှုပ်ပါဘူးဗျ"

"အစောကတည်းက ပြောထားပါရဲ့နော်၊ မိန်းမတွေ့ ပေါ့နေတဲ့ခေတ်မှာ လွတ်လပ်တဲ့မိန်းကလေးမျိုးပဲ ရွေးပါ ဘုန်းထက်မာန်ရဲ့"

"ဒက်ဒီပြောမှပဲ ကျွန်တော်က မလွတ်မလပ်မိန်းမကို ချိန်နေသလိုပါပဲ"

"အခုလည်း မလွတ်လပ်တဲ့သူကို ချိန်ချင်နေတာပဲ မဟုတ်လား၊ မပြောချင်ဘူး"

"မာမီကလည်းဗျာ. . . ချစ်သူရှိရုံနဲ့ မလွတ်လပ်တဲ့သူမှ မဟုတ်တာကို"

"ဘယ်သူ ချစ်သူရှိတာတုန်း"

"ဘယ်သူရှိမလဲ၊ ကို့သားရဲ့အသည်းကျော်လေ"

"မြင့်မိုရ်ကျော်"

"ဟုတ်ပါ့"

"ကြံ့ကြံ့ဖန်ဖန် တစ်ခါမှမကြားမိပါဘူး၊ ဘယ်သူနဲ့တဲ့





နေတာလဲ၊ သူသာ ရည်းစားထားရင် မြင့်မိုရ်က အရင်သိရမှာပေါ့"

ပြောနေပြီ ကျော်၊ မင်းဖေဖေမသိရလေအောင် ဒီချာတိတ်နဲ့ဘယ်လိုတွေ့ပြီး တွဲဖြစ်ခဲ့ရတာလဲ၊ မင်းအရွယ် မင်းအဆင့်နဲ့ မင်းထက်သာလွန်တဲ့ယောကျ်ားမျိုး တွဲခွင့်ရနိုင်ပါလျက်နဲ့ ဘာလို့များ ကလေးကိုမုန့်ပေးကြိုက်ရတာလဲ ကျော်ရယ်။ ဒီကောင်လေးကို မင်းဘာများအားကိုးလို့ရနိုင်မှာတဲ့လဲ။ ချာတိတ်သုံးဖို့ကိုတောင်မှ ကောင်လေးရဲ့အိတ်ကပ်ထဲကို မင်းကိုယ်တိုင် ပိုက်ဆံထည့်ပေးနေတာ ကိုယ့်မျက်မြင်လေ။

"တွဲနေပြီ ဒက်ဒီ"

"ဘယ်သူနဲ့လဲ၊ မင်းကိုယ်တိုင်တွေ့တာလား"

"ဟုတ်တယ်၊ ဆိုက်ထဲကိုလာလို့ မြင်တာ။ (၁၇/၁၈) လောက်ပဲရှိဦးမယ်။ ချာတိတ်လေးပဲ"

"မဖြစ်နိုင်ပါဘူး သားရာ၊ မြင့်မိုရ်ကျော်လို အင်မတန် Proud ဖြစ်တဲ့မိန်းကလေးက ဦးနှောက်မသုံးဘဲ ဒီလိုအလုပ်မျိုး လုပ်ပါ့မလား"

"မျက်မြင်ပါဆိုတာကို ဒက်ဒီမယုံဘူးလား။ ဟိုချာတိတ်သုံးဖို့ဆိုပြီး အိတ်ကပ်ထဲကို ပိုက်ဆံအထပ်လိုက်တောင် ထည့်ပေးတာဗျ"


www.burmeseclassic.com

www.burmeseclassic.com



ငိုသံပါသွားသည့်နှယ် အသံပါတုန်သွားရပါ၏။ မနာလို ဘူးလို့ပဲဆိုဆို အဲဒီချာတိတ်ကို ကိုယ်ကြည့်မရဘူး ကျော်။ အထူး သဖြင့် ယောက်ျားတန်မဲ့ မိန်းမထဘီနား (မဟုတ်သေးဘူး။ ကျော် က ဘောင်းဘီပဲဝတ်တာမို့) ကျော့်ဘောင်းဘီနား ခိုစားတဲ့ကောင် မျိုးကို အထင်သေးတာအမှန်ပါပဲ။

ဦးနှောက်မရှိတာမှမဟုတ်ဘဲ ဒက်ဒီ။ နှလုံးသားနဲ့ရွေး ချယ်လို့ အခုလိုအမြင်ဖုံးနေတာမဟုတ်လား။ ဒါကြောင့်လည်း 'အချစ်မှာ မျက်စိမရှိပါ' လို့ပြောလေ့ရှိကြတာပါလေ။

"အသိတွေဘာတွေ ဒါမှမဟုတ် ဝမ်းကွဲမောင်တွေလား မှမသိတာ"

"အသိဆိုရင် ကျော့်ကို တအားဖက်ပြီး ပါးကိုနမ်းပါ့ မလားဗျ"

"ဟဲ့!"

"လူမြင်ကွင်းမှာ အမြင်မတော်တာတွေလုပ်နေတာကို မျက်နှာလွှဲနေကြရတာပါ ဒက်ဒီ။ နာလိုက်တာဗျာ"

"သားက ဘာကိုနာရပြန်တာလဲ"

"ရင်ဘတ်ထဲက နာတာကိုပြောတာ မာမီရ"

"ဖြစ်ရပြန်ပြီ၊ ဒါကြောင့် မေသော့်သမီးလေးကိုတွေ့ဖို့





မာမီပြောတာပေါ့"

"သားစိတ်ထဲ မပါဘဲနဲ့တော့ ဖွတ်မလုပ်ပါနဲ့ နန္ဒာရယ်၊ တော်ကြာ နောက်ဆုတ်ရခက်နေပါဦးမယ်"

ဒက်ဒီက မျက်မှောင်ကြုတ်ကာ စဉ်းစားနေပါ၏။ မာမီ လုပ်တာနဲ့ ဒက်ဒီထမင်းစားပျက်သွားရချေပြီ။ သူကိုယ်တိုင်လည်း ဗိုက်မဆာပေမယ့် မာမီပြောမှာစိုးလို့ တို့ကနန်းဆိတ်ကနန်းပဲ စား နေရတာပါလေ။

"မြင့်မိုရ်ကို တီးခေါက်ကြည့်ဦးမှပါပဲ"

"ကျော့်မှာ ချာတိတ်ရှိတယ်ဆိုပြီးတော့ မပြောနဲ့ဦးနော် ဒက်ဒီ။ သူနဲ့ကျွန်တော့်အလုပ်ကိစ္စက ပြတ်သေးတာမဟုတ်ဘူး"

"အေးပါ၊ ဒီလောက်တော့ ဒက်ဒီသိပါတယ်"

"သူ့ကို စိတ်မဝင်စားဘူးဆိုရင်လည်း ဖြတ်လိုက်ပေါ့ သားရယ်။ ဘာလို့ဆက်ချင်နေရတာလဲ"

"မာမီကလည်းလေ၊ မာမီပြောတဲ့ကောင်မလေးကိုတွေ့ ရင် ပြီးရောမဟုတ်လား။ ကျွန်တော့်ရင်ဘတ်ထဲက ချစ်တဲ့ကျော့် ကိုတော့ ဆွဲမထုတ်ချင်ပါနဲ့"

"လုပ်ပြန်ပြီ၊ ကြည့်!"

စိတ်တိုတိုဖြင့် ပြန်ပြောမိရင်း ထမင်းဝိုင်းမှထထွက်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com

မိတော့အ■ မာမီ့ကိုမရှိမသေပြန်ခံပက်ချင်လို့တော့ မဟုတ်ပါလေ။ သို့သော် ရင်ဘတ်ထဲကဒဏ်ရာက ခံရခက်လွန်းတာက အမှန်ပဲ မဟုတ်ပါလား။

ကျော်. . . စတွေ့တွေ့ချင်း ရန်စကားပြောခဲ့တဲ့နှုတ်ခမ်း၊ မျက်မှန်းကျိုးသလို အမြင်မကြည်တဲ့မျက်စောင်းထိုးခဲ့တဲ့ မျက်ဝန်းနက်၊ ထိမထင်ဟန်လေသံမျိုးနဲ့ ပြုမူခဲ့တဲ့ အပြုအမူတွေအားလုံးအားလုံးကို အမှတ်ရနေဆဲပါပဲ။

ချစ်နေတုန်းပဲမို့ မေ့ဖို့ခက်ပါတယ် ကျော်. . .

ကိုယ်မဟုတ်တဲ့လူတစ်ယောက်ကို ရွေးတဲ့အတွက်တော့ မင်းကိုစိတ်နာချင်တာပါလေ။

▣▣▣



## အခန်း (၁၄)

မျက်စိကို စုံမှိတ်ချလိုက်ပါ၏။ ဘယ်ကနေဘယ်လို ဒီသတင်းက အမြန်ပျံ့သွားရတာပါလိမ့်။ မောင် ကျောင်းတက်ရတော့မှာမို့ ထောက်ပံ့စရိတ်ကို ကျော့်ဆီမှာ လာတွေ့တိုင်း ပေးတတ်တာပါ။ အနီးဝန်းကျင်မှာ မောင်ပေါ်မလာပါဘဲ ကျော့်နားမှာ ချာတိတ်လေးရှိတာကို ဘယ်သူက သတင်းပေးခဲ့တာပါလိမ့်။

"ပြောလေ၊ မေးရင်ဖြေမှပေါ့"

"ကျော်ဘာလုပ်လို့လဲ ဖေဖေရဲ့"

"အဲဒီမေးခွန်းကို ငါမေးရမှာလေ၊ ဘယ်က ကလေကဝ ကောင်နဲ့များ တွဲနေတာလဲ"

ကိုယ့်သားကိုယ် ကလေကဝတဲ့။ ဘယ်လိုအဖေပါလိမ့်


www.burmeseclassic.com

www.burmeseclassic.com


နော်။ ရယ်ချင်စိတ်ဖြစ်လာပေမယ့် ကျော်ရယ်ချလိုက်ချင်ပေမယ့် အအေးစိတ်ဆိုးမှာစိုး၍ အောင့်ထားရပါသည်။ ဖေဖေက ကျော့်အတက် ပိုဒေါသကြီးတာမဟုတ်ပါလား။

"ကျော့်မှာမှ အတွဲမရှိတာ"

"ဘာမရှိရမှာလဲ၊ မရှိတဲ့နဲ့ ဒီသတင်း ငါ့ဆီကိုအကြောင်းမဲ့ မရောက်ဘူး မြင့်မိုရ်ကျော်"

"အလုပ်လုပ်နေတဲ့သူပဲ ဖေဖေရယ်၊ တွဲသွားတွဲလာလူလောက်တော့ ရှိမှာပေါ့။ ကျော်နဲ့တွဲတာဆိုရင် အများကြီးဖြစ်နေမှာလေ"

"မိကျော်! ငါ့ကို အဘိုးကြီးဆိုပြီး လျှာမချနဲ့။ ငါရတဲ့သတင်းက ခိုင်လုံပြီးသား။ မဟုတ်ဘဲနဲ့တော့ အပိုသတင်း ငါ့ဆီမရောက်ဘူး။ နင့်ဆီ Phone တဂွမ်ဂွမ်ဆက်နေတာ၊ အလုပ်ထိရောက်လာပြီး ပတ်ချွဲနှပ်ချွဲလုပ်နေတာ ပြုသူမရှက် မြင်သူရှက်နေရတာတဲ့"

"ဟင်"

"မဟင်နဲ့၊ နင်ဘာငြင်းမလဲ. . . ပြော"

"ဖေဖေ့ကို ဒီသတင်းဘယ်သူပြောတာလဲ"

"ဘယ်သူပြောပြောပေါ့"



"အဲဒါ ဟိုလူပြောတာမဟုတ်လား"

"ဘယ်လူလဲ"

"ဖေဖေသမက်တော်ချင်တဲ့ ဘုန်းထက်မာန်လေ"

"ဟုတ်တယ်၊ ဟုတ်တော့ ဘာဖြစ်လဲ။ နင်ငြင်းချင်သေးလို့လား။ ဘုန်းထက်မာန်က နင့်ရဲ့ Senior လေ။ ကိုယ်နဲ့ဘွဲ့တူအလုပ်တူ အဆင့်အတန်းတူတဲ့လူကိုတော့ မရွေးဘူး။ ဘာလို့ကိုယ်နဲ့အဆင့်အတန်းမတူတဲ့ တစ်ပြားတစ်ချပ်မှမရှိတဲ့ကောင်ကိုမှ နင်ရွေးရတာလဲ"

ဒုက္ခပါပဲ။ မိုးကြိုးသာ ပစ်ချရင် ဆယ်စင်းလောက်ကိုရှိတော့မှာလေ။ ကိုယ့်သားနဲ့သမီးကို ဒီလိုပြောရတယ်လို့။ 'အဲဒါ ဖေဖေ့သားအငယ်'လို့ပြောချချင်လိုက်တာ လျှာယားနေတာပါပဲလေ။ မဖြစ်သေးပါဘူး။ မေမေနဲ့ဖေဖေပြန်ပေါင်းမထုပ်ခင်အချိန်ထိ ဒီကိစ္စကိုဖုံးဖိထားဖို့ မောင်နှမနှစ်ယောက်လုံး စိတ်တူကိုယ်တူ ဆုံးဖြတ်ချက်ချထားတာမဟုတ်လား။

"ကျော် မရွေးပါဘူး"

"မရွေးဘဲ အပျော်တွဲတာပေါ့လေ"

"မဟုတ်ပါဘူး ဖေဖေရ၊ ဒီလိုပါပဲ"

"ဘာဒီလိုပါပဲလဲ၊ စကားကို အလွယ်လေးမပြောစမ်းနဲ့


www.burmeseclassic.com

www.burmeseclassic.com

မိကျော့၊ ကိုယ့်နာမည်ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်ကိုယ်တိုင် ပြန်မချမိစေနဲ့။ အဲဒီကောင်လေးကို ချက်ချင်းဖြတ်"

"ဖေဖေ"

"ငါပြောသလိုလုပ်စမ်းပါ၊ ဖအေရှေ့ အချစ်တွေအသက်တွေ လာရွတ်မပြချင်နဲ့"

"မဟုတ်ပါဘူး"

"ပြောလိုက်ရင် ဘူးခါမယ်ဆိုတာပဲ၊ နင့်ကို ဘုန်းထက်မာန်က ချစ်နေတာတဲ့ မိကျော့ရဲ့"

"ဟာ! ဖေဖေ့စကားကြီးက ဘာလဲ"

"ဟိုက တန်ဖိုးထားသလောက် နင်က နင့်ကိုယ်နင် ဖျက်နေတဲ့ဟာ"

"သူ့ကို ကျော့ စိတ်မဝင်စားပါဘူး"

"အဲဒါ နင့်ကိစ္စလေ၊ ငါတို့နှစ်ဖက်မိဘတွေကတော့ နင်နဲ့ဘုန်းထက်မာန်ကို သဘောတူတယ်။ ဒါပဲ"

"ကျော့သဘောမတူဘူးနော်၊ ပြီးတော့ သူ့မာမီကလည်း ကျော့ကိုအထင်သေးတဲ့မျက်လုံးနဲ့ပဲ ကြည့်ခဲ့တာ"

"ကြည့်ကြည့်ပေါ့"

"ကျော့က စိတ်ထဲမပါဘဲနဲ့တော့ ဖေဖေ့စိတ်တိုင်းကျ





ိုက်မလုပ်ပေးနိုင်ပါဘူး။ ဒင်းနဲ့ဆက်ရန်ရှိသေးတဲ့ကိစ္စကို အပြတ်ရှင်းတော့မယ်"

"ဘာ!"

"ဖေဖေ့သမက်လောင်းကို မဖြစ်ဖြစ်အောင်ကို ငြင်းပြလေ"

"မြင့်မိုရ်ကျော့!"

ဖေဖေ့ရှေ့မှ လစ်ထွက်ခဲ့တော့၏။ လူကိုစောစောစီးစီး ဆုံခံရအောင် ဒင်းလုပ်ကြံတာလေ။ ဒါနဲ့များ ကျော့ကိုစိတ်ဝင် းနေတာတဲ့လေ။ မယုံပါဘူး၊ လူကို 'ကျော့' ဆိုပြီး မထိတထိ ါ်တဲ့အသံနဲ့ ခပ်ညှုညှုခေါ်ခဲ့လို့ ရင်ထဲမှာ ကလိကလိဖြစ်ခဲ့တာ ရှုန်ပါ။

အခုတော့ ပုဆိုးခြုံထဲက လက်သီးပုန်းပြသလို ကျော့ ာက်ကို စားနဲ့သုံးတာပဲမဟုတ်လား။ မောင်လာတာကိုမြင်ရင် ယ်သူလဲလို့မေးပေါ့။ ဒီကလည်း ကျော့အချစ်ဆုံးမောင်လေးပါ ပြီး ဖြေရှင်းပေးမှာပေါ့။ ခုတော့ မိန်းမလိုမိန်းမရနဲ့ ချုန်တွန်း ပ်တာလေ။

ဒီမျက်နှာ ဒီအရုပ်အမောင်းနဲ့မြင်ရင် မောင်နှမမှန်းမသိ းတဲ့လား။ ကျော့နဲ့မောင်တောင် ဒီလောက်အနှစ် (၁၇)နှစ်ကျော်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်မှမတွေ့ခဲ့ဖူးပါဘဲ စတွေ့တာနဲ့ သွေးကစကားပြော ခင်မင်ခဲ့ရတာလေ။ နောက်မှ ဖေဖေနဲ့ကွဲစဉ်က မေမေ့ဗိုက်ထဲ သွားတဲ့ ကျော့်မောင်လေးမှန်း အမှတ်မထင်သိခဲ့ရတာ အဘ မှု ပျော်ရပါသလဲ။

ဖေဖေ့ကိုမပြောဖြစ်သေးတာတောင်မှ သူ့ကိုပြောပြီး ကြွားချင်ခဲ့တာပါလေ။ 'ကျော်ငယ်စဉ်ကတည်းက မတွေ့လိုက် တဲ့မောင်လေးလေ ကိုဘုန်းရဲ့'ဆိုတဲ့စကားကို သူ့ကိုပထမဦးဆုံး ပြောချင်ခဲ့တာအမှန်ပါ။ အမှတ်မထင် ဒေါသဖြစ်ဖြစ်နဲ့ ပြုမူခဲ့ တဲ့ သူ့နဖူးကဒဏ်ရာကြောင့် ကျော်တို့နှစ်ယောက်ကြား ဆက်ဆံ ရေးက အရင်လိုအေးစက်စက်မဖြစ်တော့ဘဲ နွေးထွေးလာခဲ့တာ အားလုံးအသိပါပဲ။

ဒါနဲ့များ ရွှေလမ်းငွေလမ်းဖောက်တာဆိုပြီး နှစ်ခြံကြား က သံဆူးကြိုးကိုတောင် သူကိုယ်တိုင်ဖြတ်ပေးခဲ့တာတောင် ဒီလိုတွေပြောရသလား။ လူမြင်ကွင်းမှာ ချစ်ချစ်ခင်ခင်ရှိတဲ့ မောင် နှမချစ်ခြင်းကို ဘာကြောင့် မုဒိတာမပွားပေးနိုင်ရတာလဲ။

ရှင့်ကို ဒဏ်ရာပေးမိပြီးတဲ့နောက် ကျော့်ဘက်က ဘာ ပဲဖြစ်ဖြစ် အလိုက်တသိလေးနဲ့ လိုက်လျောပေးနိုင်သလောက် လျှော့ပေးဖို့ စိတ်ပိုင်းဖြတ်ထားတာပါ ကိုဘုန်းထက်မာန်။ အခု





တော့ ရှင်က ကျော့်ကိုချစ်နေပြီပြောခဲ့ပြီး ဘာလို့များ မနာလို တိုစွပ်စွဲရတာလဲ။

အချစ်မှာ ဝန်တိုမှုမရှိဘူးလို့ မပြောလိုပေမယ့် ကန့်သတ် ချက်တော့ ရှိပါတယ်လေ။ ကောင်းပြီ ကိုဘုန်းထက်မာန်၊ ရှင်လုပ် ချင်တဲ့ ရှင့်တိုက်ကို Decreation လုပ်ဖို့ကိစ္စကို ကျော့်အပြတ် ရှင်းလုပ်ပေးပါ့မယ်။ ရှင်လိုချင်တဲ့ပုံစံအတိုင်းပေါ့။ ရှင့်စိတ်တိုင်း ကျဖြစ်အောင် လုပ်ပေးပြီး ရှင်ပေးထားတဲ့ပစ္စည်းတန်ဖိုးအတိုင်း အကုန်လုံးပြန်လုပ်ပေးပါ့မယ်လေ။

ပြီးရင်တော့ ကျော့်နဲ့ရှင် ၃ နဲ့ ၄ လို ကျော့ပေးရုံပါပဲ။

သံစုံမြည်လာသည့် Phone ကိုဖွင့်လိုက်ပါ၏။ မောင် လေးလို့ထင်လိုက်ပေမယ့် သူ့ Phone နံပါတ်မို့ စိတ်ပျက်သွား ရပါ၏။ ကားကို မီးပွိုင့်မို့ စက်ခဏရပ်ထားလိုက်ရလေသည်။

"ပြော"

"ကိုယ့်အိမ်ကို Decreation ဆင်ဖို့အတွက် ပြောမလို့ ပါ"

"အင်း"

"တိုက်ကို အစိမ်းရောင်လေး သုတ်မှာမို့လို့ အတွင်းကို"

"ကျော်သိပါတယ်၊ အစိမ်းနနဲ့လိုက်ဖက်မယ့်အရောင်


www.burmeseclassic.com

www.burmeseclassic.com



ရွေးပေးပါ့မယ်။ အထဲအတွက်ပစ္စည်းတွေ စိတ်တိုင်းကျရွေးဦး မလား"

"အဲဒါတော့ မင်းစိတ်ကြိုက်ရွေးပါ၊ ရပါတယ်"

"ပြီးရောလေ၊ ကျော်အားလုံးလုပ်ပေးမှာပါ"

ဒါပဲလား၊ ခါတိုင်းလို 'ကျော်'ဆိုပြီး ရင်းရင်းနှီးနှီးမခေါ်တော့ဘူးပေါ့လေ၊ ဘယ်လိုကြီးလဲ၊ ရှင့်ဘက်က ဆလတ်ရွက်လို စိမ်းစိမ်းကားကားနေဖို့ကြိုးစားရင် ကျော်လည်း မျက်နှာလွှဲရုံသာ ရှိတော့တာပေါ့ ကိုဘုန်းထက်မာန်။ စိမ်ခေါ်ရင် ဘွာမခတ်တတ်သလို မိုးကိုဒူးနဲ့တိုက်မယ်ဆိုလည်း Welcome ပါပဲ။

လုပ်လက်စအလုပ်ကို မပြီးပြတ်သေးတာမို့ ဆက်လုပ်ရင်း သူ့တိုက်ကိုပါ အလှဆင်ပေးဖို့လုပ်ပေးရတော့မှာပေါ့လေ။ လိုအပ်သည့်ပစ္စည်းတို့ကို ကိုယ်တိုင်သွားကြည့်ကာ မှာလိုက်ပါ၏။ ပို့ရမည့်လိပ်စာကို သေချာပြော ငွေချေကာ အလုပ်ရှိရာဆီ ထွက်လာခဲ့ပါသည်။

ခါတိုင်းဆို ဆိုက်နှစ်ခုသုံးခုကို ပြေးလွှားလုပ်ခဲ့ရပေမယ့် ပစ္စည်းဈေးတွေ မတရားကြီးနေတဲ့ကာလမို့ ဒီတစ်ခုကိုပဲ ဦးစားပေး မေးလုပ်နေတာပါလေ။ ဒီတစ်ဖက်မှာ လုပ်ရမှာတို့ကို မှာနေစဉ် ကျော်မှာထားသည့်ပစ္စည်းတွေ ရောက်ပြီမို့ သူ့တိုက်ဘက်





ကို ကူးခဲ့ရပါ၏။

တိုက်က အတော်ပင်ပြီးနေပြီး အချောပင် သပ်နေချေပြီ။ ဆေးသာသုတ်ပြီးရင် အဘယ်မျှလှလိမ့်မလဲ။ မိန်းမယူရင် နေဖို့တဲ့။ ယူပါ, နေပါ၊ တစ်ယောက်မက နှစ်ယောက်ပဲယူယူ တစ်ဒါဇင်ပဲယူယူ ဘာဖြစ်သေးလဲ။

လူကိုခြေထိုးတာကတော့ ခံရခက်ပါဘိ။

သူ့တိုက်မှာ အလုပ်သမားတွေ ရောက်နေပြီမို့ ဘိုက်သစ်ထဲ ကျော်ဝင်လာတာကို ဘယ်သူမှမတားကြပါလေ။ မခထဲကို အသားရောင်နဲ့သုတ်ပြီး Lining ကို ချောကလက်ရောင်သုတ်ရင် ဘိုဆန်ဆန်လေး လှသွားမှာပါ။ အပြင်ကို ဘာလို့အစိမ်းနုရောင်သုတ်ရတာလဲ။ ကျော်က အရောင်ထဲမှာ အစိမ်းရောင်ကို အကြိုက်ဆုံးမဟုတ်လား။

လှေကားကို တည့်တည့်ကြီးမဟုတ်ဘဲ ခပ်ကွေးကွေးပုံစံ Steel လက်ရမ်းသုံးတာကိုလည်း ကြိုက်ပါ၏။ အိပ်ခန်းတွေကိုလည်း ခပ်ကျယ်ကျယ်ပဲမို့ နေပျော်ပါတယ်လေ။ မီးဖိုခန်း၊ ရေချိုးခန်း၊ ရေအိမ်၊ ဧည့်ခန်း၊ ဘုရားခန်းတို့ကိုသေချာ Drawing ဆွဲပြီးဆောက်ထားတာမို့ ကျော့်ထက်ပိုပြီးတော်နေမှန်း သိနိုင်ပါ၏။

အထူးသဖြင့် ဧည့်ခန်းကနေ အလယ်ခန်းကို ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရသလို မီးဖိုခန်းကို မြေအောက်ခန်းလိုမျိုး လှေကားသုံးထစ်ဆင်းပြီး ရောက်တာကို အတော်လေး သဘောကျမိပါ၏။ ဒီမီးဖိုခန်းကနေ ခြံဝကိုပါ လှမ်းမြင်နေရတာပါလေ။ တိုက်ပတ်လည်မှာ မြက်ပင်စိမ်းစိမ်းလေးတွေ စိုက်လိုက်လို့ကတော့ OK ပါပဲ။

အခန်းထောင့်ချိုးလေးတိုင်းမှာ အပြင်ဘက်ကို ဝရံတာလေးမှတွေ ထုတ်ထားပုံက တကယ့် Hotel အသေးစားလေး Style ပါလေ။ Idea ကောင်းလိုက်ပုံ ကိုတုန်းထက်မာန်။ ကျော်ဆောက်တာမဟုတ်ပေမယ့် ရှင့်စိတ်တိုင်းကျဖြစ်အောင် စေတနာနဲ့လုပ်ပေးမှာပါလေ။

▣

"ဟာ. . . ဘာရောင်ကြီးသုံးထားတာလဲ"

"ဟို. . . ဟို. . . မမလေးက ဒါသုံးဆိုပြီး"

"ဒါ ငါ့တိုက်လား သူ့တိုက်လား"

"ဟို. . . သူဌေးလေးတိုက်ပါ"

"ဒါဆို ငါ့စိတ်ကြိုက်အရောင် သုံးရမှာပေါ့။ ဘာလို့ သူပြောတာကို လုပ်ရတာလဲ"

ရောက်တာနဲ့ အသံကကြားရပါပြီ။ ကျော်လုပ်ရင် အပြီး





အစီးမို့ ကိုယ့်အလုပ်သမား (ဆေးသုတ်သမား)တွေကို ခေါ်နိုင်းနေတာပါလေ။ မီးဖိုခန်းထဲမှထွက်လာတော့ သူက ညှော်ခန်းမှာ ခါးထောက်လျက် စိတ်ပျက်နေသည့်ပုံစံဖြင့် တစ်အိမ်လုံးကို လိုက်ကြည့်နေလေ၏။

"မမလေး"

"ဆက်သုတ်ပါ ကိုတိုး"

"ဘာကွ!"

"ရှင့်ကို ကျော်မေးပြီးပြီနော်၊ အတွင်းဘက်ကိစ္စအတွက် သိုက်ရွေးဦးမလားလို့မေးပြီးမှ အခုစလုပ်နေတာ။ အောက်ထပ်ဆောင်ပြီးခါနီးနေမှ ဒါကဘာဖြစ်ရတာလဲ"

"ငါမှ ဒီအရောင်မကြိုက်တာ"

"အခုသုံးနေတာပဲ ညှော်ခန်းတစ်ခုလုံးပြီးနေပြီ၊ ဘာဆောင်သုံးချင်လို့လဲ"

"တခြားဟာပေါ့"

"ပြီးစလွယ်မပြောနဲ့လေ၊ အတိအကျပြော"

"အစိမ်းနု"

"အပြင်ရောအတွင်းပါ စိမ်းနေရင် မလှဘူး"

"လှလှမလှလှ ဒါ ငါ့အိမ်ပဲဟာ၊ ငါ့စိတ်တိုင်းကျလုပ်

www.burmeseclassic.com

www.burmeseclassic.com


မယ်"

"ကျစ်! ရှင် အဲဒီလိုလိုက်ရှုပ်နေရင် ကျော်လုပ်ပေးရမယ့် အလုပ်ကို ဆက်မလုပ်ပေးတော့ဘူး ကိုဘုန်းထက်မာန်။ ရှင့်ဆီက ယူထားတဲ့ပစ္စည်းကို ကာလပေါက်ဈေးအတိုင်း ကျော် ငွေရှင်းပေးမယ်။ ဘယ်လိုလဲ"

သူငြိမ်သွားလေ၏။ ခုကတည်းက ဟိုဟာမကြိုက်ဘူး ဒီဟာဆိုပြီး ချေးများပြနေရင် အပြီးထိလုပ်ပေးတုန်း ကန့်ကွက်မှာက အများကြီးမဟုတ်လား။ အဲဒီလိုသာဖြစ်ရင် ကျော့်အတွက် စိတ်အနှောင့်အယှက်ဖြစ်သလို အလုပ်လည်းပြီးတော့မှာမဟုတ်ပါချေ။

"မင်း အဲဒီလိုတော့ ကတိမဖျက်နဲ့ကွ"

"အဲဒီလိုမဖြစ်စေချင်ရင် ကျော့်လုပ်တာကို မနှောင့်ယှက်နဲ့ပေါ့ရှင်၊ ရှင်ကစပြီး ကဖျက်ယဖျက်လုပ်နေရင် ရှင်ယူမယ့်မိန်းမကပါ နောက်တစ်မျိုးတိုးပြီး လာပြောဦးမှာပေါ့"

"ဘာ!"

"ဆရာများရှင် သားသေတယ်ဆိုတာ ကြားဖူးရဲ့လား ရှင်ကတစ်မျိုး ကျော်ကတစ်မျိုးဆိုရင် ကျော့်အလုပ်သမားတွေ ဘာဆက်လုပ်လို့ရမှာလဲ"



"ဟ! ပြတင်းပေါက်မှန်တွေ တပ်စရာရှိသေးတယ်။ တံခါးတွေရောပဲ"

"တပ်ပေါ့၊ အိမ်ပြင်ကကိစ္စတွေအကုန် ရှင်လုပ်လို့ရတယ်။ အဲထဲကိုတော့ လုံးဝမလာပါနဲ့။ တစ်လဆို အားလုံးအပြီးအပ်ပေးမယ်"

"တစ်လတောင်"

"ပိုပိုလိုလိုပြောတာလေ"

"ပြီးတာပဲ"

ကဲ! နောက်ထပ်စာချုပ်ကတော့ ပြီးပြန်ပါပြီ။ ကျော့်ကို မကြည့်သလိုဖြစ်နေတဲ့သူနဲ့ မတွေ့ချင်တာမို့ အိမ်ပြင်ကိုထုတ်ပြီး အိမ်ထဲမှာပဲ ပြင်ဆင်ပေးရတော့မှာကိုး။ ဒီတိုက် အားလုံးအမြန်ပြီးမှ ရှင် ကျော့်မျက်စိရှေ့ကို ရောက်လာတော့မှာမဟုတ်ပါဘူး။ ဝေးဝေးပဲနေကြပါစို့လား ကိုဘုန်းထက်မာန်။

▣▣▣


www.burmeseclassic.com

www.burmeseclassic.com

အဆုံး



ကျော်က "လှေကလေး"ဆိုရင် ကျော့်ဖေဖေက ကျော့်ကိုလမ်းပြတဲ့ "မီးပြတိုက်"ဆိုတော့ သူက ဘာပြောတယ်ထင်သလဲ....

ကျော်သာ "လှေကလေး"ဖြစ်မယ်ဆိုရင် သူက အဲဒီလှေကလေးရဲ့ "ပဲ့ကိုင်ရှင်"တဲ့လေ....



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

ကျော့်တိုက်က အခုမှအကြမ်းထည်ပေါ်ရုံသာ ရှိသေးပါ ဒီ သူ့အိမ်က အားလုံးပြီးစီးသွားသလို ခြံထဲမှာ မြက်ခင်းစိမ်း စိမ်းနှင့် ရေပန်းလေး ကွက်ကြားထားတာမို့ အိမ်နှင့်လိုက်ဖက်ပြီး လှလိုက်တာမပြောပါနှင့်။ ဝရံတာတိုက်လေးတိုင်းမှာ မီးဆိုင်းလှ လှလေးတွေ တပ်ဆင်ပေးတာကအစ မီးဖိုခန်းနံရံမှာ ပစ္စည်းချိတ် ရော တန်းကလေးလှလှလေးတွေအဆုံး ကျော်လုပ်ပေးခဲ့တာပါ လေ။

"မမလေး"

"ရှင့်"

"ဟိုဘက်ခြံက သူဌေးလေးက ပြောတယ်၊ ခြံစည်းရိုး



www.burmeseclassic.com

www.burmeseclassic.com

ကို သူပဲကာမယ်တဲ့''

''ကာပေါ့. . . ကာပါစေ''

သူပဲ သံဆူးကြိုးဖြတ်ပြီး ခြံနှစ်ခြံကူးဖို့ လမ်းဖောက်တာ ဆို။ အခုတော့ ဒီမျက်နှာကိုမမြင်ချင်တော့တဲ့ပုံစံနဲ့ ခြံကာတော့ မယ်ပေါ့။ ကာပါ. . . ကာပါ၊ ဆယ်ပေမကလို့ ပေနှစ်ဆယ်အမြင့် အုတ်အပြည့်ပဲကာကာ၊ ဂရုမစိုက်ဘူး ကိုဘုန်းထက်မာန်ရေ။

စိတ်ထဲမှရေရွတ်နေမိစဉ် သူ့ခြံထဲကို ကားနီနီလေးတစ် စီး ဝင်လာပြီး ရပ်သွားလေ၏။ ကားပေါ်မှ ချစ်စဖွယ်ကောင်မ လေးတစ်ယောက် ဆင်းလာတာကို သူကပြုံးပြီး ကြိုလိုက်လေ သည်။ ကြည့်စမ်း! အိမ်ပြီးတာနဲ့ သတို့သမီးလောင်းကို ထုတ် ကြွားပါရောလား။

''လှလိုက်တာ ကိုကြီးရယ်၊ အရမ်းလှတာပဲ။ အိမ်ထဲ ရော လှရဲ့လား''

''လှတာပေါ့၊ ဝင်ကြည့်လေ ပပရဲ့''

''နေဦး၊ ခြံထဲကိုအရင်ကြည့်ဦးမယ်''

ကောင်မလေးက ကျော်ရပ်နေသည့်ခြံနားကို လျှောက် လာသဖြင့် ကျော်မမြင်ချင်ယောင်ဆောင်လိုက်မိပါ၏။ ရှင် တမင် ခေါ်ပြီး ကျော်မြင်အောင်ပြတာမဟုတ်လား ကိုဘုန်းထက်မာန်





ကျော်က သူများသိပ်လိုချင်နေမှန်းသိနေရင် ဘယ်တော့မှ မပေး တတ်တဲ့ စိတ်ပုပ်လေးရှိတာမို့ ရှင့်မိတ်ဆက်ပေးမယ့် ရှင့် baby လေးကို မမြင်ယောင်ဆောင်ရတာပါပဲ။

ပြောတော့ဖြင့် ကျော့်ကို ကလေးမှန့်ပေးပြီး ကြိုက်တာ ဆို။ သူရော ဘာထူးလို့လဲ။ သူ့ထက်ငယ်တဲ့ကလေးကိုမှ ရွေး ကြိုက်တာမဟုတ်လား။ ဒါကြောင့် လူဆိုတာ ကိုယ့်ဘက်ကိုယ် ယက်တတ်တဲ့အမျိုးလို့ ပြောကြတာလေ။

''ကိုကြီးခြံက''

''ဒီနားမှာလေ ပပရဲ့''

''မကာရသေးဘူးလား''

''ကာမှာပါ။ တစ်ဝက်က အုတ်၊ တစ်ဝက်က သံဇကာ ပေါ့''

မမြင်ချင်ပါဘူးဆိုမှ ဘာတစ်ဝက် သံဇကာလဲ။ မတပ် နဲ့၊ အုတ်အပြည့်ကာပါဆိုနေမှ။ ငါနော်. . . စိတ်တိုလာပြီ။ ဒင်း ဟာမလေးနဲ့ မဏ္ဍာပ်တိုင်တက်ပြချင်နေတာကိုး။

''ဟိုဘက်ခြံက ပိုကျယ်သလိုပဲနော်''

''ကျယ်ပေမယ့် ကိုယ့်ခြံလောက် မလှဘူး ပပရဲ့။ ကိုယ် က ဒီမြေကွက်ကို စျေးသက်သက်သာသာနဲ့ ရလိုက်တာလေ''


www.burmeseclassic.com

www.burmeseclassic.com

တောက်! ကလေးဆန်လိုက်တာပါလားနော်။ ခြံရှင်ပစ် ကျသွားအောင် မလိမ့်တပတ်လုပ်ပြီး ပေါ်ချောင်ကောင်းရထားတာ မသိဘူးလို့များ ထင်နေလား။ အခုမှ လေသံက ပျားရည်ထဲမြုပ်နေတဲ့ မလိုင်လုံးလေးလိုချိုပြီးအီလို့၊ ကျော့်ကိုဆိုရင် နာမည်ရင်းခေါ်ပြီး လေသံမာနဲ့ပြောတတ်တာလေ။

မျက်နှာလိုက်မှာပေါ့။ သူ့ဟာမလေးက လှတပတလေးကို။ ခြေဖဝါးနဲ့မြေကြီး တစ်ခါမှမထိဖူးတဲ့အမျိုးနဲ့ စုံဖက်မှတော့ နေနဲ့လ ရွှေနဲ့မြဖြစ်ပြီပေါ့။ မြကိုစိန်ရံတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။ အတွေးဖြင့် တစ်ယောက်တည်းစိတ်တိုနေမိစဉ် Taxi တစ်စီးက ကျော့်ခြံရှေ့ ရပ်သွားလေ၏။ လာပါပြီ ကျော့်မောင်လေး။

"မမရေ"

နန္ဒက Taxi ပေါ်မှဆင်းကာ ကျော့်ထံဝမ်းသာအားရဖြင့် ပြေးလာလေ၏။ ကြည့်ရတာ ကျော့်တက်ခိုင်းတဲ့ သင်တန်းဆင်းလက်မှတ်အောင်တာ ရလာပြီထင်ပါရဲ့။

"မွေးမွေးပေး"

"အာ. . . ဘာလို့ပေးရမှာလဲ"

ဘုရားရေ! မွေးမွေးပေးတဲ့။ ဒီကောင် အပြောရဲလှချည်လား။ လူမြင်ကွင်းမှာရှိနေတာတောင် ဒီလောက်ဖြစ်နေရင် လူ





...ကွယ်ရာမှာဆို ဘယ်လောက်တောင်များ အဖြစ်သည်းလိုက်...သိပ်မဝေးတာမို့ ကျော်တို့ပြောနေတာကို သူတို့အတိုင်းသား...နေရတာပါလေ။

"ဒါရလာပြီလေ"

"သြော် . . . အဲဒါရလာရင် ကားဝယ်ပေးမယ်လို့ မမ...ထားပြီးပြီလေ မောင်ရာ"

"ကားက ကားလေ မမရဲ့၊ ကျောင်းတက်မှ စီးရမှာကိုး၊...လောလောဆယ်"

ပါးကို လက်ညှိုးဖြင့်ထောက်ပြလိုက်တာမို့ သူအသည်း...နေမိပါ၏။ မလုပ်ရဘူးနော် ကျော်၊ မင်းသိက္ခာကို ဒီပုံစံနဲ့...ပြိမ်ပါစေနဲ့။ စိတ်ထဲမှသူပြောနေမိစဉ်မှာပဲ ကျော်က ခြေဖျား...ာက်ကာ ထိုတောင်လေးပါးကို ရွတ်ခနဲနမ်းလိုက်လေသည်။

"အား. . . အဲဒါကြောင့် မမကိုချစ်နေရတာ"

သွားပါပြီ၊ ဒီလောက်လိုက်လျောမှတော့ ဟိုက အဆင့်...က်တော့မှာပေါ့ မြင့်မိုရ်ကျော်ရဲ့။ မင်းမရှက်ဘူးလား။ မအူ...ည်အရွယ်လေးလည်းမဟုတ်ပါဘဲ ချာတိတ်ကပ်ချွဲနေသမျှ...နှ်လိုးပေးနေတော့တာလေ။

"ဟယ်! အဲဒါ နန္ဒပဲ"



www.burmeseclassic.com

www.burmeseclassic.com

ပပနှုတ်မှ ရေရွတ်လိုက်တာမို့ ဘေးမှာလူရှိနေတာ
သူသတိရသွားရလေ၏။ သူ့အဖြစ်က ဘေးမှာ ပပရှိနေတာ
တောင် မေ့သွားရတယ်လို့။ ဟိုကောင်လေးက ကျော့်ခါးကို တင်
တင်းကျပ်ကျပ်လေး တွယ်ဖက်ထားလိုက်သေးတာလေ။

"သူ့ကိုသိလို့လား"

"သိတာပေါ့ ကိုကြီးရဲ့၊ ပပ Causin မောင်လေး ကျော်
စွာ့ရဲ့သူငယ်ချင်းလေ၊ ကျော်ကျော်ရော နန္ဒပါ ဆေးကျောင်းတက်
ရတော့မှာ"

"ဆေးကျောင်း"

"အင်း. . . နန္ဒက အရမ်းဆင်းရဲတယ်၊ သူ့အမေက
စက်ချုပ်ပြီး ရှာကျွေးနေရတာလေ"

သေချာနေပါပြီကော။ ဒီလိုမပြည့်မစုံဘဝမို့ ခပ်ထော
ထောမမကို လိုက်ကပ်ပြီး ညာစားနေတာကို။ ဒါကို မင်းမသိ
ဘူးတဲ့လား ကျော်။ ခဏတာစိတ်ပျော်ဖို့အတွက်လေးနဲ့ မင်းရဲ့
နာမည်ရောဘဝပါ ပျက်မယ့်အန္တရာယ်ကို မမြင်ဘူးလားကျော်
ရယ်။

"ကားက ဝယ်ပြီးသားပါ မောင်ရဲ့"

'မောင်'တဲ့။ အဘယ်မျှ နှစ်လိုဖွယ်ကောင်းတဲ့အခေါ်





ခေါ်လေးပါလဲ။ ဒီခေါ်သံလေးထဲမှာ ဒီချာတိတ်အပေါ် သူမ
ဘယ်မျှ နှစ်သက်ချစ်ခင်တွယ်တာနေတဲ့သံယောဇဉ်ကို ဘေး
အတောင် မြင်နေရတာပါလေ။ မင်းတော့. . . မင်းတော့ ရေ
နစ်တော့မှာပါလား ကျော်။

"တကယ်လား"

"အင်းပေါ့၊ မောင့်အကြိုက် မိုးပြာရောင်လှလှလေးလေ၊
မိုးက အရှင်လေ၊ တင်လို့ချလို့ရတယ်"

"ကျွန်တော့်အကြိုက်ပေါ့လေ"

"ဒါပေါ့"

နှစ်ယောက်သား ရယ်နေကြပြန်လေ၏။ ပေးသာပေး
ကျော်ရေ့။ မနမျှောရင် မင်းဘဝကြီးပါ ပုံသာပေးလိုက်တော့။
ကယ်ပါပဲ။

"နန္ဒ"

"ဟင်"

ခေါ်သံကြောင့် ကျော်ရောမောင်ပါ လှမ်းကြည့်လိုက်မိ
ခဲ့။ နေပါဦး၊ ဒီကောင်မလေးက မောင့်ကိုဘယ်လိုသိပြီးခေါ်
တာလဲ။

"ဘယ်သူ"


www.burmeseclassic.com

“ကျော်ကျော့်အစ်မလေ”

“သြော်. . . မှတ်မိပြီ မလေး။ ဟိုတစ်ခါ ကျော်
မလေးတို့အိမ်ကို လာလည်ဖူးတယ်”

“မှတ်မိလို့တော်သေးတာပေါ့”

နန္ဒက ဟိုကောင်မလေးနဲ့စကားပြောရန် တိုးသွား
မို့ ကျော်ပါ လိုက်ခဲ့ရလေ၏။ မောင့်ကို ဘယ်သူဘယ်ဝါမှန်း
သူသိသွားရင် ဖေဖေ့နား ပေါက်သွားတော့မှာလေ။

“မိတ်ဆက်ပေးရဦးမယ်၊ ဒါ မလေးရဲ့ကိုကြီးလေ
ဘုန်းထက်မာန်တဲ့။ ကိုကြီး, ဒါ ပပမောင်လေးရဲ့သူငယ်
နန္ဒတဲ့”

“ဟုတ်ကဲ့၊ ဒါက ကျွန်တော့်ရဲ့. . .”

ကျော်က နန္ဒလက်မောင်းကို ဖျပ်ခနဲကိုင်ကာ သတိ
လိုက်ရလေ၏။ မိတ်ဆက်ပေးဖို့ပြင်နေသည့်ကောင်လေးမျက်
က အီလည်လည်ဖြစ်သွားပြီး ပြုံးစိစိဖြစ်သွားရလေသည်။

“အဟင်း. . . မမဆိုပါတော့၊ မြင့်မိုရ်ကျော်တဲ့”

“မြင့်မိုရ်ကျော်,ဟုတ်လား။ ဒက်ဒီတို့ပြောပြောနေတဲ့
နာမည်ကိုကြားဖူးနေတာ။ ပပက ဦးထွန်းဝင်းနဲ့ဒေါ်မေသော်
သမီး ဝင်းပပသော်ပါ မမ”



www.burmeseclassic.com



ကြည့်စမ်း! ဒီလောက်မိတ်ဆက်နေတာတောင်မှ အင်း
မလှုပ်အဲမလှုပ် ခပ်တည်တည်ပါပဲလား။ လူမှုရေးရာမှာ ကျော့်ကို
ညှို့တဲ့အဆင့်သတ်မှတ်ထားတာ မှန်နေပါရောလား။ ‘မမ’တဲ့၊ ခပ်
ပိုင်ပိုင်ပြောတဲ့ချာတိတ်ရဲ့မျက်နှာက ကျော့်ကိုပိုင်ဆိုင်နေသလိုပါ
ပဲ။ ဘယ်လိုလဲကျော်၊ ဆိုင်သူကိုယ်စီရှိပြီဆိုတာ သိအောင်ပြနေ
တာတောင်မှ မင်းမျက်နှာမှာ ရှက်ပြုံးလေးတောင်မရှိဘဲ ခပ်မာ
မာလေးပဲ ရှိနေရတယ်လို့။

“မာမိက မြို့ထဲမှာ‘ဝင့်ရွှေစင်’နာမည်နဲ့ ရွှေဆိုင်ဖွင့်ထား
တယ်လေ”

“ဟုတ်လား”

ဒါပဲလား။ ဟန်ဆောင်ပန်ဆောင်လေးတောင်မှ စကား
မပြောသေးပါလားနော်။ ဒက်ဒီကိုယ်တိုင် သူမ ကောင်လေးနဲ့
တွဲနေတဲ့ကိစ္စကို မေးတောင် မဖြုံသလိုပါပဲ၊ အန်ကယ်ဦးမြင့်မိုရ်
မဆူမပူဘူးလား။ သမီးဖြစ်သူကို စစ်မိုလ်လို တစ်သွေးတစ်သံ
တစ်မိန့်အုပ်ချုပ်တတ်တဲ့ ဦးမြင့်မိုရ်ရဲ့အမိန့်ကို မင်းမနာခံဘဲ ဆန့်
ကျင်နေတာများလား ကျော်။

“ရေခဲမုန့်စားရမှာလား ဒန်ပေါက်စားရမှာလား မလေး”

“ဟယ်! နန္ဒကလည်း လိုပါသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com

"ကျော်စွာနဲ့တောင် မတွေ့တာကြာပြီ"

"ကျောင်းဖွင့်ရင် စတက်မှာလေ၊ နန္ဒရော ဆေးကျောင်းပဲတက်မှာလား"

"ဟုတ်ကဲ့၊ အမှန်က ကျွန်တော်မတက်ဘူးလို့ပြောထားတာပါ။ မေမေကလည်း ကျောင်းပဲ ဆက်တက်စေချင်တာနဲ့ပဲ တက်ရမှာလေ"

"ဆေးကိုလေ"

"ဟုတ်! မမပဲ ထားပေးတာ၊ ဒီမှာလေ၊ ကျွန်တော့်ဖို့ ကားတောင်ဝယ်ထားပေးပြီးနေပြီ"

ကားသော့တွဲလေးကိုမြှောက်ပြကာ ကြွားနေသည့်ချာတိတ်ကို သူအတော်မြင်ပြင်းကပ်လှပြီလေ။ မရှက်ဘူးလား၊ ရည်းစားအထောက်အပံ့နဲ့ ကျောင်းတက်တယ်ဆိုတာ မြန်မာပြည်မှာ ရှိဖူးတာမှမဟုတ်တာလေ။

"ခုနစ်နှစ်ဆိုတဲ့ကာလအတွက် ကုန်ကျစရိတ်က နည်းမှာမဟုတ်ဘူး"

"ကျွန်တော်သိပါတယ် မလေးရဲ့၊ မမက မပူနဲ့လို့ပြောထားတာ။ သိတယ်မဟုတ်လား၊ နန္ဒကိုရဲ့အနာဂတ်ကို လမ်းပြပေးတဲ့ လမ်းပြကြယ်လေး မမလေ"





တောက်! ငါနော်၊ လူရှေ့သူရှေ့မှာ လုပ်ပြန်ပြီ။ ချာတိတ်က ကျော့်ခါးကို နောက်ဖက်မှ ခပ်တင်းတင်းလေး ဖက်ပြနေတာ သာ ရုန်းပါတော့လား၊ ရှက်ရမ်းရမ်းပြီး လက်ကိုပုတ်ထုတ်သင့် သပေါ့ ကျော်။ ဘာမှမဖြစ်သလိုဟန်နဲ့ အေးအေးဆေးဆေးပုံစံ ခံထားပါရောလား။

"မမတို့အသက် ဘယ်လောက်ကွာသလဲဟင်"

"မောင်နဲ့လား"

'မောင်'ဟု သုံးလိုက်တာမို့ ပပက ပြုံးလိုက်လေ၏။ သူ့ကိုတော့ အသက်ဆယ်နှစ်ကျော်ကျော်ကြီးတာမို့ 'ကိုကြီး'ဟု ခေါ်ဖြစ်တာလေ။ ပပခေါ်တဲ့ 'ကိုကြီး'ဆိုတာထက် ကျော်ခေါ် တဲ့ 'မောင်'ခေါ်သံထဲမှာ မေတ္တာတွေများစွာပျော်ဝင်နေသလို သူ ခံစားနေရပါ၏။

"မောင်နဲ့ 'မ' ခြောက်နှစ်ကွာပါတယ်"

"တော်သေးတာပေါ့၊ ပပနဲ့ကိုကြီးက ဆယ်နှစ်ကျော် ကျော်ကွာတာ"

"မမနဲ့. . ."

ချာတိတ်က ဘာကိုဖြေရှင်းဖို့လဲမသိ စကားသံထွက်လာ ပြီ။ ကျော်က ချာတိတ်လက်ဖမိုးကို အသာလေးဆိတ်လိုက်တာ



www.burmeseclassic.com

 www.burmeseclassic.com

ကို သူသတိထားမိလိုက်ပါ၏။ ဘာသဘောလဲ၊ မင်း ဘာကိုရော လူမသိအောင် ဖုံးကွယ်ထားပါသလဲ ကျော်။ ချာတိတ်က ဘာ မှဆက်မပြောဘဲ ငြိမ်သွားလေ၏။

"နန္ဒက တော်တော်မှဆိုးရဲ့လား"

"မောင်လား. . . အင်း. . . ဆိုးပေမယ့် 'မ'အတွက် တော့ လိမ္မာပါတယ်"

"မမက အမြဲခွင့်လွှတ်ပေးနိုင်တယ်ပေါ့နော်"

"ဆိုပါတော့၊ 'မ'ခွင့်မလွှတ်နိုင်တာမျိုး သူလုပ်ရင်လေ အသိပဲ။ 'မ'အကြောင်း သူသိပါတယ်"

"မမကို နန္ဒအတော်ချစ်ပုံရတယ်"

"ဒါပေါ့ဗျ။ ကျွန်တော့်ချစ်ခြင်းတွေအကုန် စုပုံပြီး မမ ပေးထားတာ"

"အရှူး"

နှစ်ယောက်သားပြုံးလိုက်ကြတာကို ပပက အား သလိုကြည့်နေပေမယ့် သူကတော့ မကြည်သလိုစိုက်ကြည့် မိပါ၏။ ဒင်းတို့နှစ်ယောက်က လက်ချင်းချိတ်ကိုင်ပြနိုင်ပေ သူနှင့်ပပက ဘာမှမဟုတ်သေးတာမို့ ခပ်ဝေးဝေးသာ ရပ် ကြတာလေ။ ကိုယ်မကျေနပ်ဘူး ကျော်။

▣▣▣



# အခန်း (၁၆)

အုတ်တံတိုင်း စကာနေပါပြီ။ ကျော့်တိုက်က အချော သပ်နေပြီမို့ တိုက်ရှေ့မှာ ရေကူးကန်လေးထားဖို့ မြေတူးနေတာ ပါလေ။ တစ်ဖက်ခြံက ရောင်းမယ်ဆိုရင် OK နေပြီမို့ ကျော့်ခြံ က သူ့ခြံထက်ပိုလှအောင် လုပ်ရမှာကိုး။ ပြိုင်ပြီးရောင်းရင် ကျော့် တိုက်က ပိုပြီးဈေးကြီးမှာကို သိနေပါ၏။

ဒီလာတိုင်း ဟိုဘက်ကိုမကြည့်မိအောင် သတိထားနေ ပေမယ့် မျက်လုံးက ရောက်ရောက်သွားတာမို့ ခက်ပါရဲ့။ သူက ကျော်နှစ်ခြိုက်တဲ့အစိမ်းရောင်နုနုလေးကို တိုက်ဆေးသုတ်ထား တာမို့ အိမ်လေးက နေချင့်စဖွယ်ပါလေ။ ပြီးတော့ အိမ်ထဲမှာက လည်း အိပ်ခန်းတွေကအစ မီးဖိုချောင်အဆုံး ကျော့်စိတ်တိုင်းကျ



www.burmeseclassic.com

www.burmeseclassic.com


ပြင်ဆင်ပေးခဲ့တာမို့ အိမ်အသစ်လေးက မိသားစုအသစ်(သို့မဟုတ်) ဇနီးမောင်နှံအသစ်လေးတွေကို အဆင်သင့်ကြိုဆိုနေသလိုပါပဲ။

ချစ်သူနှစ်ယောက် လက်ချင်းချိတ်ပြီး ကျောက်ပြားခင်းလမ်းကလေးမှာ လျှောက်မလား။ ဒါမှမဟုတ် မြက်ခင်းစိမ်းစိမ်းလေးပေါ်မှာ ဖိနပ်ချွတ်ပြီး ဖွဖွနင်းကာ လျှောက်ချင်သလား။ ဒီလိုမှမဟုတ်ရင် တိုက်ရှေ့ချထားတဲ့ခုံတန်းကလေးကိုလွှဲပြီး ဆော့ချင်သလား။ ဘာပဲလုပ်လုပ် ရနေမှာလေ။

အပေါ်ကိုတက်ရင်ရော လသာဆောင်မှာပဲ ထိုင်ထိုင်၊ ဝရံတာလေးတွေမှာ ထွက်ရပ်ပြီး ကော်ဖီပဲသောက်သောက်၊ စိတ်ကူးပဲယဉ်ယဉ် လုပ်လို့ရတာချည်းပါပဲ။ အပေါ်စီးကနေ ခြံထဲမှာ ရေပန်းတွေဖွင့်ထားတာကိုကြည့်ရင် ရေပန်းအရှင်တွေက တစ်ခြံလုံးကို လှည့်ပတ်ဖျန်းနေမှာကို မြင်နိုင်မှာလေ။

'ဝင်းပပသော်'တဲ့လား။ ရှင်ရွေးချယ်ပြီးတဲ့သူက တကယ့်ကို ယဉ်နုပြီး အလှသွေးကြွယ်နေတဲ့အရွယ်လေးပါပဲ။ ပြောတော့ဖြင့် ကျော့်ကိုစိတ်ဝင်စားတာဆို။ ဖေဖေ့ကိုသိအောင်ပြောပြီးမှ အခု ဘာအချိုးချိုးပြရတာလဲ၊ ဒါမေတ္တာစစ်တဲ့လား ကိုဘုန်းထက်မာန်။

တကယ်ဆို ဒီသဘောထားကို ကျော်သိအောင်ပြသင့်

တာပေါ့။ လူကြီးတွေကိုပြောရမှာလား။ လူငယ်ချင်းပဲပြောရင် ပိုနီးစပ်မှာလေ။ ကျော်လည်း ရှင့်ကိုမုန်းနေတာမှမဟုတ်တာ၊ မိန်းကလေးက စတာလည်းမဟုတ်တာလေ။ အကယ်၍ ကျော်ငြင်းရင်တော့ တခြားလူကိုရွေးရင် ဘာဖြစ်မှာတဲ့လဲ။

အခုတော့ ကျော့်ကို အရည်ရွှန်းတဲ့ အကြင်နာမျက်ဝန်းမျိုးနဲ့ ခဏတဖြုတ်လေးကြည့်ပြီး ဖျပ်ခနဲ မျက်နှာလွှဲ ကျောခိုင်းသွားသလိုပါလေ။

ခေါ်တော့ဖြင့် 'ကျော်'ဆို နောက်တော့ နာမည်မခေါ်ဘဲ ခပ်ရင့်ရင့်လေသံနဲ့ စကားပြောရတယ်လို့၊ ရပါတယ်. . . ရပါတယ်၊ ကျော်က နေတတ်ပါတယ် ကိုဘုန်းထက်မာန်။ လောကမှာ နေတတ်ရင် ကျေနပ်စရာချည်းပါပဲ။

အခုဆို မောင်လည်း ကျောင်းစတက်နေပြီ။ မောင့်ကားကို အသိအိမ်မှာထားပေးထားတာမို့ ဝင်ယူပြီး ကျောင်းသွားရုံပါပဲ။ တစ်နေ့နေ့တော့ ကျော်တို့ကိစ္စကို ဖေဖေရောမေမေပါ ရိပ်မိပြီး သိသွားကုန်တော့မှာပါလေ။ ဒီတော့ ဆုံးဖြတ်ရုံပေါ့။ မိသားစုအတူမနေနိုင်ရင်တောင်မှ ကျော်နဲ့မောင့်ကို မခေါ်မပြောရဆိုပြီး သတ်မှတ်ခွဲခြားလို့မှ မရတာလေ။

"မမလေး"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ"

"ရေမလာတော့ဘူး"၊

"ဘယ်လိုဖြစ်ရတာလဲ၊ ရှာကြည့်ဦးလေ"

"ရေပိုက်လိုင်းပဲတစ်ခုခုဖြစ်တာလား မသိပါဘူး။ ဟိုဘက်ခြံရော ရေလာရဲ့လားလို့ပါ"

"ကျော် မေးပေးမယ်လေ၊ ခဏလေး"

အလုပ်လုပ်လက်စမို့ အလုပ်သမားတွေ မအားကြတာနဲ့ ကျော်ပဲသွားမေးရတော့မှာကိုး။ ခြံစည်းရိုးနားကပ်လာတော့ သူ့ကို အုတ်စည်းရိုးကာနေသည့်အနီးမှာ တွေ့ရလေ၏။

"ကိုဘုန်းထက်မာန်"

လှည့်မကြည့်ပါ၊ ကြည့်စမ်း! မကြားချင်ယောင်ဆောင်တာပေါ့လေ၊ ကျော်က ရှင့်အတွက် မတူမတန်သလိုဖြစ်နေလို့များလား။ လူကိုခွဲခြားခွဲခြားနဲ့ ဆက်ဆံတာပေါ့လေ။

"ဦးဘုန်းထက်မာန်"

"ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာအလုပ်လုပ်နေတာမမြင်ဘူးလား။ အကွက်ကိုသေချာညီအောင် ဖော်နေ၊ ဒါမှလှမှာ"

ခေါ်နေတာတောင်မှ အလုပ်ဆက်လုပ်နေတုန်းပါလေ။ ဘယ်လိုလဲ၊ ကျော်က ရှင့်အလုပ်လောက် အရေးမကြီးဘူးဆိုတဲ့





သဘောမျိုးနဲ့ပေါ့လေ။

"ဒီမှာ"

"ကျစ်! မင်းမှာ ယဉ်ကျေးမှုမရှိဘူးလား မြင့်မိုရ်ကျော်၊ ဒီမှာ အလုပ်လုပ်နေတာကွ"

"ကျော်လည်း အရေးကြီးလို့ခေါ်နေတာပဲလေ၊ ရှင့်ကို ခေါ်ချင်လို့ခေါ်နေတာလိုများ ထင်နေသလား"

"ဒါဖြင့်လည်းမခေါ်နဲ့လေ၊ မင်းကောင်လေးကိုပဲ နီးနီးလေးခေါ်ထားပေါ့။ ငါနဲ့ဝေးဝေးနေ"

"ဘာ!"

ကြည့်စမ်း! မင်းကောင်လေးတဲ့။ မောင့်ကို ကျော်နဲ့စွပ်စွဲကိုက်တာပေါ့လေ။ ရှင်တော့ မိုးကြိုးပစ်ချခံရတော့မှာပဲ။ ကျော့်မောင်က မောင်နှမအရင်းခေါက်ခေါက်ကြီးပါရှင့်။

"ကျော်လည်း ရှင်နဲ့ပတ်ပတ်သက်သက် မနေချင်ပါဘူး။ အလုပ်ကိစ္စမို့လို့ လာပြောရတာ"

"အလုပ်ကိစ္စ"

"ဟုတ်တယ်"

"မင်းနဲ့ငါက အလုပ်ကိစ္စပတ်သက်စရာမှမရှိတော့တဲ့ ... ရှုပ်ရှုပ်ယှက်ယှက်"


www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောတယ်"

ကျော် အတော်ဒေါသဖြစ်သွားရလေ၏။ ကျော့်ကိုမျှာ ရှုပ်ရှုပ်ယှက်ယှက်တဲ့လေ။ ကျော်က သူ့စိတ်ရှုပ်ရလေအောင် လာ ရှုပ်နေတယ်ပေါ့။ အတော်လူပါးဝတဲ့လူပါပဲ။

"မင်းနဲ့ခပ်ကင်းကင်းနေတဲ့ငါ့ကို လာရှုပ်နေတာမဟုတ် လား။ ငါ့ချာတိတ်က မင်းနဲ့ငါစကားပြောတာတောင် သိပ်ကြိုက် တာမဟုတ်ဘူး"

"ဘာ!"

"ငါကလည်း သူ အူမတိုအောင် ပြောထားပေးပါတယ် မင်းနဲ့ငါ့ချာတိတ်က တခြားစီပဲဟာ။ ချာတိတ် ဘယ်လောက် ပြီး ဘယ်လောက်ချစ်စရာကောင်းသလဲဆိုတာ မင်းလည်းသိတ မဟုတ်လား"

တောက်! ငါနော်၊ စိတ်ရှိတိုင်းသာ အော်ဟစ်လိုက်မိ ကျော့်ရှေ့ကနေ ဒင်းလွင့်ထွက်သွားတော့မှာပါပဲ။ လူကို မ မြင်နဲ့ပြောနေပြီး ကျော်က ရုပ်ဆိုးတယ်ပေါ့လေ။ သူ့ဟာမ ကတော့ မထိရက်စရာကောင်းလောက်အောင်ကို ကြွေရုပ် လို လှတယ်ပေါ့။ မျက်စိမှိတ်ချင်အောင်ကို တစိမ့်စိမ့်ကြည့် စဖွယ် ချစ်စရာကောင်းလွန်းတယ်ပေါ့လေ။





ပေါက်တူးကြီး၊ ကမ္ဘာလိပ်ကြီး၊ မဏ္ဍာပ်တိုင်တက်ပြနေ တာ အမြင်ကပ်လိုက်တာနော်။

"ဒီမှာ, ရှင့် bady ကိုချီးမွမ်းခန်းဖွင့်ပြီး ငှိုကာချဲ့ပြမနေ နဲ့ မကြားချင်ဘူး။ ကျော်တို့ဆီမှာ ရေမလာလို့ ပိုက်တစ်ခုခုများ ဖြစ်နေလားလို့ မေးရုံထက် ပိုမပြောချင်ဘူး"

"မင်းတို့ဘက်က ရေပျက်တာနဲ့ပဲ ငါ့ကိုလာမေးရလား။ ဒါက ဘာဆိုင်လို့သိရမှာလဲ။ မင်းရဲ့အုပ်ထိန်းသူလည်းမဟုတ်၊ Boss မဟုတ်"

"ဘာရှင့်"

"ဒီဘက်လည်း ရေမရတော့ဘူး သူငွေးလေးရေ့"

"ဘယ်လို၊ ခုနကပဲ့ လာနေသေးတာလေ"

"ဟုတ်တယ်၊ ရေဖွင့်ထားရင်းနဲ့ ရပ်သွားတာပဲ သူဌေး လေးရဲ့"

"ကျစ်!"

ကဲ! တွေ့ပြီလား၊ မဖြစ်သေးပါဘူး၊ ကျော်လည်း အဝီစိ တွင်းတူးပြီး Pump နဲ့စုတ်တင်ဖို့ လုပ်ရတော့မှာလေ။ ဒါက မီး အကယ်၍များ) ပျက်သွားရင်တောင် ကူဘိုတာနဲ့တင်လို့ရနိုင်တာ ပေါ့။ ရေပျက်တာလားမသိတာမို့ ခြံပြင်ကိုထွက်လာခဲ့၏။ ဒီလ


www.burmeseclassic.com

www.burmeseclassic.com

က ခြံကျယ်တွေမှ အိမ်တွေက ဝေးနေတာလေ။

"လာတယ်တဲ့၊ တို့နှစ်ခြံပဲ ရေပြတ်သွားတာ"

သူက အရင်စုံစမ်းပြီးပြီမို့ ပြန်ပင်လှည့်လာနေလေပြီ။ ကျော်က ရေပိုက်လိုင်းလာတဲ့လမ်းတစ်လျှောက်ကို သေချာငုံ့ကြည့်နေပါ၏။ ပိုက်သာတစ်စုံတစ်ခုဖြစ်နေရင် လမ်းပေါ်ကို ရေတွေ စီးနေရမှာလေ။ ခုတော့ ရေမပြောနဲ့၊ ဗွက်ပင်မရှိ။

"ဒီနေရာများလား"

စူးစမ်းစိတ်ဖြင့် အပင်ငုတ်ထွက်နေရာကို ငုံ့ကြည့်လိုက်မိပါ၏။ ဟုတ်တာပေါ့၊ ထင်တဲ့အတိုင်းပါပဲ။ သံပိုက်က သံချေးကိုက်ပေါက်ကာ ရေက မြောင်းထဲကို တစိမ့်စိမ့်စီးနေတာပါလေ။ ဒီနေရာက ပေါက်နေတာမို့ ကျော်တို့နှစ်ခြံကို ရေမလာတော့တာကိုး။

"ဘာလဲ"

"ပိုက်ပေါက်နေတာ"

"ဘယ်မှာလဲ. . . မှန်း"

"မလုပ်နဲ့လေ၊ အိုး. . ."

မြန်ပါ့။ သူက ငုတ်တိုလေးဖြစ်နေသည့်အပင်ကို ဆတ်ခနဲဆွဲနှုတ်လိုက်စဉ် အပေါက်လေးဖြစ်နေသည့်ပိုက်လုံးက ချွေး





လိုက်သလိုဖြစ်ပြီး ရေက အားနှင့်အတူ ပန်းထွက်ကုန်လေ၏။

သူ့မျက်နှာကို စင်လိုက်သဖြင့် ရှောင်ကာ နောက်ဆုတ်လိုက်စဉ် ကျော့်ကိုဝင်တိုက်မိပြီး နှစ်ယောက်သား ပစ်လဲကျလေ၏။ ရေကလည်း ရေပန်းမှထွက်ကျသလို ကျော်တို့အပေါ်ကို ဖျန်းရွာတော့လေသည်။ သေပါရောလား။

"ဘာလုပ် . . . ရှူး . . . ဘာလို့လုပ်လိုက်တာလဲ၊ ဒီမှာ အကုန်ရွှဲကုန်ပြီ"

"ကိုယ်လည်း ဒီလိုဖြစ်မယ်လို့မှမထင်ထားတာ"

"ဦးနှောက်က စဉ်းစားပါလား၊ ရှင့်အမေမွေးကတည်းက ပါလာတဲ့ဦးနှောက်က သုံးစားမရဘူးပေါ့လေ"

"မင်းနော်၊ ကိုယ်အသုံးမကျတာနဲ့ မာမီ့ကိုအပြစ်မတင်ပါနဲ့"

"ရှင့်ကိုယ်ရှင် အသုံးမကျတာတော့ ဝန်ခံသားပဲ"

"ကျော်!"

"မခေါ်နဲ့၊ ရှင်ခေါ်စရာမလိုပါဘူး"

"ဘာလဲ၊ ကိုယ့်ခေါ်သံက နားဝင်မချိုဘူးပေါ့လေ။ မင်းချစ်တိတ်ရဲ့ တစ်မတည်း 'မ'တဲ့ခေါ်သံကမှ Heart ထိတယ်ပေါ့ လေ။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဦးဘုန်းထက်မာန်"

"အေး. . . ငါ့ကိုတော့ ဒီလိုလေသံမာမာပြင်းပြင်းနဲ့ပဲ ခေါ်ချင်တာပေါ့လေ။ မင်းကောင်လေးကိုတော့ ရင်နဲ့အမျှ အချစ်တွေနဲ့ မောင်ဆိုပြီး"

"ကဲ!"

သူ့ပါးကိုရိုက်ချလိုက်မိတာမို့ ကျော်ပါ အံ့ဩသွားရပါ၏။ စော်ကားတာများလွန်နေပြီမဟုတ်ပါလား။ ရှင်လွန်လွန်းနေပြီ ဦးဘုန်းထက်မာန်။ ကျော် သည်းမခံနိုင်တော့ဘူး။

"မင်း. . . မင်း"

"တိ!"

ကျော့်လက်မောင်းနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်လျက် သူခေါ်နေစဉ် ဘေးနားမှ ကားဟွန်းသံကြောင့် နှစ်ယောက်သား သတိရသွားရပါ၏။ ခုချိန်ထိ ဗွက်တောထဲ ထိုင်လျက်သားဖြစ်နေတာကို ထမရပ်မိသေးတာလေ။

"ဟောဗျာ. . . မမနဲ့အစ်ကိုက သကြန်မရောက်မီ ရေကစားနေကြတာလား။ မကြီးမငယ်နဲ့ဗျာ. . . ဟား ဟား"

"တော်စမ်းပါ၊ ငါ့ကိုထူဦး"

"ကျွန်တော် ရေစိုကုန်မှာပေါ့ဗျ"





"ဟဲ့!"

သူ့ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ ပါးပေါ်မှ စပ်ဖျဉ်းဖျဉ်းနာတာကိုပင် သတိမရ။ ဘယ်လိုလဲ၊ သူနဲ့ကျော့်ကို ဒီလိုနီးနီးကပ်ကပ်ဖြစ်နေတာကိုမြင်ရင် ဒီချာတိတ် အူတိုဒေါသဖြစ်ရမှာမဟုတ်လား။ ခုတော့ ၂ ဝင်ဖို့ပင်မရှိတဲ့အပြင် သဘောကျသလိုနှယ် ရယ်နေလိုက်တာလေ။

"မောင်နော်၊ ထူပေးဆိုနေမှ"

ချာတိတ်က နောက်ပင်ဆုတ်လိုက်သလို ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်လေ၏။ ဘယ်လိုသဘောပါလိမ့်။ ကျော်ကပဲ တစ်ဖက်သတ်လိုက်ချစ်နေရလို့လား။ အသက်ခြောက်နှစ်လေးပဲကြီးတဲ့မိန်းကလေးက ချာတိတ်နဲ့သိပ်မကွာသလို မျက်နှာရင့်တဲ့လူမှမဟုတ်တာလေ။ မင်းဘယ်လိုလူလဲ နန္ဒကို။

"ထ!"

သူက အရင်ထရပ်လိုက်ပြီး ကျော့်ကိုလက်ကမ်းပေးလိုက်ပါ၏။ ကျော်က သူ့လက်ကိုလှမ်းမကိုင်ပေးဘဲ မျက်နှာပင်လွှဲထားတာလေ။ လှမ်းကိုင်လှည့်ပါ ကျော်။ ကူညီသူမရှိဘူးဆိုရင် ကျော့်ကို ကိုယ်ပဲကူညီချင်တာပါ။ အားကိုးတကြီးနဲ့ ကိုယ့်လက်ကို မင်းဆုပ်ကိုင်လိုက်နိုင်ရင် ဘယ်လောက်များ ကောင်း

www.burmeseclassic.com

www.burmeseclassic.com

လိုက်မလဲ။

“ထလေ, ကျော်”

မျက်ရည်ပင် ဝဲသွားရပါ၏။ တကယ်ဆို မောင်ပဲထူသင့်တာပေါ့နော်။ ကိုယ့်အစ်မ နာကျင်နေတာကိုမြင်ရဲ့သားနဲ့ မျက်နှာလွှဲ ခဲပစ်လုပ်ရတယ်လို့။ ခုနက သူပစ်လဲကျတာမို့ ကျော့်ကို တိုက်မိသလို သူ့ကိုယ်လုံးက လေးလံပြီး ကျော့်ကိုဖိချလိုက်သလို ဖြစ်သွားတာပါလေ။ ခြေမျက်စိနေရာအဆစ်က တစစ်စစ်နဲ့ ကိုက်နေပြီမို့ တစ်ခုခုဖြစ်သွားပြီမှန်း ကျော့်ကိုယ်ကျော် သိလိုက်ပါ၏။

“ထလို့မရဘူးလား ကျော်၊ ဘာဖြစ်လို့လဲ”

“နာနေပြီ”

‘နာတယ်၊ ဘယ်နေရာကလဲ”

“ခြေထောက်”

“ခြေထောက်၊ ဘယ်လိုဖြစ်သွားရတာလဲ။ စောစောက ပြောရောပေါ့ကျော်ရယ်။ ဆေးခန်းသွားရအောင်၊ လာ,ထ”

ထဆိုပြီး သူပဲဖွေ့ခနဲပွေ့ချီလိုက်တာပါလေ။ ရှက်လိုက်တာနော်၊ ရှက်စရာကြီး။ တစ်ကိုယ်လုံး ထူပူရှက်အမ်းနေတာကို ကြည့်ပြီး မောင်က ကျော့်ကိုမျက်စိမှိတ်ပြကာ ရေပိုက်ပြင်တဲ့ Service centre ကို Phone ဆက်ခေါ်နေလေ၏။





ခပ်ဝေးဝေးနေမယ့်သူက အခုလိုမျိုး ကျော့်ကိုပွေ့ချီခေါ်သတဲ့။ သူ့ပါးကို ခပ်နာနာရိုက်ချလိုက်မိပေမယ့် ကျော့်ကို. . . ကျော့်ကို. . . ‘ကျော်’လို့ ရင်းရင်းနှီးနှီးခေါ်လိုက်သတဲ့လေ။

ကျော်တော့ ရှုံးချင်ပြီ ကိုဘုန်းထက်မာန်။

▣▣▣


www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၇)

"ဘယ်လိုဖြစ်လာရပြန်တာလဲ၊ ဒီနှစ်ယောက်ကတော့ လာလိုက်ရင် ပြဿနာနဲ့ Emergency ပဲ"

မျက်ရည်တပေါက်ပေါက်ကျနေပြီမို့ ကျော့်ကိုကြည့်ရင်း သူ့ရင်ထဲမှာ မီးတောင်လိုပူလောင်လိုက်တာ မပြောပါနှင့်တော့။ ဒီလောက်အထိဖြစ်သွားရတယ်လို့၊ မဆင်မခြင်လုပ်မိတာက သူ၊ ဒဏ်ရာဖြစ်သွားရတာက ကျော့်တဲ့လေ။

"နှစ်ယောက်သား ရေကစားရင်း ချော်လဲကျတာလား"

"မဟုတ်ပါဘူး ဒေါက်တာ၊ ရေပိုက်ပေါက်တာကို လုပ်မိရင်း ဖြစ်သွားလို့ပါ"

ဒေါက်တာကျော်ဇေယျ၏အပြုံးကို သူ့ကိုအနေရခက်



www.burmeseclassic.com

www.burmeseclassic.com

စေပါ၏။ နှစ်ယောက်သား ရွှဲရွှဲစိုပြီး ချီပွေ့ကာ ရောက်လာရတာကိုး။ ဟိုတစ်ခါတုန်းကလည်း သူ့နှဖူးပေါက်လို့ ဒီဆေးခန်းကိုပဲ ရောက်ခဲ့ရတာလေ။ အခုလည်း ကျော်က အရေးပေါ်လူနာဖြစ်ရတယ်လို့။

"အအေးတော့ မိတော့မှာပဲ၊ နာလား မြင့်မိုရ်ကျော်"

"ဟုတ်ကဲ့"

"ဓာတ်မှန်ရိုက်ရမယ်"

ဓာတ်မှန်ခန်းကိုသွားရန် Wheel- chair ယူနိုင်းစဉ် သူက ကြာနေမှာစိုး၍ ကျော့်ကိုနောက်တစ်ခေါက် ပွေ့ချီလိုက်ပြန်ပါ၏။ ဓာတ်မှန်ထွက်လာတာကိုစောင့်နေစဉ် နန္ဒကိုက ကျော့်အတွက် အဝတ်တစ်စုံနှင့် သူ့အတွက်ပါ ပုဆိုး အကျႌ Towel တို့ယူလာပေးတာမို့ ဦးစွာကျေးဇူးတင်လိုက်မိပါသည်။ ဒီလိုဆိုတော့လည်း ဒီကောင်လေးက အလိုက်သိသားပါလား။

"ပိုက်ဆံတွေကုန်ပြီ၊ မမပြန်ပေးရမှာနော်"

"အေးပါ။ ငါတစ်ယောက်လုံး ဒီလောက်ဖြစ်နေတာကိုတောင် စိုးရိမ်ဖော်မရဘဲ အကြွေးကတောင်းနေသေး။ ကောင်စုတ်လေးရဲ့"

"ကိုယ်ပေးပါ့မယ် နန္ဒကို"





"ဓာတ်မှန်ရပါပြီ"

ဓာတ်မှန်ကို သူပဲလှမ်းယူပြီး ဆရာဝန်နှင့်သွားပြန်တွေ့စဉ် လူနာခန်းထဲမှာ ကျော်က အဝတ်လဲပြီး ခေါင်းပင်သုတ်နေခဲ့ပြီ၊ ဒေါက်တာကျော်ဇေယျက ဓာတ်မှန်ကိုထောင်ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်လေ၏။

"အင်း. . . ငြိမ်ငြိမ်မနေချင်တဲ့သူတော့ တစ်လလောက်အငြိမ်းစားရပြီ"

"ဘာကိုလဲ ဒေါက်တာ"

"ခြေဆစ်ရိုးအက်သွားတယ်လေ၊ POP ကိုင်ရမယ်"

"ဗျာ"

"နှစ်ယောက်သား ကျီစားတာကတော့ နည်းနည်းလွန်နေသလားပဲ။ ချစ်တာကချစ်တာပေါ့ ကိုဘုန်းထက်မာန်။ အရမ်းကြီး အူတိုအောင်စတဲ့အခါကျ မြင့်မိုရ်ကျော်လိုမိန်းကလေးက သည်းခံနိုင်မှာမဟုတ်ဘူး"

"ခင်ဗျာ"

"အခုလည်း အတူနေဖို့ အိမ်ဆောက်နေတာမဟုတ်လား"

ဗုဒ္ဓေါ! ဒီဆရာဝန်ကြီး ဘာကိုဘယ်လိုမြင်ပြီး သိနေရ



www.burmeseclassic.com

www.burmeseclassic.com



တာပါလိမ့်။ နှစ်ယောက်အတူ ကျိုးစားရင်းဖြစ်ရတာတဲ့လား။ အတူ နေဖို့ဆောက်နေတဲ့အိမ်တဲ့လေ။ နားဝင်ချိုလိုက်တာနော်။ သူ အင် မတန်မှ ကြားချင်နေတဲ့စကားလုံးတွေပါပဲ။

"ဒေါက်တာက"

"ဟုတ်တယ်၊ မြင့်မိုရ်ကျော်ကိုတော့ ကျွန်တော်ကောင်း ကောင်းကြီး သိထားတယ်လေ။ Construction လောကမှာ မိန်းမဆိုလို့ သူတစ်ယောက်တည်းရှိပြီး နာမည်ကြီးနေတာ မသိ ဘဲနေပါ့မလား"

"ဪ"

"အနာက ကိုက်တော့ကိုက်လိမ့်မယ်၊ သောက်ဆေး တော့ ပေးလိုက်ပါ့မယ်"

"ဒေါက်တာ"

"ဘာပြောချင်လို့လဲ ကိုဘုန်းထက်မာန်"

"ကျွန်တော်တို့က အခုချိန်ထိ"

"ဟုတ်မှာပါ၊ ကာယကံရှင်နှစ်ယောက်က ဘယ်လိုမှ မရှင်းနိုးသေးပေမယ့် ဘေးလူတွေကတော့ မြင်နေရတာကိုးဗျ"

"ဗျာ! ကျော်နဲ့ကျွန်တော်က"

"ပြန်လို့ရပါပြီ၊ Good luck ကိုဘုန်းထက်မာန်"





ဆေးစာရွက်ကမ်းပေးနေပြီမို့ သူလှမ်းယူလိုက်ရပါ၏။ ဘယ်လိုလဲ၊ ကျော်က ချာတိတ်နဲ့တွဲနေသလို သူကလည်း ပပ နဲ့တွဲနေတာပါလေ။ ဒါနဲ့တောင်မှ ကျော်နဲ့သူ့ကို ဒီလိုမျိုးမြင်နေ ရတယ်တဲ့လား။ ဘေးလူက မြင်နေရတယ်တဲ့ကျော်။ ခုချိန်ထိ တော့ မင်းက ကိုယ့်အပေါ် စိမ်းသက်ခြင်းတွေနဲ့ မုန်းတီးနေတုန်း ပါလေ။

ဒါကြောင့်လည်း ကိုယ်ပြောတဲ့စကားကိုနာပြီး ကိုယ့်ပါး ကို ရိုက်ချလိုက်တာမဟုတ်လား။ ထင်မထားတာမို့ အံ့ဩမှုက အထွဋ်အထိပ်ပါပဲ၊ ရိုက်တယ်တဲ့။ ကျော် ဘာကြောင့် သူ့ကိုရိုက် ရသလဲဆိုတဲ့အကြောင်းပြချက်က ခုချိန်ထိ မခိုင်လုံသေးတာလေ။

"တကယ့်မင်းသားနဲ့မင်းသမီးပဲဗျာ"

"သေဦးမယ်၊ စရာထင်နေလား ကောင်စုတ်လေးရဲ့"

"မမကလည်း ချစ်လို့စတာပဲကို"

"မချစ်နဲ့. . . မယုံဘူး။ ဘာချစ်တာလဲ၊ 'မ' တစ်ယောက် လုံး မထနိုင်တာကို ကူမယ်မရှိဘူး။ ကြည့်ကောင်းနေပြီးတော့ များ"

"ဟင်းဟင်း. . . ကျွန်တော်ဝင်ကူရင် Seen က ဘယ် ကြည့်ကောင်းတော့မှာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

"နင်နော်"

"ကျွန်တော်သုတ်ပေးပါ့မယ် မမရဲ့၊ စိတ်ကောက်ပြေပါတော့ဗျာ"

မချစ်နဲ့ဆိုတဲ့စကားကြောင့် သူ့အခန်းအပြင်မှာ ရပ်နေလိုက်တာပါလေ။ ကျီစယ်တဲ့စကားပေပဲလား။ ဝင်သွားပြန်ရင် အနှောင့်အယှက်ဖြစ်သွားမှာမို့ပါပဲ၊ ကြည့်ပါဦး၊ ဒီကောင်လေးက မှ ကျော့ခေါင်းထက်မှဆံပင်တို့ကို သုတ်ခွင့်ရတာလေ။ သူ့တံခါးဖွင့်လိုက်စဉ်မှာ ချာတိတ်က ကျော့ခေါင်းကို ဖျပ်ခနဲငုံ့မွှေးလိုက်စဉ် ကျော်က ချာတိတ်လက်မောင်းကို ဖတ်ခနဲရိုက်လိုက်လေ၏။

"ပြန်လို့ရပြီ ကျော်"

"အင်း"

"အိမ်မှာ တစ်လလောက်တော့ နားရမယ်တဲ့"

"တစ်လကြီးများတောင် ဟုတ်လား၊ မဖြစ်ဘူး. . . မဖြစ်ဘူး၊ ကျော်ဆောက်နေတဲ့တိုက်က မပြီးပြတ်သေးတာကို"

"ကျစ်! တိုက်က အရေးကြီးသလား၊ မင်းခြေထောက်က အရေးကြီးလား၊ စဉ်းစားဦး"

"အဲဒါ ရှင့်ကြောင့်ဖြစ်တာလေ"

"ဟာ! မမကလည်း ဆေးခန်းကြီးမှာ တစ်ယောက် တစ်





ပေါက်ဖြစ်နေပြန်ပါပြီ။ လူတွေကြားကုန်တော့မှာပဲ"

"မင်းဝင်မပါပါနဲ့"

"မပါလို့ဖြစ်မလား၊ အစ်ကိုက ဆရာဝန်ပြောတဲ့အတိုင်း ပြောနေတာကို"

"တောက်! နန္ဒကို"

"မောင်လို့ပဲခေါ်ပါ မမရာ"

ချာတိတ်က ကျော့ပခုံးကို နောက်မှဖက်တွယ်ချွဲကာ ချော့လိုက်တာမို့ နှုတ်ခမ်းစူတာ အနည်းငယ်လျော့သွားလေ၏၊ ဘယ်လိုလဲ၊ ဒီကောင်လေး ဒီလိုချော့ပြချွဲပြတာနဲ့ပဲ ကျော်တော့ ပျော့သွားတာပဲလား။

"အိမ်ပြန်ပို့ပေးမယ်"

" 'မ'ကားကို မောင်ပဲသိမ်းထားပေးဦးနော်၊ ဆိုက်ထဲမှာ ညမသိပ်ထားချင်လို့"

"အင်းပါ၊ ကားသော့ရော"

"ကားထဲမှာပဲ"

"ပြီးရော"

"ဘာလဲ၊ နန္ဒကိုက ကျော့အိမ်မလိုက်ဘူးလား"

"အိမ်ကို"


www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သားအကြည့်ဆုံသွားသလို ဘာမှမပြောကြဘဲ ခေါင်းခါပြကြလေ၏။ ဘယ်လိုလဲ၊ အနီကယ်မသိအောင်များ တိတ်တိတ်လေး ကျိတ်ပုန်းခုတ်နေတာများလား ကျော်၊ တကယ်ဆို မင်းအသက် မင်းအရွယ် မင်းအဆင့်အတန်းနဲ့ ဂုဏ်ရည်တူယောကျ်ားတစ်ယောက်ကို လူသိရှင်ကြားတွဲပြနိုင်တာပါလေ။

"မလိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ဖြစ်ပေါ့၊ ရှင့်အပူလား"

"မင်းနော်၊ ကိုယ့်ဆိုရင် မချေမငံဆက်ဆံတာပဲ။ နှုတ်ပါမက လက်လည်းပါလာတာ"

"ရှင်အပိုမပြောရင် ဖြစ်ပါ့မလား"

"ဟောကြည့်! ဖြစ်ပြန်ပြီ၊ စိတ်ရှုပ်လာပြီဗျာ၊ ကျွန်တော်သွားတော့မယ်"

"ဟဲ့. . . မောင်"

ကျော်ခေါ်နေပေမယ့် ချာတိတ်က ထွက်သွားလေပြီ။ နိုင်စားလိုက်တာနော်။ ဒီလိုနိုင်စားတဲ့လူကို ဘာဖြစ်လို့များ ချစ်ရတာလဲ ကျော်ရယ်။ တကယ်ဆို မင်းအပေါ်မှာ နားလည်ပေးစွမ်းနိုင်တဲ့ကိုယ့်ကိုသာ ပိုသာတဲ့သံယောဇဉ်တွေကိုပေးသင့်တာ





ပါလေ။

"သွားကြစို့"

သူမွေ့ချိတော့ ကျော်က မျက်နှာလွှဲလိုက်လေ၏။ မျက်နှာလေးနည်းနည်းများ နီနေသလား။ ဘာကြောင့် သူမရှက်နေရတာပါလဲ။ ကားပေါ်တင်ပြီး အိမ်ခေါ်လာခဲ့တာကို ဘာစကားတစ်ခွန်းမှမပြောဘဲ ငြိမ်ကာ လိုက်ခဲ့လေ၏။

အိမ်ရောက်တော့ ကြီးဒေါ်ဖြစ်သူက ရင်ဘတ်ဖိကာ မျက်လုံးပြူးမျက်ဆံပြူးနဲ့ပါပဲ။ တစ်ဦးတည်းသောတူမကို စိတ်ပူမှာပေါ့လေ။

"ဘာဖြစ်လာတာလဲ သမီးရယ်"

"သူလုပ်တာ"

"ဟာကွာ. . . ကျော်ကလည်း"

"ဟုတ်တာပြောတာပဲလေ၊ ရှင်မဟုတ်လို့ ဘယ်သူလဲ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ကိုယ်ပဲ တရားခံထားပါတော့"

"ရှင့်ကြောင့် အလုပ်တွေရပ်သွားတာ ဘယ်လိုပြန်လျော်မလဲ။ ပြော"

သူမအိပ်ခန်းထဲမှ ကုတင်ထက် တင်ပေးချိန်အထိ ကိုယ့်ကိုယ်ကို စိတ်မပူဘဲ အလုပ်ကိစ္စချည်း ဆက်တိုက်ပြောနေပြန်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အာဂမိန်းမပါပဲလား ကျော်။

"လျော်ပေးမယ်။ လျော်ပေးပါ့မယ်ဗျာ၊ ကျေနပ်ပြီလား"

"ဘယ်လိုလျော်မှာလဲ"

"မင်းကိုယ်စား ကိုယ်ဆက်လုပ်ပေးမှာပေါ့ ကျော်ရဲ့"

"အံမယ်! ကျော့် Idea ကိုသိတာ ကျနေတာပဲ"

"မသိတော့လည်း တစ်နေ့တစ်နေ့ ဘယ်လိုလုပ်ရမလဲ ဆိုတာကို လာမေးမှာပေါ့ကျော်ရဲ့။ ဖြစ်တာချည်းပဲ"

"မဖြစ်ပါဘူး"

"ဘာလို့မဖြစ်ရမှာလဲ"

"ကျော့်ဆီကို ရှင်နေ့တိုင်းလာနေရင် ရှင့် baby လေးနဲ့ ပြဿနာတက်မှာပေါ့ရှင့်။ ကြားသုံးကြားကိစ္စတွေကို လိုက်ပြီး မရှင်းချင်ပါဘူး"

အလို! ရှင့် baby တဲ့။ ပပကိုရည်ညွှန်းတယ်ပေါ့။ ထနဲ့သူ ပြဿနာတက်မှာကိုစိုးရိမ်လို့တဲ့။ ဘာလို့လဲကျော်၊ ကိုယ့်အတွက်လား။ ကိုယ့်ကိုစိုးရိမ်တာများလားလေ။

"ကိုယ်က ကျော်နဲ့ကိစ္စကိုပြောနေတာလေ၊ မဆိုင်တဲ့လူကို ဆွဲမထည့်ပါနဲ့"

"ဖြစ်နေလိုက်တာ၊ ဒါလေးပြောမိတာနဲ့ပဲ ဆတ်ဆတ်





ခံနိုင်ဘူးလား"

"ကိုယ်ပြောတာ အဲဒီသဘောမှမဟုတ်တာ ကျော်ရဲ့"

"အဲဒီလောက်ဖြစ်နေရင်လည်း ကျော်နဲ့လာမပတ်သက်နဲ့ လူကိုမြင်ရင်လည်း မခေါ်နဲ့၊ စကားလည်း လာမပြောနဲ့၊ အလုပ်မှလည်း ကျော့်ကိုယ်စား လုပ်ပေးစရာမလိုဘူး။ တော် ရှင်ပြန်တော့"

"ဟာ! ကျော်ရား ကိုယ်က စေတနာသန့်သန့်နဲ့ ကူညီချင်တာကို"

"မလိုဘူး"

"အေးပေါ့၊ မလိုဘူးပြောမယ်မှန်း ကိုယ်သိသားပဲ။ မင်း ကိုယ့်ကိုမျက်စိထဲမှာရော ဦးနှောက်ထဲမှာပါ မမြင်တော့တာ မင်းရင်ထဲမှာရှိတဲ့နန္ဒကို့,ကိုပဲ တစ်ဦးတည်းသောချာတိတ် မြင်နေတာမဟုတ်လား။ မင်းရဲ့မောင့်ကို"

"ဦးဘုန်းထက်မာန်"

"အော်ပါ. . . အော်သာအော်ပါ၊ ကိုယ့်ကိုဆို အသက် မှမထောက် မငဲ့ညှာဘဲ အော်ဟစ် ထုရိုက်ပြီး မျက်နှာလွှဲ ပဲ မင်းလုပ်တတ်မှန်း ကိုယ်အသိဆုံးပါ"

"ရှင်. . . တော်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



“မတော်နိုင်ဘူး။ ပြောမှတော့ ဆက်ပြောရမှာပဲ”

“တိုးတိုးလို့ ပြောနေတယ်လေ”

“မတိုးနိုင်ဘူး။ မင်းနှုတ်ကနေ အဲဒီချာတိတ်ကို တ... မောင်နဲ့ခေါ်တိုင်း ဒီနေရာ ဘယ်လောက်နာနေတယ်ဆိုတာ ... မသိဘူးမဟုတ်လား မြင့်မိုရ်ကျော်ရဲ့”

ရင်ဘတ်ကိုထုပြပြီး သူပြောတော့ သူ့မျက်ဝန်းမှာ ... သြနေသလို နှုတ်ခမ်းလေးပါ ဝိုင်းနေလေ၏။ ဟုတ်တယ်ကျော်... မင်းကိုအရူးအမူးချစ်မိနေလို့ ကိုယ် ဒီလိုတွေခံစားနေရတာ... မင်းမှမသိတာလေ။

“ကိုယ်က. . . ကိုယ်က အဲဒီချာတိတ်ထက် ဘာ... များ ချို့ယွင်းနေလို့လဲ။ သူ့လောက်မပြည့်မစုံဖြစ်နေလို့လား ... ကြောင့် ကိုယ့်ကိုချန်ပြီး သူ့ကိုရွေးလိုက်တာလား ကျော်”

“ဦးဘုန်းထက်မာန်”

“ကိုယ်ချစ်နေတာကို မင်း လုံးဝမသိဘူးမဟုတ်လား... ဘေးလူတွေကတောင် ကိုယ့်ရင်ထဲက ခံစားချက်ကိုမြင်နိုင်သ... ပါလျက်နဲ့ ကာယကံရှင်ဖြစ်တဲ့မင်းက နည်းနည်းလေးမှ မသိ... အံ့သြလိုက်တာ”

“ကျော် ပြောမယ်”





“မပြောနဲ့၊ မင်းငြင်းဆန်မယ်ဆိုတဲ့စကားကို မပြောပါ... ကျော်။ ကိုယ်မကြားပါရစေနဲ့”

“မဟုတ်ပါဘူး”

“. . .”

“မောင်က. . . မောင်က. . . ကျော့်မောင်လေးပါ ဦး... ဘုန်းထက်မာန်”

“ဘယ်လို”

“ကျော့်ရဲ့မောင်လေးအရင်းခေါက်ခေါက်ပါ”

နားထဲကလေတွေ ဒလဟောထွက်သွားသလို ကျော့်ကို... မင်းသက်စွာဖြင့် သူငေးကြည့်နေမိလေသည်။ မောင်တဲ့။ မောင်... လေးအရင်းခေါက်ခေါက်တဲ့လား။

ဘုရားရေ! လောကကြီးပြောင်းပြန်လည်ကုန်ပြီလေ။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ထိုင်၏။ ထိုင်မရတော့ ထရပ်လိုက်ပြန်၏။ ရပ်မနေနိုင်သဖြင့် ဟိုဒီလျှောက်နေမိပြန်သည်။ ရင်ထဲမှာလုံးခုန်သံက အချက်ရေ တွက်လို့မရနိုင်အောင် မြန်လွန်းနေတာပါလေ။ ပျော်လိုက်တာ၊ ကလေးသာဆိုရင် ရှေ့ကျွမ်းတွေ နောက်ကျွမ်းတွေ ဆယ်ခါပြန်လောက် ထိုးလိုက်ပြီး ပျော်လိုက်ချင်ပါရဲ့။

"မျောက် ငါးပိကိုင်မိတာလား၊ ဒါမှမဟုတ် မီးခဲ ဖင်ခုထိုင်မိသလားဟေ့"

ဒက်ဒီက အိမ်ထဲဝင်ဝင်ချင်း သူ့ကိုမြင်ပြီးပြောလိုက်လေ၏။ မျက်နှာမှာ (အပျော်တွေရှိနေတာမို့) အပြုံးတွေပေါ်နေမှန်းသူသိနေပါသည်။ ဘယ်လောက်ဝမ်းသာစရာကောင်းလိုက်သလဲ။



www.burmeseclassic.com

www.burmeseclassic.com

ကျော်နဲ့နန္ဒက သူထင်ထားသလိုမဟုတ်ဘဲ မောင်နှမအရင်းကြီး တဲ့လေ။ အံ့ရော! အံ့ရော! ဘယ်လိုမှထင်မထားတဲ့ကိစ္စတွေ ဆက်တိုက်ကိုဖြစ်လာတော့တာလေ။

"အံမယ်! မေးတာကိုမဖြေဘဲ ငါးသလောက်ပြုံးလေးနဲ့ ပြုံးနေတာပေါ့လေ"

"ဒက်ဒီ"

"ပြော"

"ကျော်ကလေ"

"အေး. . . မြင့်မိုရ်ကျော် ခြေဆစ်ရိုးထိသွားတာ မင်းကြောင့်ဆို"

"ဟာဗျာ. . . အဲဒါကို နောက်မှပြောပါလား ဒက်ဒီရ။ ကျွန်တော်က ပျော်စရာကိစ္စကို အရင်ပြောမလို့ပါဆို"

"ဟ! အရေးတကြီးကိစ္စကို အရင်မပြောလို့ဖြစ်မလား။ အလုပ်လောဘရှိတဲ့လူက အိမ်ရာပေါ်မှာ နားနေရရင် သေချင်စော်နံတတ်တာ မင်းသိရဲ့သားနဲ့"

"သူ့အလုပ်တွေအကုန်လုံး ကျွန်တော်လုပ်ပေးမယ်လို့ ကျွန်တော်ညှိပြီးပါပြီ ဒက်ဒီရ"

"ဘာအလုပ်လဲ၊ သူသွားချင်တဲ့နေရာကို မင်းက သူ့ကို





ချိုပြီး ပို့ပေးရမှာလား ကိုထက်ရဲ့"

"ဟာဗျာ"

သူ့မျက်နှာ ရဲသွားရပါ၏။ ကျော့်ကိုချိုပွေ့တဲ့ကိစ္စက ဘယ်လိုဖြစ်ပြီး သတင်းပျံ့သွားရတာပါလိမ့်။ ဒက်ဒီက သူ့ကိုလှောင်သလိုရယ်နေတာလေ။ ခက်လိုက်တာနော်။

"အခြေအနေဘယ်လိုတဲ့လဲ"

"တစ်လလောက်တော့ နားရမယ်လို့ ဆရာဝန်က ပြောတာပဲ"

"ငါပြောတာ အဲဒါကိုမဟုတ်ဘူးလေ"

"ဒါဖြင့်ဘာအခြေအနေလဲ"

"မင်းနဲ့မြင့်မိုရ်ကျော်"

သူပြုံးလိုက်မိ၏။ ဒီလိုမှပေါ့။ ရင်ထဲက အလုံးကြီးပြုတ်ကျသွားသလို ရင်ပေါ့သွားတာအမှန်ပါပဲ။ ဒါဆို နန္ဒကိုက သူ့ယောက်ဖလေးပေါ့။ Sorry ပါ ယောက်ဖရယ်၊ ကိုယ်က မင်းကို ရည်းစားလုဖက်လို့ ရန်ဖက်လို့မြင်ပြီး ရန်ဖြစ်ချင်နေတာလေ။ ဒါကြောင့်မို့ ကျော်နဲ့သူ့ကိုမြင်တုန်းကစပြီး ရယ်နေတာကိုး။ ဖြစ်ရလေ ဘုန်းထက်မာန်။

"အဲဒီချာတိတ်ကလေ"


www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ချာတိတ်လဲ"

"ကျော့်အနား ရစ်နေတဲ့ချာတိတ်ကိုပြောတာလေ"

"ဘယ်သူတဲ့လဲ"

"မဖြစ်သေးပါဘူး၊ ဒက်ဒီ့ကိုပြော့လိုက်ရင် အန်ကယ်ဦးမြင့်မိုရ်ကိုပါ ပြန်ပြောတော့မှာ။ ကျော်က ကျွန်တော့်ကို ကတိတောင်းထားလို့"

"အောင်မာ! နှစ်ယောက်သားက တိတ်တဆိတ် ကတိကဝတ်တွေဘာတွေပေးတဲ့အဆင့်ထိ တိုးတက်နေပြီဆိုတဲ့သဘောပေါ့လေ"

သူ ရှက်ရယ် ရယ်လိုက်မိပြန်ပါ၏။ အခြေအနေတိုးတက်နေပြီဆိုပဲ ကျော်ရဲ့။ ကိုယ်လည်း အဲဒီလိုဖြစ်စေချင်တာအမှန်ပါလေ။ ရှေ့ဆက်တိုးပါရစေ ကျော်။ ကိုယ်ရင်ဖွင့်ပြောစဉ်တုန်းက ကိုယ့်ကိုငေးငေးလေးကြည့်ခဲ့တဲ့ မျက်ဝန်းနက်တောက်တောက်လေးကို အမြဲတမ်းမြင်ချင်လို့ပါလေ။

ဒဏ်ရာရစဉ်တုန်းကလိုမဟုတ်တဲ့ မင်းကိုပွေ့ချီထားလိုက်ချင်တာပါ။ ဒါမှသာ ကိုယ့်ရင်ခွင့်ထဲကနေ မင်းကို ဘယ်သူကမှ ဆွဲထုတ်ယူငင်လို့မရနိုင်မှာလေ။

"အဲဒီကိစ္စကို မြင့်မိုရ်မရှင်းသေးဘူးလား"





"ချာတိတ်ကိုလား"

"အေး"

"အဲဒါ ကျော်ပဲ ရှင်းမှာတဲ့"

"ဘာလို့လဲ"

"အာ. . . ဒက်ဒီကလည်း ကျော့်ကို ကျွန်တော်ကတိပေးထားပါတယ်ဆိုနေမှ။ ပြောလို့ဘယ်ဖြစ်ပါ့မလဲ"

"လုပ်ပြန်ပြီ. . . ပိုင်ဖြင့်မပိုင်ရသေးဘူး၊ ခုကတည်းကကြောက်နေရပြီလား။ ဟိုက ခဲနဲ့ထုလည်းသည်းခံ၊ လက်သီးနဲ့ထုလည်း မနာဘဲ ငြိမ်နေရတယ်လို့ ကိုထက်ရာ။ ငါ့သားဖြစ်ပြီးညံ့ပါ့"

ဒါတောင် သူ့ပါးရိုက်ခံရသေးတာကို ဒက်ဒီမသိသေးလို့။ မာမီသာသိရင် ရင်ဘတ်စည်တီးပြီး မေ့လဲသွားမှာ အမှန်ပါလေ။ နိုင်စားတတ်တဲ့ကျော်၊ နိုင်ချင်သလောက်သာ နိုင်ပါလေ့။ တစ်သက်လုံး အပြုံးမပျက် သည်းခံမှာပါ။ ချွင်းချက်အနေနဲ့ကတော့ ကိုယ်မဟုတ်တဲ့သူစိမ်းယောကျ်ားတွေနဲ့ တရင်းတနှီးတော့ မနေနဲ့ပေါ့နော်။

နန္ဒကတော့ ကျော့်ရဲ့ ခြောက်နှစ်ငယ်တဲ့မောင်လေးဖြစ်ပြီး ဆယ်နှစ်ကျော် မတွေ့မမြင်တဲ့နေရာမှာ ကွဲသလိုဖြစ်နေလို့


www.burmeseclassic.com

www.burmeseclassic.com

ခုမှ အတိုးချပြီး ချစ်ခင်ပြတာကို (သိပ်မကြည်ချင်ပေမယ့်) သည်းခံစိတ်မွေးပါ့မယ်။ ကိုယ်က သူ့အစ်မကို အပိုင်ယူချင်တဲ့လူကိုး။

"လူကြီးတွေမသိအောင် ဘာများဖုံးဖိထားရတာလဲ"

"ဘာရမှာလဲ၊ ဒက်ဒီ ဒီလိုအစ်အောက်မေးမယ်ဆိုတာ ကျွန်တော်ကြိုသိထားပြီးသား။ ယောကျ်ားဆိုတာ ဆိုခဲ့စေမြဲစေ ကတိတည်ရတယ်ဗျ"

"ဘယ်သူပြောလဲ"

"ကျော်"

"ဘာအကြော်လဲ၊ ဘာစားချင်လို့လဲ သား"

ဈေးသွားရာမှ မာမီပြန်လာတာမို့ သူတို့သားအဖ စကားဝိုင်းက ပျက်ခဲ့ချပြီ။ ဒီနေ့ပိတ်ရက်မို့ မုန့်ဟင်းခါးချက်စားဖို့ မာမီ ပြင်နေတာလေ။

ကျော်ရော ကြိုက်မယ်ထင်ပါရဲ့။ ထမင်းတောင် ဘယ်လိုချက်ရမှန်းမသိတဲ့ကျော်က အစားအသောက်ကို သိပ်မက်မက်မောမောမရှိလှဘဲ ကြီးကြီးဒေါ်မြကျင် ချက်ကျွေးတဲ့အတိုင်းသာ စားတတ်တာလေ။

"ပဲကြော်_မာမီ"

"ပါပါတယ် သားရဲ့"





"မင်း,သားက သူ့ကျော်အကြောင်းပြောနေတာ နန္ဒာရေ့"

"လုပ်လာပြန်ပြီလား ဟိုတလောတုန်းကတော့ မေ့လိုက်တော့မယ်ဆို"

"မေ့လို့မှမရတာကိုး မာမိရ"

"ဒါဖြင့် သမီးပပကိစ္စက ဘယ်လိုလဲ"

"ဘယ်လိုမှမလဲဘူး"

"ကိုထက်နော်၊ စကားကို လွယ်လွယ်နဲ့မပြောနဲ့။ ဟိုဘက်ဒီဘက် မျက်နှာပျက်စရာတွေဖြစ်စီကုန်ရင် မာမီ့သူငယ်ချင်းကို ဘယ်လိုတောင်းပန်ရမှာလဲ"

"ပပနဲ့ကျွန်တော်က ရိုးရိုးပဲဟာကို"

"ဒီလောက်တွဲသွားတွဲလာတွေ လုပ်ပြီးမှ ဘာရိုးရိုးလဲ။ ဟိုက ကိုကြီး ကိုကြီးဆိုပြီး တရောင်းရောင်းလာလည်နေတာကို"

"မသိဘူးဗျာ၊ မာမီ့ကို ကျွန်တော်အစောကြီးကတည်းက ပြောထားသားပဲ။ ကျွန်တော့်ရင်ထဲမှာ ကျော်ပဲရှိပါတယ်ဆိုမှ"

"ဟဲ့!"

"ဟုတ်တယ် နန္ဒာ၊ ကိုယ်တို့က မယုတ်မလွန်ပြောထား



www.burmeseclassic.com

www.burmeseclassic.com



တာပဲဟာ။ ဘာမှလွန်စရာရှိတာမှမဟုတ်ဘဲ"

"ကိုကပါ အားပေးအားမြှောက်နဲ့"

"အားမပေးလို့ရမလား၊ မင်း့သားက ကျော်မှကျော်ဆိုပြီး အော်နေတာကိုး"

"ကြည့်မရပါဘူးတော်၊ ရည်းစားတောင်မဖြစ်သေးဘူး၊ ငါ့သားကိုသွေးထွက်သံယိုဖြစ်အောင် လက်ရဲဇက်ရဲနိုင်တာ မိန်းကလေးတဲ့လား။ ရမှာရပြီးရင် နေ့တိုင်းထုရိုက်နှိပ်စက်နေရင် ဘယ့်နှယ်လုပ်မလဲ"

"မာမီကလည်း ပြောင်းပြန်ကြီးတွေးနေပြန်ပါပြီ"

"တွေးရတယ်ဟဲ့၊ ငါတောင် မွေးထားတဲ့သားကို ရိုက်ဖို့နေနေသာသာ လက်ဖျားနဲ့တို့ဖို့ ဝေလာဝေး။ လက်သီးနဲ့တောင် ထိုးပြတာ တစ်ခါမှမရှိသေးဘူး"

"ဒါပေမဲ့ တဟဲ့ဟဲ့နဲ့တော့ နွားမောင်းသလိုမောင်းတာပဲမဟုတ်လား မာမီရ"

"ကိုထက်နော်"

"သဘောတူလိုက်ပါ မိန်းမရာ၊ တော်ကြာ မင်း့သားမအိပ်နိုင်မစားနိုင် တမှိုင်မှိုင်ဖြစ်နေရင် မင်းပဲစိတ်ဆင်းရဲရမှာ"

မာမီ့မျက်စောင်းက သူ့ထံ ဒိုင်းခနဲရောက်လာလေ၏။





သတိရလိုက်တာကျော်ရယ်။ မင်းဆို ကိုယ့်ကို ဒီလိုပဲ မျက်စောင်းခဏခဏထိုးတတ်တာကိုး။ နေ့တိုင်းနီးပါး တွေ့ခွင့်ရပေမယ့် ဒီလို Sunday ပိတ်ရက်မျိုးမှာ ဘယ်လိုအကြောင်းပြပြီး လာတွေ့ရမလဲလို့ ခေါင်းတောက်အောင် စဉ်းစားနေရတာလေ။

အခုတော့ မာမီက မုန့်ဟင်းခါးချက်စားရအောင်တဲ့။ ဒီတော့ မင်းအိမ်ကို မုန့်ပို့မယ်ဆိုတဲ့အကြောင်းပြချက်နဲ့ လာလို့ရသွားပြီလေ။

"မြင့်မိုရ်ကျော်ကိုမှမရရင် သေမှာလား"

"သေနိုင်တာပေါ့ မာမီရ"

"သေချာတယ်၊ ငါတော့ နင်တို့အိမ်မှာ အိမ်ဖော်ဖြစ်တော့မှာပဲ"

"ဘာဖြစ်လို့လဲ မာမီရ"

"ဘာဖြစ်ရမလဲ၊ မင်းယူမယ့်မိန်းမက ဘာမှလုပ်တတ်မကိုင်တတ် မချက်တတ် မပြုတ်တတ် မလျှော်တတ် မဖွပ်တတ်တော့ မင်းပဲအကုန်လိုက်လုပ်ပေးရတော့မှာပေါ့ ကိုထက်ရဲ့။ ဒီမအေက ကိုယ့်သားပဲလုပ်နေရတာကိုမြင်ရင် ရင်ကျိုးရတော့မှာပေါ့။ ဒါနဲ့ပဲ သားမလုပ်စေချင်ရင် မအေက ဝင်လုပ်ရတော့မှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ. . . မာမီကလည်း မာမိက ဒက်ဒီနဲ့အတူမနေဘဲ ကျွန်တော့်အိမ်ကို ဘာလိုက်လုပ်မလို့လဲ"

"မြေးလိုက်ထိန်းပေးမလို့ဟေ့"

"ကိုနော်"

"မဟုတ်လို့လား"

"ခုကတည်းက ချိန်ခွင်လျှာတစ်ဖက်စောင်းနေပြီ၊ တွေ့လား"

"မဟုတ်ပါဘူး မာမီရာ၊ ကျွန်တော်က မာမီပင်ပန်းတာကို မကြည့်ရက်လို့ပြောရတာပါ"

"ဟိုကောင်လေးနဲ့ခပ်ရှုပ်ရှုပ်ဆို၊ ဇာတ်လမ်းက ပြတ်ပြီလား"

ကဲ! သူရင်ဖွင့်ပြောခဲ့တဲ့ကိစ္စက သေးသေးလေးဖြစ်ပေမယ့် အခုတော့ အကြီးကြီးဖြစ်နေလေပြီ၊ မပြောဖို့ဆုံးဖြတ်ထားပေမယ့် မာမီရင်ပူနေပြီမို့ ဖွင့်ပြောရတော့မှာလေ။ ခွင့်လွှတ်ပါကျော်၊ ဒက်ဒီကိုမပြောလို့ရပေမယ့် ကိုယ်က အမေကိုချစ်တဲ့သားမို့ မာမီကိုတော့ ဘာကိုမှဖုံးထားလို့မရတာမို့ပါလေ။

"မရှုပ်ပါဘူး မာမီရာ"

"ဟင်! မင်းပဲပြောခဲ့တာလေ"





"အင်း. . . မာမီလုပ်တာနဲ့ပဲ ကတိက ပျက်တော့မယ်"

"ဘာကတိလဲ"

"မင်းသားက သူ့ကောင်မလေးနဲ့ကတိပြုထားတယ်တဲ့လေ"

"ဒါလေးများ. . . အဲဒီကတိက အရေးကြီးသလား၊ မွေးထားတဲ့မအေက ပိုအရေးကြီးလား၊ ပြော"

တွေ့လား! သူ့မာမီက အဲဒီလိုတစ်ခါတလေ ကလေးဆန်တတ်တာပါလေ။ ဒက်ဒီနဲ့စကားများရင်လည်း သူက မာမီ့ဘက်ကိုပဲ လိုက်တတ်တာ ငယ်စဉ်ကတည်းက အကျင့်ပါနေလို့ပါပဲ။

"ဟင်းဟင်း. . . မာမီက ပိုအရေးကြီးတာပေါ့"

"မညာပါနဲ့"

"တကယ်ပြောနေတာပါ မာမီရာ"

"သူ့ကို ဘာကတိပေးထားရတာလဲ"

"မိသားစုကိစ္စပါ"

"မိသားစု"

"အင်း. . . အန်ကယ်ဦးမြင့်မိုရ် အိမ်ထောင်ကွဲထားတာလေ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ သိတယ်လေ"

"အဲဒါ ကျော့်မေမေဆီမှာ ကိုယ်ဝန်ပါသွားပြီး သားလေး တစ်ယောက် ထပ်ရခဲ့တယ်"

"အဲဒီကောင်လေးက မင်းပြောတဲ့ချာတိတ်လေးပေါ့၊ အဲ ဒီလိုလား"

"ဟုတ်တယ်"

"ဟဲ့! အဲဒါ ဖအေကိုဖွင့်ပြောရမှာလေ၊ ဘာလို့ မဟုတ် တာကို ဖုံးထားရတာလဲ"

"သူတို့မောင်နှမနှစ်ယောက်က မိဘတွေကို ပြန့်ပေါင်း စေချင်လို့တဲ့ မာမီရာ၊ အန်ကယ်ကလည်း စိတ်မာသလို အန်တီ ကလည်း မာနထိပ်ခေါင်တင်မို့ ခုချိန်ထိမပြောရသေးတာလေ"

"ဟုတ်တယ် နန္ဒာရဲ့၊ မြင့်မိုရ်က ကိုယ်နဲ့တွေ့ရင် ဘယ် တော့မှ သူ့မိန်းမအကြောင်းကို တစ်ခါမှမပြောဖူးဘူး။ ဒီတော့ လည်း ကလေးတွေ နေရခက်တာပေါ့"

"ဟုတ်တယ် မာမီ၊ ကျော့်ကို သူ့အမေက သမီးလို့ တောင်မခေါ်ဘူးတဲ့။ သူက မေမေလို့ခေါ်တာကိုလည်း မခေါ်နဲ့ မကြိုက်ဘူးလို့ပြောတာ"

"ဘယ်လိုကြီးတုန်း"





"အန်တီ အိမ်ပေါ်ကဆင်းတော့ ကျော့်လက်ကိုဆွဲခေါ် ပေမယ့် အန်ကယ်က သူ့သမီးကိုမပေးဘူးဆိုပြီး ကျော့်လက်ကို ဆွဲထားခဲ့တာတဲ့။ အဲဒီတုန်းက ကျော်မျက်ရည်မကျဘဲ မငိုတာ မအေကိုမချစ်လို့ဆိုပြီး အန်တီက စိတ်နာခဲ့တာတဲ့လေ"

"ဖြစ်ရလေ၊ ဒီမိသားစုနဲ့တော့ ခက်တာပဲ"

ကြင်နာသနားတတ်ရှာတဲ့မာမီက ကျော်တို့မိသားစုရဲ့ အကြောင်း သိသွားရတာမို့ စိတ်မကောင်းဖြစ်နေပြီလေ။ သူပြော သားပဲ၊ သူက အင်မတန်စည်းရုံးရေးတော်တဲ့လူပါဆို။

"ဒါကြောင့် ဒီကလေးမ မအေအုပ်ထိန်းမှုမရှိလို့ ထောင့် မကျိုးပုံစံဖြစ်နေတာကိုး"

"ကျော်က သနားစရာကောင်းပါတယ် မာမီရာ၊ မိခင် ရင်ခွင်ကို မခိုခဲ့ရလို့ အမေငတ်ခဲ့ရပေမယ့် အဖေရှေ့မှာ မိခင်ကို တစ်ချက်မှမတခဲ့ရဲဖူးဘူးတဲ့"

"အင်း"

"မြန်မြန်ချက်ပေးနော် မာမီ၊ ကျော်က မာမီ့လက်ရာဆို သိပ်ကြိုက်မှာ. . . နော်လို့"

မာမီ့မျက်စောင်းက ဒိုင်းခနဲရောက်လာလေ၏။ နောက်ဆုံးတော့လည်း ဒီတစ်ဦးတည်းသောသားလေးကို မာမီအလိုလိုက်


www.burmeseclassic.com

www.burmeseclassic.com

အကြိုက်ဆောင်ပေးရမှာပဲလေ။

ကျော်က မာမှီခွေးမလောင်းပဲမဟုတ်လား။

▣▣▣



## အခန်း (၁၉)

"ညှော့သည်"

"ဟုတ်တယ် သမီးရဲ့"

"ဘယ်သူလဲ. . . ဟိုနေ့က ကျော့်ကိုလာပို့တဲ့လူလား ကြီးမြ"

"သူပဲရှိတာပေါ့"

"ဘာလာရှုပ်ပြန်ပြီလဲမသိပါဘူး။ လူကိုခြေထောက်နာအောင်လုပ်ပြီး အိမ်ကိုချောင်းပေါက်မတတ် လာလာနေတော့တာပဲ။ အမြင်ကပ်လာပြီ"

"လာပါစေပေါ့၊ ချောင်းမကလို့ ပင်လယ်ပဲဝေဝေ။ မိကျော်နော်၊ ကိုယ့်အိမ်လာတဲ့ညှော့သည်ကို ဒီလိုပဲပြောရလား"


www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ့ညည့်သည်က နေ့တိုင်းလာလာနေတာ Sunday တောင် မရှောင်တော့ဘူး။ လွန်ကိုလွန်လွန်းတယ်"

"ငါ့ညည့်သည်မှမဟုတ်တာ. . . နင့်ညည့်သည် နင့်ညည့်သည်"

အိပ်ခန်းနဲ့အပြင်ကို ဒီလိုရန်ဖြစ်ရပြန်ပြီလေ။ ဖေဖေက လည်း နားပါးပဲ့။ ကြီးမြကကျော့်အခန်းဝမှာ လာပြောတာကို လည်း ညည့်ခန်းကနေ ကြားလိုက်တာပဲ။ စိတ်တိုလိုက်တာနော်၊ စိတ်တိုတယ်။

တစ်နေ့တစ်နေ့ အိမ်ကိုရောက်လာပြီး 'ဒီနေ့ဘာလုပ်ပေးရမလဲ ကျော့်"ရေကူးကန် အချော့သပ်နေပြီ"တိုက်ကို ဆေးသုတ်နေပြီသိလား"မှန်ကို အဖြူမတပ်ဘဲ ဆီးညိုရောင်လေး တပ်မှာသိလား' ဆိုပြီး အကြောင်းပြ ရောက်လာတတ်တာလေ။ ဒါလေး မေးမှာကို Phone ဆက်ရင်ရရဲ့သားနဲ့ 'မျက်နှာလေးတွေ့ချင်လို့' ခပ်တိုးတိုးပြောတာမို့ ကျော့်ဒေါသထွက်ပြီးအော်တဲ့အခါ 'မိကျော့်နော်' ဆိုပြီး ဖေဖေဝေါက်တာခံရပါရော။

အလကားလူကြီး။ လူကို ရည်းစားစကားပြောတာကိုတောင် အထက်စီးကနေ ဒေါသထွက်ပြီး လေသံမာနဲ့ အော်ဟစ်ပြောရတယ်လို့။ အိမ်မှာ ကြီးမြပဲရှိလို့ ကြီးမြပဲကြားသွားပေမယ့်





ဖေဖေ့အစ်မဝမ်းကွဲမို့ ဖေဖေ့နားပေါက်သွားပြီး ကျော့်ကို သူချစ်တဲ့အကြောင်းကိစ္စက ဘူးပေါ်သလိုပေါ်ပြီး သိပါရောလား။

ဘယ်လောက်စိတ်တိုစရာကောင်းလိုက်လဲ။ ဒီလောက်လေသံမာနဲ့ပြောနေတာလည်း မနာ၊ သူ့ကိုနာကျင်အောင် လုပ်တာလည်းမရ၊ သူ့ပါးကို ကျော့် ရိုက်ခဲ့တာတောင် အမှုမထားဘဲ ရှေ့ကို ခြေလှမ်းဆက်တိုးလာနေတာလေ။ အချစ်ဆိုတာ ဒီလိုပဲလား။ ကိုယ့်ကို နာကျင်စေမှန်းသိသိကြီးနဲ့ အဲဒါကို လျစ်လျူရှုဥပေက္ခာပြုပြီး မေ့နိုင်တာမျိုးလေ။ အံ့ဩဖွယ်ကောင်းလေစွ။

"ကျော့် ထမင်းမစားရသေးဘူးမဟုတ်လား။ ဒါလေးစားလိုက်နော်။ မာမီကိုယ်တိုင် ချက်ပေးလိုက်တာ ကျော့်ရဲ့"

ဝင်လာပြန်ပါပြီ။ ကျော့်အိပ်ရာက မထနိုင်တာနဲ့ တံခါးကို Lock မချနိုင်တာကို သူက တစ်ခါမှ တံခါးမခေါက်ဘဲ ပိုင်စိုးပိုင်နင်းနဲ့ ဝင်လာတာ တစ်လပြည့်တော့မယ်လေ။ ဒီခြေထောက်လည်း မြန်မြန်ပျောက်မှပါပဲ။ နို့မို့ ဒင်းနဲ့နေ့တိုင်း မျက်နှာချင်းဆိုင်နေရလို့လေ။

"ဘယ်သူချက်တာ"

"မာမီလေ"

"ရှင့်အမေချက်တာကို ကျော့်က ဘာလို့စားရမှာလဲ။


www.burmeseclassic.com

www.burmeseclassic.com

မစားဘူး. . . ပြန်ယူသွား''

''ကျော်ကလည်း မာမီက စေတနာအပြည့်နဲ့ ချက်ကျွေးတာကို''

''ပြန်မယူချင်ရင် သွန်ပစ်လိုက်''

''မိကျော်''

ကြည့်! ကြားပြန်ပြီ။ ကျော့်အခန်းကိုပဲ နားစွင့်နေလားမသိ။ ဒီလောက်ခပ်သာသာလေးပြောတာကိုလည်း ကြားရတယ်လို့။ သူက သယ်လာသည့်လင်ဗန်းကို ကျော့်ကုတင်ဘေးရှိ စားပွဲပေါ်သို့ တင်လိုက်ပါ၏။ မနက်က နွားနို့တစ်ခွက်နှင့် ကြက်ဥပြုတ်စားထားတာမို့ အခုဆယ်နာရီကျော်မှာ ဗိုက်ဆာနေပြီလေ။

ပန်းကန်လုံးခပ်ကြီးကြီးထဲမှာ မုန့်ဟင်းခါးဖတ်နှင့် ညှပ်ခေါက်ဆွဲကိုမျှထည့်ကာ ဘဲဥပြုတ်က အခြမ်းလိုက်လေး။ ဘူးသီးကြော်က ညှပ်ထားပြီးသား၊ ပဲကပ်ကြော်ကလည်း ခြေပြီးသား။ နံနံပင်နှင့်ပဲသီးတောင့်ရှည်ကို ခပ်ရိုပ်ရိုပ်လှီးထားပြီး အချဉ်ကြိုက်ရင် ညှစ်စားဖို့ သံပုရာသီးစိတ်လေးက ဖွန်းထဲထည့်ပေးထားလေ၏။

ငှက်ပျောအူဖတ်နှင့် ဘဲဥပါးပါးလှီးထားသည့်အဖတ်လေးတွေ ကြက်သွန်နီဥလေးတွေ ပေါလောပေါ်ပြီး စပါးလင်နံ့





သင်းနေသည့် ဟင်းရည်ပန်းကန်လုံးက ဆာနေသည့်ကျော့်စိတ်ကို ဆွဲနေသလိုနှယ်ပါလေ။ အစာကိုသိပ်မခံ့မင်တဲ့လူရေ့မှာ အစားအသောက်လာပြနေတာမို့ ဗိုက်ဆာသံက ကျယ်နေချေပြီ။

''ဟော! ဆာနေပြီမဟုတ်လား ကျော်ရဲ့။ ပူပူလေးစားလိုက်နော်''

''မစားချင်ပါဘူး''

''ကိုယ်ခွံ့ကျွေးရမလား''

''ရှင်နော်၊ လူကိုများ လူမမာထင်နေသလား''

''လောလောဆယ်မှာ ကျော်က လူမမာပဲမဟုတ်လား။ အိပ်ရာထဲကမှ ထလို့မရတာ''

''လမ်းလျှောက်လို့မရသေးတာလို့ ပြောပါရှင့်''

''အတူတူပဲလေ ကျော်ရာ''

''မတူပါဘူး''

''စားလိုက်ပါကျော်ရယ်၊ လိမ္မာပါတယ်''

''မစားဘူးဆိုနေမှ''

''မိကျော်နော်၊ သိပ်မနိုင်စားချင်နဲ့၊ မောင်ထက်က နင့်ကို အလိုလိုက်နေတာနဲ့ မဆိုးပြချင်နဲ့စမ်း''

''ကဲ! ယောက္ခမကြီး အော်နေပြီ၊ ကြားလား''


www.burmeseclassic.com

www.burmeseclassic.com

"ကြည့်စမ်း! ဘာယောက္ခမကြီးလဲ၊ ကဲ!"

သူ့ပေါင်ကိုလှမ်းရိုက်လိုက်သည့်အသံက ဖြောင်းခနဲမြည်သွားတာမို့ ဖေဖေ့ချောင်းဟန့်သံက ထွက်လာလေ၏။ ဒါက သတိပေးတာပဲမဟုတ်လား။ ဒီအဖေအကြောင်းကို ဒီသမီးမှမသိရင် ဘယ်ဖြစ်မှာတဲ့လဲ။

"ဘယ်တော့လဲ"

"ဘာကိုမေးတာလဲ"

"ဟိုချာတိတ်ကိစ္စကိုမေးတာလေ၊ အန်ကယ့်ကို ဘယ်တော့ပြောမှာလဲလို့"

"အဲဒါ ရှင့်ကိစ္စမဟုတ်ပါဘူး၊ မဆိုင်ဘဲ ဝင်မရှုပ်ချင်နဲ့"

"ကိုယ်က ဆိုင်ချင်နေတော့ ဘယ်လိုလုပ်ရမလဲ"

မှန့်ဟင်းရည်ဆမ်းပြီး ပန်းကန်ကိုပေးနေပြီမို့ ယူလိုက်ရပါ၏။ ဒီဗိုက်ကလည်း သူ့ရှေ့မှာမှ အချက်ပြနေတာကိုး။ သူက ကျော်သောက်ရန် ရေသန့်ဘူးပါကင်ကိုဖွင့်ကာ ဖန်ခွက်ထဲသို့ အဆင်သင့်ထည့်ပေးလေသည်။

"စားလို့ကောင်းလား"

ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ ကြည့်မရဘူးဆိုတဲ့ အမေဖြစ်သူက ကိုယ်တိုင်ချက်ပြီး ကျော့်ကိုပို့ပေးရတယ်လို့၊ ကျော်





တော့ ရေကြီးတော့မှာပဲနော်။

"မာမီက ခေါင်းညိတ်လိုက်ပြီ"

"ဘာကိုလဲ"

"ကျော်နဲ့ကိုယ့်ကိုလေ"

"ဘာရယ်"

သူ မျက်စပစ်ပြီးပြောတာကို အော်ရန်ပြင်လိုက်စဉ် သူ့ Phone မြည်သံကြောင့် လန့်သွားရလေ၏။ လက်မအားဖြစ်နေသည့်ကျော့်ကိုယ်စား သူက စားပွဲထက်တင်ထားသည့် Phone ကို ယူကိုင်လိုက်လေသည်။

"ဟဲလို. . . အင်း. . . ဟုတ်တယ်၊ အခုထိ ပတ်တီး မဖြည်ရသေးဘူးလေ။ ဟုတ်လား. . . မေးလိုက်မယ်လေ"

"ကျော့်မောင်လေး"

"မောင်က ဘာတဲ့လဲ"

"ခြံရှေ့ရောက်နေပြီတဲ့"

"ဘယ်လို"

အလို! ခြံရှေ့မှာတဲ့။ ဘယ်လိုဖြစ်ပြီးတော့ ရောက်လာရတာတဲ့လဲ။ ဒုက္ခပါပဲ၊ အိမ်မှာ ဖေဖေရှိနေပါတယ်ဆိုမှ ပြဿနာပါလားနော်။


www.burmeseclassic.com

www.burmeseclassic.com

"မလာနဲ့လို့ပြောလိုက်လေ၊ ဖေဖေရှိနေတယ်လို့"

"နန္ဒ. . . အန်ကယ်ရှိလို့ ကျော်က မလာနဲ့တဲ့။ ဘာရယ်. . . တွေ့ချင်လို့"

"ဟာ! မဖြစ်ပါဘူးလို့ပြောနေတဲ့ဟာကို ဒီကောင်လေးကတော့ ဇွတ်ပဲ"

"ဘယ်သူလဲဟေ့"

"ညွှန့်သည်တဲ့၊ ကောင်လေးတစ်ယောက်ပဲ"

"ဘယ်ကကောင်လေးလဲ"

"သမီးနဲ့တွေ့ချင်လို့လို့ ပြောတာပဲ"

တံခါး Bell သံကြောင့် Intercon ကတစ်ဆင့်မေးရင်းကြီးမြပြောနေသံကို ကြားလိုက်ရပါ၏။ ဖေဖေ အိမ်ပေါ်ထပ်မှ ဆင်းရန်ပြင်နေစဉ် သူ့ကိုလက်ဖြင့်တွန်းကာ ပြောလိုက်မိလေ၏။

"သွားလေ. . . သွား"

"ဘယ်ကိုသွားရမှာလဲ ကျော်ရဲ့"

"ဟိုမှာ မောင်နဲ့ဖေဖေတွေ့တော့မယ်ရှင့်"

"တွေ့ပါစေပေါ့၊ သားအဖတွေပဲဟာ။ နောက်လည်းတွေ့ရမယ့်အတူတူ စောစောတွေ့တော့ အေးရော"

"ကိုဘုန်းထက်မာန်"





"ကိုလို့ ဘယ်တော့ခေါ်မှာလဲ"

"ရှင် အရူးထချင်တာ နောက်မှလုပ်။ အခုအောက်ကို မြန်မြန်လိုက်ဆင်းပါဆိုနေမှ"

"ကိုယ်က ဘာလုပ်ပေးလို့ရမှာလဲ"

"ဩော်. . . ဖေဖေတစ်ခုခုလုပ်မိရင် ကြားဝင်ဖို့ပြောနေတာရှင့်"

"ကိုယ့်ကျတော့ သေချင်သေပေါ့လေ"

"ကိုဘုန်းထက်မာန်"

"သွားပါ့မယ်. . . သွားပါ့မယ်၊ မာမီပြောသလို ကိုယ်က ချစ်မိမှတော့ အစစ အနစ်နာခံရတော့မှာပေါ့"

တိုက်တံခါးပွင့်သွားပါ၏။ အပေါ်ထပ်မှ ဆင်းလာသည့်လူကြီးကို ငေးခနဲကြည့်နေမိလေသည်။ ဒါ. . . ဒါ ကျွန်တော့်ဖေဖေပေါ့နော်။ မွေးလာကတည်းက ဖြူလားမည်းလား တစ်ကြိမ်မှ မမြင်ဖူးခဲ့ရသည့်ဖေဖေ့ကို တငေးတမောဖြင့်ကြည့်နေမိတာပါလေ။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ဟိုး. . . မမနဲ့ပါခင်ဗျာ"

"ဩော်. . . ငါ့သမီးကို လိုက်ကပ်စား ညာစားနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဆိုတာ မင်းလား”

“ဗျာ!”

“ယောက်ျားတန်မဲ့ အလုပ်မလုပ်ဘဲ မိန်းကလေးတစ်ယောက်ဆီက ကပ်ခွဲပြီး လိမ်ညာစားတဲ့ကောင်က အရှက်မရှိဘဲ အိမ်အထိ လာတာပေါ့လေ”

“ဟို. . . ဟို. . . ကျွန်တော် မမကိုစိုးရိမ်လို့”

“မလိုပါဘူး၊ မင်းဘာမှစိုးရိမ်စရာမလိုဘူး။ ရုပ်ကလေးက သနားကမားနဲ့ ကောင်းရောင်းကောင်းဝယ်လုပ်စားမယ်မရှိဘူး၊ ပိုင်းလုံးအလုပ်မျိုးမို့ မင်းကလုပ်ရတယ်လို့။ ပြောစမ်း! မင်းဘယ်လောက်ရရင် ငါ့သမီးအနားက အပြီးထွက်သွားမလဲ။ လိုသလောက်ပြောစမ်းပါ”

“ကျွန်တော်. . . ကျွန်တော်”

ရက်စက်လိုက်တာ၊ ပြောရက်ပါ့ဖေဖေရယ်။ ကျွန်တော်မျှော်လင့်ထားတဲ့ဖေဖေဆိုတာ သဘောဖြူအူဆင်းနဲ့ မျက်နှာချိုပြီး နွေးထွေးတဲ့လေသံမျိုးနဲ့ သားဖြစ်သူကို အပြုံးတွေနဲ့ ကြိုဆိုရမှာမဟုတ်ပါလား။ အခုတော့ မမကိုညာစားပြီး နှောင့်ယှက်တဲ့လူလိမ်လို့စွပ်စွဲပြီး နှစ်နာအောင် ပြောရတယ်လို့။

“အန်ကယ်”





“ဘာလဲ မောင်ထက်”

“မပြောပါနဲ့အစ်ကို၊ ကျွန်တော်တောင်းပန်ပါတယ်။ မမ တားမြစ်ထားတဲ့ကိစ္စကို ကျွန်တော့်ကြောင့် မပေါ်သွားစေချင်လို့ပါ”

“မင်းကပဲ ကြီးကြီးကျယ်ကျယ်၊ လူကြီးတွေစကားပြောနေရင် ဝင်မပြောရဘူးဆိုတာ မင်းမိဘတွေ ဆုံးမမထားဘူးလား”

“ဗျာ”

“အန်ကယ်. . . နန္ဒကိုက”

“ဖေဖေရှေ့”

အပေါ်ထပ်မှ ကျော့ခေါ်သံကြောင့် အန်ကယ် အလန့်တကြားဖြစ်သွားရပါ၏။ ဒီမှာ သားဖြစ်သူကို ကိုယ့်သွေးသားမှန်း မသိဘဲ မိမဆုံးမ ဖမဆုံးမလို့ တနင့်တပိုးပြောနေတာကိုး။

“သမီးဘာဖြစ်တာလဲ”

“အန်ကယ့်ကို ပြောစရာရှိလို့ပါ အန်ကယ်”

“သမီးက”

“ဟုတ်ပါတယ် အန်ကယ်၊ လာလေ, ညီ”

“ကျွန်တော်. . . ကျွန်တော်ပြန်တော့မယ် အစ်ကို။ မမကိုလုံးဝမတွေ့ရလို့ စိတ်ပူပြီး ရောက်လာခဲ့ရတာပါ။ မမနေကောင်း



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုတာသိရင် ကျေနပ်ပါပြီ"

"မဟုတ်တာ ညီကလည်း၊ ရောက်မှတော့ ကျော်နဲ့တွေ့သွားရမှာပေါ့။ ကျော်လည်း ညီကိုစိတ်ပူနေတာ။ ကျောင်းမှာ စာမှလိုက်နိုင်ပါ့မလားတဲ့လေ"

"စာလိုက်နိုင်ပါတယ် အစ်ကို"

"ကိုဘုန်းထက်မာန်"

"လာမယ် ကျော်၊ ခဏလေး"

"မောင့်ကိုခေါ်လာခဲ့ပါ"

ဖေဖေက မကျေနပ်ဟန်ဖြင့် ကျွန်တော့်ကို စူးခနဲကြည့်လိုက်ပါ၏။ မမက မောင့်ကိုခေါ်လာခဲ့ပါတဲ့ဖေဖေ၊ တားဦးမှာလား။ အစ်ကိုပြောသလို ရောက်မှတော့ မမမျက်နှာလေးကိုတွေ့သွားပါရစေလား။

အပေါ်ထပ်အိပ်ခန်းကို သုံးဦးသား ဝင်တော့ ကျော်က မှန်စားပြီးနေသလို မောင်ဖြစ်သူကို လက်ကမ်းပေးပြီး ကြိုနေတာပါလေ။

"မမ"

"လာလေ မောင်"

"သမီး"





ကျော်က နန္ဒလက်ကိုဆုပ်ကိုင်ထားလိုက်ပြီး ဖေဖေ့ကို မော့ကြည့်လိုက်ပါ၏။ အမေဖြစ်သူနဲ့ချွတ်စွပ်နီးပါးတူလွန်းနေတဲ့ နန္ဒကိုမြင်နေတာတောင်မှ သားလို့နည်းနည်းလေးတောင် သံသယ မဝင်ဘူးတဲ့လား ဖေဖေ။

"ကျော်မိတ်ဆက်ပေးပါ့မယ် ဖေဖေ၊ နန္ဒကိုပါ၊ ဦးမြင့်မိုရ်နဲ့ဒေါ်စပယ်တို့ရဲ့သားငယ်ပါ"

"ဘာ!"

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ပတ်တီးဖြည်ပြီးသွားသည့်ခြေထောက်ကို ဟိုဒီလှုပ်စမ်းသပ်ရင်း ပြုံးကာ ခေါင်းညိတ်လိုက်ပါ၏။ ဘေးမှာ မောင်ကတစ်ဖက်၊ သူက တစ်ဖက်မို့ Bodyguard ကအပြည့်ပါလေ။

"ဖေဖေဘာပြောလဲဟင်"

"ဘာမှမပြောဘဲ ငြိမ်သွားတာ ခုထိ 'မ'ကိုစကားကောင်းကောင်းမပြောဘူး"

"ကျော့်ကို စိတ်ဆိုးနေတာများလား"

"ဟုတ်ရင်လည်းဟုတ်မှာပေါ့"

"ကျွန်တော်ပြန်သွားတော့ မမနဲ့ဖေဖေ စကားအကြီးအကျယ်များကြတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်"

ဟုတ်ပါတယ်။ မာနဆိုတာ ကိုးကွယ်သင့်တဲ့အရာမျိုး မဟုတ်မှန်း ဖေဖေရောမေမေပါ သိစေချင်ပါရဲ့။ နှစ်ကိုယ်တူချစ်ခဲ့လို့ တည်ဆောက်ခဲ့တဲ့အိမ်ထောင်တစ်ခုကို မာနနဲ့အတ္တကြောင့် ဖျက်ဆီးခဲ့ပေမယ့် ကျော်တို့မောင်နှမရဲ့မျက်နှာကိုတော့ ထောက်ထားစဉ်းစားသင့်ပါတယ်လေ။ အချစ်ဆိုတာ ခဏနဲ့ပျက်ပြယ်တတ်တဲ့အရာပေပဲလား။

"မမလည်း ဖေဖေ့ကိုမအော်စဖူး အော်တာဆို"

"သိရပြန်ပြီ. . . ရှင်ကလည်း မောင့်ကိုအကုန်ပြောရသလား"

"ညီမေးလို့ ပြောရတာပါ ကျော်ရယ်"

အဲဒီနေ့က ကျော့်အခန်းထဲမှာ ဖေဖေနဲ့စကားများဖြစ်ကြတာလေ။ ကျော့်ဘဝမှာ ဖေဖေ့ကို ကျော့်ကိုအလင်းပေးနေတဲ့ မီးပြတိုက်လိုသဘောထားပြီး ရှိသေခဲ့တာ နှစ်နှစ်ဆယ်ကျော်နေပြီမဟုတ်ပါလား။ ကိုယ့်မိန်းမကို မုန်းတီးနာကြည်းနေတာနဲ့ပဲ ကျော်တို့မောင်နှမကို မတွေ့စေချင်လို့ တားမြစ်ဖို့က ဘယ်တရားပါမလဲ။

"ဘယ်တုန်းက တွေ့ခဲ့တာလဲ"





"ကြာပြီ"

"ဒါနဲ့ပဲ နင့်မောင်ဆိုပြီး လွယ်လွယ်လက်သင့်ခံလိုက်တာလား။ နင့်အမေ. . ."

"ဖေဖေ၊ မေမေ့သစ္စာတရားကို အဲဒီလိုမစော်ကားချင်ပါနဲ့"

"ဘာ! နင်က နင့်ကို ခြောက်နှစ်သမီးကတည်းက ပစ်သွားတဲ့မအေကို မနေ့တစ်နေ့လေးက တွေ့တာနဲ့များ မအေလို့ သတ်မှတ်နေပြီလား မြင့်မိုရ်ကျော်။ နင့်ကို တစ်သက်လုံးကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ဖအေကိုကျ ရှိတယ်လို့မမှတ်ဘူးပေါ့လေ"

"ဖေဖေထင်တဲ့အတိုင်း မပြောပါနဲ့"

"ထင်တာမဟုတ်ဘူး။ မြင်နေတာ မိကျော်ရဲ့။ ဒီယုန်မြင်လို့ ဒီခြုံထွင်နေတာ နင် မမြင်ဘူးလား။ သူ့သားကို ဆေးကျောင်းမထားပေးနိုင်တာနဲ့ နင့်ကိုခေါ်တွေ့ခဲ့တာ ငါသိတယ်"

"မဟုတ်ဘူး ဖေဖေ"

"ဘာမဟုတ်ရမှာလဲ"

တစ်ဖက်သတ်ကြီးပါလား။ မေမေကလည်း ငွေမရှိတဲ့ မာနကို ရှေ့တန်းတင်ပြီး သားဖြစ်သူရဲ့အနာဂတ်ကို ထိန်းချုပ်ထားတာမဟုတ်လား။ ဖေဖေလည်း ဘာထူးလဲ။ သမီးဖြစ်သူကိုငွေနဲ့


www.burmeseclassic.com

www.burmeseclassic.com

လမ်းပြနေပြီး သားဖြစ်သူကိုတော့ မျက်ကွယ်ပြုနေတာမဟုတ်လား။

"မေမေက ကျော့်ကိုအသိအမှတ်ပြုတာမှမဟုတ်တာ"

"ဘာ!"

"ကျော့်နှုတ်က မေမေလို့ခေါ်တာကိုတောင် လက်ခံခဲ့တာမဟုတ်ပါဘူးဖေဖေ။ သူအိမ်ပေါ်ကဆင်းတာကို မျက်ရည်တစ်စက်မှမကျခဲ့တဲ့သမီးတဲ့၊ ဖေဖေ့ကိုတောင်မှမဟုတ်၊ ကျော့်ကိုပါ စိတ်နာနေခဲ့တာ ကြာပြီ။ မောင်နဲ့ကျော်က မောင်နှမအရင်းဖြစ်နေတာတောင် ခိုးတွေ့နေရဦးမှာလား။ မေမေကလည်း ငြင်း ဖေဖေကလည်း ကန့်ကွက်နေရင် ကျော်နဲ့မောင်က သူစိမ်းဆန်ဆန်ပဲနေရမှာပေါ့"

"သူ့သားတာဝန် သူယူပါစေပေါ့၊ ငါယူဖို့မလိုဘူး"

"ကျော်ကလည်း ဖေဖေ့ကိုတာဝန်မယူခိုင်းပါဘူး။ မောင့်ကို ကျော်ပဲတာဝန်ယူပါတယ်။ ကျော့်မောင်ကို ဆရာဝန်ဖြစ်အောင် အပြီးအထိ တာဝန်ယူမှာပါ။ အခုလည်း မောင့်ကိုကျောင်းထားပေးတာ ကျော့်လုပ်အားခနဲ့ပါဖေဖေ၊ ဖေဖေ့ငွေတစ်ပြားမှ မပါပါဘူး"

"မိကျော်. . . နင်"





"ဖေဖေတို့လူကြီးတွေ လမ်းခွဲကြတာနဲ့ပဲ ကျော်တို့သွေးချင်းမောင်နှမနှစ်ယောက်ပါ ကျောခိုင်းပေးရမှာလား ဖေဖေ"

"ငါ့ကို မိချောင်းမင်း ရေကင်းမပြချင်စမ်းပါနဲ့ မြင့်မိုရ်ကျော်။ ပညာစုံတော့ ဖအေ့ရင်ကို စုံကန်ချင်ပြီလား"

"ကျော်က ဖေဖေ့ရင်ကိုခွဲပြီး ထွက်သွားမယ့်သမီးမျိုး မဟုတ်ပါဘူးဖေဖေ။ ဒါပေမဲ့ မောင်နဲ့ပတ်သက်ပြီး ကျော့်ကိုကန့်ကွက်နေဦးမယ်ဆိုရင်တော့ ဖေဖေ့အရိပ်ကနေ ကျော်ထွက်သွားရပါ့မယ်။ ကျော် ဘယ်လောက်စိတ်ခံတော်မာတယ်ဆိုတာ ဖေဖေ အသိဆုံးပါပဲ"

ဒီလိုနဲ့ ကျော်တို့သားအဖ စကားဝိုင်းသိမ်းခဲ့ရတာပင်။ စဉ်းစားနေမှာပေါ့။ မိန်းမကိုမခေါ်ရင် ရတာတောင်မှ သားဖြစ်သူကို သွေးသားမတော်ဘူးဆိုပြီး ခံငြင်းလို့မှမရတာလေ။

"မမက အိမ်ပေါ်ကဆင်းရင် ဘယ်မှာသွားနေမလို့လဲ"

"ကိုယ့်အိမ်မှာပေါ့ ညီရဲ့"

"စကားအကောင်းပြောနေရင် ဖောက်လာပြီ။ ဘာ ရှင့်အိမ်လဲ၊ ရှင့်မိဘတွေရှိနေတဲ့အိမ်ကို ကျော်က ဘယ်လိုမျက်နှာနဲ့ ဝင်ရဲပါ့မလဲရှင့်"

"ကျော်ကလည်းလေ၊ အပြစ်တင်ဖို့ဆို ကိုယ့်ကိုအပ်ဆုံး


www.burmeseclassic.com

www.burmeseclassic.com

မှာ ထားတာပဲ။ ကိုယ်က အခုလက်ရှိမိဘတွေနဲ့ အတူနေတဲ့အိမ်ကို ပြောတာမှမဟုတ်တာ''

''ဒါဖြင့် ဘယ်အိမ်လဲ''

''ကိုယ်အသစ်ဆောက်ထားတဲ့အိမ်ကို ပြောတာလေ''

''မနေပါဘူး၊ တော်ကြာ ရှင်ယူမယ့်မိန်းမ လာရန်တွေ့တာကို ခံနေရပါဦးမယ်''

မျက်စောင်းခဲလိုက်မိ၏။ ခြံထဲမှာ လမ်းလျှောက်ရင်း သုံးယောက်သား စကားပြောနေကြတာပင်။ သူက ကျော့်ကိုငုံ့ကြည့်ကာ ပြုံးလိုက်လေ၏။

''အဲဒီအိမ်ရဲ့အရှင်သခင်မက ကျော်ပဲလေကွာ''

''ဘာစကားကြီးလဲ၊ မောင်ရွှေမှာနော်''

''ဘာဖြစ်လဲ မမရဲ့၊ ပြောပါစေ၊ အစ်ကိုပြောတာ နားရှက်စရာမှမပါတဲ့ဟာ''

''ဟယ်! ဘယ်လိုမောင်လဲ၊ ကိုယ့်အစ်မကို နှမျောတာသတောင်မရှိဘူး။ အံ့ပါ့''

''အစ်ကိုနဲ့မလေး အခြေအနေရော''

''ဝင်းပပသော်လား''

''အင်း''





မျက်နှာကို မဲ့လိုက်မိ၏။ ဒီနာမည်ကိုတော့ အလွတ်ရထားသားပဲ။ ဟိုက 'ကိုကြီး'ဆိုတာနဲ့ အရည်ပျော်သွားတဲ့လူကအခုလည်း ကျော့်အနားမှာ တောက်တဲ့လိုတွယ်ကပ်နေတာလေ။ မုန်းစရာကြီး။ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ အပြောင်းအလဲကမြန်ပါ့။

''အဲဒါ မာမီလုပ်ခဲ့တဲ့ကိစ္စမို့ မာမီပဲရှင်းပေးမှာ ညီရဲ့''

''မလေးတို့မိသားစုလည်း စိတ်ရင်းကောင်းပါတယ် အစ်ကိုရ''

''ညီက ပပကိုများ စိတ်ဝင်စားလို့လား''

''ဟာဗျာ. . . မဟုတ်တာ၊ အစ်ကိုကလည်း''

''ကျောင်းမှာရော ဆေးကျောင်းသူလှလှလေးတွေ တွေ့နေပြီလား''

''အဟင်း''

''ကြည့်စမ်း! အခုမှ First Year တက်တာ ရည်းစားက ထားချင်နေပြီ။ နင်ရည်းစားထားရင် မေမေ့ကို ငါသွားတိုင်မှာနော်. . . ကဲကဲ''

''အ!''

ကျော်က မောင့်နားရွက်ကို ဆွဲလိမ်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားလေးနှစ်ယောက်ဆိုတာနဲ့ မိန်းကလေးတွေ အကြောင်းပြောရတယ်လို့၊ အမြင်ကပ်စရာကောင်းလိုက်တာနော်။

"နာလိုက်တာ မမရာ၊ မောင်က ဘယ်မှာရှည်းစားထားနေလို့လဲ"

"နင်တို့နှစ်ယောက် တီးတိုးတီးတိုး သဖန်းပိုးလုပ်နေတာများ ငါမသိဘူးထင်နေလား"

"မဟုတ်ပါဘူး ကျော်ရယ်"

"သိပ်မပြောချင်ဘူး။ ယောက်ျားတွေများ ဒီလိုချည်းပဲ"

"ကိုယ်ဘာလုပ်မိလို့လဲ"

"ရှင့်ဟာလေးနဲ့ ဇာတ်လမ်းမပြတ်သေးဘဲ လူကိုလာကပ်နေတာလေ. . . မဟုတ်လို့လား။ ဖေဖေတံခါးဖွင့်ပေးတာနဲ့ ကျော့်နားကို လာလို့ရမယ့်မထင်နဲ့ ကိုဘုန်းထက်မာန်ရေ့။ ဝေးပါသေး"

"မမကလည်း အစ်ကို့ကို တစ်သက်လုံး ဒီလိုပဲခေါ်သွားတော့မှာလား"

"ဘာရယ်"

"ပြောပေးပါ ညီရာ၊ ညီ့မမက ကိုယ့်ဆို သိပ်နိုင်စားတာကွ။ ဒါကြောင့် မာမီကပြောတာ"





"ဘာပြောတယ်၊ ရှင့်အမေက ကျော့်ကိုဘာပြောသလဲ၊ ပြော"

သူ့အင်္ကျီလက်မောင်းကို ဆုပ်ကိုင်လိုက်စဉ် နန္ဒက လက်ဖြောက်ကာ နောက်ဆုတ်သွားပါ၏။ ကျော် လက်မြန်လွန်းတာကို ကြိုသိနေတာကိုး။

"ပြောလေ"

"ဘာမှမပြောပါဘူး ကျော်ရဲ့"

"ရှင်ညာမယ် မကြံနဲ့နော်၊ ဘာပြောလဲဆိုတာ မှန်မှန်ပြော"

"အဟင်း. . . သူ့သားတော့ တစ်သက်လုံး နိုင်စားခံရတော့မှာပဲတဲ့"

"ဟွန်း! ဘယ်သူကများ သူ့သားကိုယူမှာမို့လို့လဲ။ ရှင့်အမေကိုပြောလိုက်၊ မြင့်မိုရ်ကျော်က ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နေတဲ့မိန်းမပါလို့။ ဘယ်ယောက်ျားကိုမှ မှီခိုအားကိုးချင်တဲ့ မိန်းမမဟုတ်ဘူး"

"အဲဒီလိုတော့ မလုပ်ပါနဲ့ကျော်ရယ်၊ ကိုယ်တောင်မှ တစ်ယောက်တည်းဖြစ်လာရတာ။ ကျော်တို့ကတော့ မောင်နှမနှစ်ယောက်ဆိုတော့ ကိုယ်တို့အလှည့်မှာ သုံးယောက်လောက်"


www.burmeseclassic.com

www.burmeseclassic.com

"ဦးဘုန်းထက်မာန်"

"မမကလည်းလေ၊ ဒေါသဖြစ်မယ်ချည်းပဲ အစ်ကိုပြောတာ တရားမျှတပါတယ်ဗျ။ ယူသာယူ အစ်ကို၊ အစ်ကိုတို့မွေးလာမယ့်ကလေးတွေအကုန် ကျွန်တော်ထိန်းပေးမယ်။ စိတ်ချ"

"နင်တော့လား"

ခြံထဲမှာ မကြီးမငယ်နှင့် ဝရုန်းသုန်းကား ပြေးဆော့နေသလိုပါလေ။ ကျော်လိုက်ထုနေပြီမို့ နန္ဒက သူ့နောက်ကျောကို ပြေးပုန်းသလို သူကလည်း လက်တကာကာဖြင့် တားထားပါ၏။ ခြေထောက်ပြန်ကောင်းလာတာနဲ့ ကျော်တစ်ယောက် ခြေစလက်စ ပြနေပြီလေ။

"ဖြည်းဖြည်း ကျော်၊ ဖြည်းဖြည်း"

"ဘာဖြည်းဖြည်းလဲ"

"ခြေထောက်က အခုမှ စကောင်းတာလေ၊ တော်ကြာ ပြန်ထပ်ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

"ပြန်ထပ်ဖြစ်တော့လည်း မမကို အစ်ကိုထပ်ပွေ့ချီခွင့်ရတာပေါ့ဗျာ"

"ဟင်! ကောင်စုတ်လေး"

"အား"





ထုတော့ထုလိုက်တာပါပဲ။ သို့သော် နန္ဒက ရှောင်လိုက်တာမို့ ကျော့်လက်က သူ့ရင်ဘတ်ပေါ် ရောက်သွားရလေ၏။ အားနှင့်ထုတာမို့ သူ့မျက်နှာတစ်ချက်ပျက်သွားပြီး ရှေ့ကိုငိုက်ကျလာလေသည်။

"ဟောတော်! ကိုဘုန်းထက်မာန်၊ ဘာဖြစ်သွားလဲ"

"အစ်ကို. . . အစ်ကို"

နန္ဒကပါ သူ့လက်မောင်းကို ကိုင်လှုပ်ခေါ်လိုက်တာမို့ သူက လက်ဝါးကာပြကာ ထိုင်ချလိုက်ပါ၏။ ရုတ်တရက်မို့ အရှိက်ထိသွားပြီး အသက်ရှူမှားသွားရတာပါလေ။

"မမက အရမ်းအရမ်းလုပ်တာပဲ၊ ဒီမှာ အစ်ကိုအရှိက်ထိသွားပြီ"

"နင်စလို့ဖြစ်ရတာဟဲ့"

"ရလား အစ်ကို. . . ရလား"

သူခေါင်းညိတ်ပြလိုက်တာမို့ နန္ဒက သက်ပြင်းရှိက်ကာ ခပ်ခွာခွာရပ်လိုက်လေ၏။ ကျော်က သူ့မျက်နှာကိုငုံ့ကြည့်ကာ စိုးရိမ်တကြီးဖြင့် ခေါ်လိုက်မိပါသည်။ ဒုက္ခပါပဲ. . . ကျော်တော့ အချောင်လူသတ်မှုဖြစ်တော့မှာလေ။

"ကိုဘုန်းထက်မာန်. . . ကိုဘုန်းထက်မာန်"


www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အသက်ရှူလို့ရရဲ့လားဟင်"

"အင်း"

"ရှင်ကလည်းလေ၊ ကျော် ဒီလောက်အားလေးနဲ့ ထုမိတာတောင် ခံနိုင်ရည်မရှိဘူးလား။ ယောက်ျားလေးဖြစ်ပြီး ပျော့လိုက်တာ"

"နာတာကိုး. . . ကျော်ရဲ့"

"ဘယ်နားမှာလဲ၊ ခုထိနာတုန်းပဲလား. . . မှန်း"

သူက ကျော်လှမ်းလာသည့်လက်ဖျားလေးကို ရင်ဘတ်နေရာမှာ ကပ်ပေးလိုက်လေ၏။ အဟုတ်ထင်ပြီး ပထမငြိမ်နေရာမှ သတိဝင်ပြီး လက်ကိုရုတ်တော့ သူလွှတ်မပေးတော့ပါလေ။ နန္ဒက ကြီးမေလှမ်းခေါ်တာမို့ အိမ်ထဲသို့ဝင်သွားလေ၏။ ခြံထဲမှာတော့ သူက ကျော့်လက်ကိုကိုင်လျက်သား ကျန်ခဲ့တာပါလေ။

"ရှင်နော်. . . ဘာလုပ်တာလဲ"

"ဆွဲထားတာလေ"

"ဘာလို့ လက်ကိုဆွဲထားရတာလဲ။ ရှင့်ဟာလေးကိုပဲ သွားဆွဲ။ ကျော့်အသားကိုလာမထိနဲ့။ မကြိုက်ဘူး. . . ဖယ်ပေး"

သူက ကျော့်လက်ကိုမလွှတ်ပေးသေးဘဲ ဆက်ကိုင်ထားလိုက်လေ၏။ ဒီတစ်ကြိမ်မှ မပြောရဲရင် နောက်ထပ်ပြောဖို့အခွင့်က ရှိချင်မှရှိတော့မှာလေ။

"ကျော်ပြောဖူးတယ်မဟုတ်လား"

"ဘာကိုလဲ"

"ကျော့်ဖေဖေဟာ ကျော့်အတွက် မီးပြတိုက်ဆိုတာလေ"

"ဟုတ်တာပဲဟာ"

"ဒါဆို ကျော်က လှေကလေးပေါ့"

"ဟုတ်တယ်"

"ကျော်က လှေကလေးဖြစ်မယ်ဆိုရင် ကိုယ်က အဲဒီလှေကလေးရဲ့ပဲ့ကိုင်ရှင်ပါ ကျော်။ ကျော့်ရဲ့ပဲ့ကိုင်ရှင်လေး ဖြစ်ပါရစေ"

▣▣▣





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ကြီးမြ"

"ဝေ့! . . ."

"ဖေဖေဘယ်သွားလဲ"

"သူ့သားအိမ်ကိုလေ"

"သား . . . အိမ်၊ မောင်က ကျောင်းသွားနေပြီဟာကို။ ကြော . . . သဘောပေါက်ပြီ၊ ဟင်းဟင်းဟင်း"

ဒီမနက်မှ အလုပ်ပြန်ဆင်းမှာမို့ လူက လန်းဆန်းတက်ကြွနေပါ၏။ ဖေဖေက မေမေ့ဆီကိုသွားတာပေါ့လေ။ ညီကြီးမှာပေါ့။ ကျော်ပါ အိမ်ပေါ်ကဆင်းရင် မောင်လည်းလိုက်ဆင်းတော့မှာကိုး။ မောင် ဆေးကျောင်းတက်နေပြီဆိုတာ သိသွားပြီမို့ မေ



www.burmeseclassic.com

www.burmeseclassic.com

မေလည်း မောင့်ကိုဆန္ဒပြုပြီး စကားမပြောဘူးတဲ့လေ။

ကျော်နဲ့မောင်တော့ သားသမီးဆိုးတွေဖြစ်နေပါပြီနော်။ အဲဒါ ဖေဖေနဲ့မေမေကြောင့်ပဲမဟုတ်လား။ ဖေဖေတို့သာ နားလည်မှုနဲ့ ဘဝကိုတည်ဆောက်နိုင်ရင် ကျော်နဲ့မောင်က မိတက္ကဲ ဖတက္ကဲ သားသမီးမျိုးမဖြစ်တော့မှာမဟုတ်ပါလား။

"ကျော်သွားပြီ ကြီးမြ"

"အေးအေး"

ကားကိုမောင်းထွက်လာခဲ့ပါ၏။ ကျော် ဆောက်ပြီးတဲ့ တိုက်နဲ့ခြံကို ဝယ်သူလာကြည့်မယ်လို့ ဖေဖေပြောထားတာမို့ ခပ်စောစောထွက်လာခဲ့တာပင်။ ခြံထဲရောက်တော့ ခြံထဲအပင်စိုက်နေသည့်လူနှင့် အချောကိုင်နေသည့်ဆေးသုတ်အလုပ်သမားအချို့သာ ရှိနေလေ၏။

"မမလေး ရောက်လာပြီး နေကောင်းသွားပြီလား"

"ကျော်က နေမကောင်းဖြစ်တာမှမဟုတ်တာ ဦးလေးမောင်ရဲ့။ ခြေထောက်နာလို့ မလာဖြစ်တာပါ"

တိုက်ကို အပြင်ပန်းက လှမ်းကြည့်ကာ ရေကန်ကိုပါ ပတ်ကြည့်လိုက်ပါ၏။ ကျော်ပြောထားတဲ့ပုံစံအတိုင်း သူလုပ်ပေးထားတာပဲ။ ကျော့်တိုက်ကို ကြွေပြားအရောင်နှင့်ကပ်ထားတာမို့





ခဲရောင်ခပ်ဖျော့ဖျော့လေးနှင့် အမြင်အေးနေပါ၏။ အထဲကိုလည်း ခေတ်မီမီဆန်းဆန်းလေး ပုံဆွဲဆောက်ထားတာပါလေ။

တစ်ဖက်ခြံကတိုက်က အကုန်ပြီးစီးနေပြီမို့ လူဝင်နေပါ၏။ ခြံထဲမှာ မြက်ခင်းစိမ်းလေးနှင့် ဒန်းဖြူဖြူ။ ပန်းပင်လေးတွေ ဟိုတစ်စုဒီတစ်စုစိုက်ထားတာမို့ အရောင်စုံနှင့် စိမ်းစိုလို့ပါလေ။

တော်ကြာ ခြံလာကြည့်တဲ့သူက ကျော့်အိမ်ကိုမမြင်ဘဲ ဟိုအိမ်ကိုလက်ညှိုးညွှန်ရင် ဘယ်လိုလုပ်မလဲ။ အစက သူပြန်ရောင်းမှာဆိုပြီး နောက်တော့ မိန်းမယူပြီးနေဖို့တဲ့လေ။ အတော်ကံကောင်းတဲ့ဇနီးလောင်းပါပဲ။ အိမ်ထောင်စပြုတာနဲ့ အိမ်အသစ်လှလှလေးနဲ့နေရမှာကိုး။

"သမီးတောင် ရောက်နေပြီလား"

ဟိုက်! ငေးနေတုန်းမို့ ခြံထဲဝင်လာတဲ့သူတွေကို သတိမထားမိလိုက်တာလေ။ အလို! သူ့ရော သူ့မိဘတွေပါ ခေါ်ချလာပါရောလား။ ဘယ်လိုဖြစ်ပြီး သူ့ခြံထဲကိုမသွားဘဲ ကျော့်ဆီကို အရင်ဝင်လာရတာပါလိမ့်။

"မင်္ဂလာပါ အန်ကယ်နဲ့အန်တီ"

"မင်္ဂလာပါကွယ်၊ ကျော့်အိမ်က မပြီးသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျော်လည်း အခုမှလမ်းလျှောက်နိုင်တာမို့ နောက်ကျသွားရတာပါ အန်ကယ်"

"ဟုတ်တာပေါ့၊ ကျန်းမာရေးက ပိုအရေးကြီးပါတယ် သမီးရယ်"

"ဘာပန်းတွေစိုက်နေတာလဲ သမီး"

"နှင်းဆီပါ အန်တီ၊ ကျော်က ပန်းဆို အဲဒီနှင်းဆီတစ်မျိုးပဲ သိလို့ပါ"

"သမီးကြိုက်တယ်ပေါ့လေ"

"ဟုတ်ကဲ့"

"အင်း. . . သမီးကလည်း နှင်းဆီလိုလှပပြီး သတ္တိရှိတဲ့မိန်းကလေးပေကိုး"

အန်တီ့မှတ်ချက်ကြောင့် ကျော်အံ့သြသွားမိပေမယ့် သူကတော့ မျက်နှာပြုံးစစနှင့် ကြည့်နေပါ၏။ ဘာလဲ၊ သူ့မိဘတွေကို အကုန်ဖွင့်ပြောထားလို့များလား။

"ကျော့်ခြံထက် အန်တီ့သားခြံက ပိုလှတာ အန်တီရဲ့"

"သမီးဆောက်ထားတာလည်း ခေတ်မီပြီး လှပါတယ် ကျော်ရယ်၊ ရေကူးကန် ရေဖြည့်နေပြီလား"

"ဟုတ်ကဲ့၊ ရေစစ်လို့ စင်မစင် စစ်ချင်လို့ပါ"





အမှန်က သူ့တိုက်ရှေ့မှာ ထားထားတဲ့ ငါးမွေးကန်ရေ တံခွန်လေးကို ကျော် ပိုသဘောကျတာပါလေ။ သို့သော် သူ့ထံ အောင်တော့ မပြောဘဲ၊ တော်တော်ကြာ 'ကိုယ့်အိမ်လိုက်နေလေ' ဆိုပြီး လူကြီးတွေရှေ့ မပြောဘူးလို့ အာမခံနိုင်တာမှမဟုတ်တာ။

"ဟော!"

သူ့မိဘတွေလှည့်ကြည့်လိုက်သည့်ခြံဝကို လှမ်းကြည့်မိစဉ် ဖေဖေ့ကားဝင်လာလေ၏။ ဖေဖေက ကားပေါ်မှဆင်းကာ အဘွားတံခါးကိုဖွင့်ပေးလိုက်ပါသည်။

အလို! မေမေလိုက်လာပါရောလား။

"ဘယ်လိုလဲ ကိုမြင့်မိုရ်ရေ့၊ တစ်ပွဲတော့ စားရတော့မှာလား"

"ဟုတ်ပါရဲ့ ကိုထူးမာန်ရယ်၊ လာ. . . စပယ်၊ ကိုယ် မိတ်ဆက်ပေးမယ်"

လှတုန်းပါပဲ၊ တည်ငြိမ်ရင့်ကျက်ခြင်းတို့နဲ့ ပြည့်စုံနေတဲ့ မေမေ့အလှက တစ်မူထူးခြားနေတာပါလေ။ လက်ခံတယ်ပေါ့။ ကျော်တို့မောင်နှမနှစ်ယောက်ရဲ့ဆန္ဒအတိုင်း လိုက်လျောလက်ခံ ပေးလိုက်တယ်ပေါ့နော်။

"ဒါက ကိုထူးမာန်နဲ့ဒေါ်နန္ဒာတင်ပါ၊ ကျွန်တော့်မိ



www.burmeseclassic.com

www.burmeseclassic.com

စပယ်ပါ"

"ဟုတ်ကဲ့"

"ဒါကတော့ သမီးရဲ့. . ."

"ဖေဖေ"

"မှားသွားလို့ ကိုထူးမာန်တို့ရဲ့ တစ်ဦးတည်းသောသား မောင်ဘုန်းထက်မာန်တဲ့"

"မင်္ဂလာပါ အန်တီ"

"သားလေး ရှိတယ်ဆို"

"သားက ကျောင်းသွားနေတယ် မနန္ဒာရဲ့"

"မမစပယ်က ကံကောင်းလိုက်တာနော်၊ သမီးက အင်ဂျင်နီယာ၊ ဟော. . .သားလေးက ဆရာဝန်ဖြစ်လာမယ့် ဆေးကျောင်းသားတဲ့"

မေမေက ရှက်ပြုံးလေး ပြုံးလေနေ၏။ ဒီကိစ္စဖြစ်မြောက်လာဖို့ ကျော်နဲ့ဖေဖေ အပေးအယူလုပ်ခဲ့ရတာကိုတော့ ဘယ်သူမှမသိခဲ့ကြဘူးလေ။ စီးပွားရေးကိစ္စမှမဟုတ်၊ ကျော်တို့အိမ်တွင်းရေးမှာလည်း အပေးအယူတွေရှိတာ ထူးဆန်းတယ်မဟုတ်လား။

နှစ်မိသားစုက တစ်ခဏချင်း ရင်းနှီးကာ ရှေးဟောင်းနှောင်းဖြစ်တွေပြောရင်း ရယ်မောနေကြပါသည်။ တိတ်ဆိတ်ငြိမ်





သက်နေသူတွေကတော့ ကျော်နဲ့သူပါပဲ။ ဖေဖေတို့မနီးမဝေးမှာ ရပ်ရင်း ခပ်ငေးငေးနေနေတာပါလေ။

"ကျော်"

"ဟင်! ဘာလဲ"

"ဆန္ဒတွေ ပြည့်ဝသွားပြီလား"

မျက်စောင်းခဲလိုက်မိပါ၏။ ဆန္ဒပြည့်ပြီလားတဲ့၊ အဲဒီဆန္ဒပြည့်ဖို့အတွက် ဖေဖေ့ကို ကျော်ကတိပေးလိုက်ရတာကိုဖြင့် မသိဘဲနဲ့များ ဒီမေးခွန်းကိုလာမေးရတယ်လို့။

"နေလည်းကောင်းသွားပြီဆိုတော့ ကျော့်အိမ်ကို ဘာအကြောင်းပြပြီး လာလည်ရမှာလဲ"

"မလာချင်ပါနဲ့၊ မေမေကြိုက်မှာမဟုတ်ဘူး"

"အန်တီသဘောကျလာအောင် ကိုယ်နေပြနိုင်ရင်ရော"

ပြောလာပြန်ပြီ၊ ဒီလောက်လူကြီးတွေရှိနေတာကိုတောင်မှ အနားကပ်ပြီး တိုးတိုးလေး လာပြောနေတာလေ။ ကျော့်ကို အသည်းယားလာအောင် မလုပ်ပါနဲ့ ကိုဘုန်းထက်မာန်။

"ဟင်လို့"

"ရော်. . . ဘယ်လိုဖြစ်နေတာလဲ၊ ရှင်လာရင်လည်း ရှင့်ကိုဧည့်ခံဖို့ ကျော်အချိန်မပေးနိုင်ဘူးရှင့်"


www.burmeseclassic.com

www.burmeseclassic.com

"ကျော်ကလည်းလေ၊ ကိုယ့်ကိုနည်းနည်းလေးတောင်မှ အလေးမထားဘူး"

"ဘာကိစ္စအလေးထားရမှာလဲ၊ မထားနိုင်ပါဘူး"

ကျော်က သူ့အနားမှခွာကာ မေမေ့နားကိုကပ်လိုက်ပါ၏။ မေမေက လက်ကမ်းလိုက်တာမို့ ရင်ထဲမှာ ထိတ်ခနဲဝမ်းသာသွားကာ မေမေ့လက်ဖျားကို ခပ်တင်းတင်းလေး ဆုပ်ကိုင်လိုက်မိပါတော့သည်။ နွေးထွေးလေစွ၊ ဘာတစ်ခွန်းမှမပြောပါဘဲ မေမေ့မေတ္တာတွေကို ကျော်အလိုလိုနားလည်နေသလိုပါလေ။

"တီ! တီ!"

"ဟော! လာပါပြီ သားတော်မောင်"

ကားကိုအမြန်ရပ်ကာ ပြေးဆင်းလာသည့်ကောင်လေး၏မျက်နှာမှာ အပျော်တွေက ဖုံးဖိမရ။ ဘယ်လောက်များ ပျော်လာရတာပါလိမ့်နော်။

"မေမေ"

မေမေ့ကိုပြေးဖက်လိုက်တာမို့ ကျော်က ဘေးကိုရှောင်လိုက်ရပါ၏။ ဒီကောင်လေးပဲ မေမေ့ကို သူချည်းအပိုင်ယူလာတာလေ။ အခုခဏလေး ကျော် မေမေ့လက်ကိုကိုင်ထားတာလေးကိုတောင်မှ အခွင့်မရှိပါလားနော်။





"မမ"

"ဘာလဲ"

"မောင်နောက်ကျသွားပြီလား"

"ဘာကိုလဲ"

"ဟိုကိစ္စလေ"

"ဘာကိစ္စကိုပြောတာလဲ၊ အရင်းမရှိအဖျားမရှိ"

"ဖေဖေနဲ့အပေးအယူလုပ်ထားတဲ့ကိစ္စကို ပြောတာလေ"

"ဘာ!"

ကျော့်မျက်လုံး ပြူးကျယ်သွားရပါ၏။ ဒီကိစ္စကို ဘယ်ကနေဘယ်လို မောင်သိသွားရတာပါလိမ့်။ ဖေဖေ့ကို ဖျတ်ခနဲကြည့်လိုက်မိစဉ် ဖေဖေကပြုံးပြီး မျက်နှာလွှဲသွားတာလေ။

ကြည့်စမ်း! ဒါ ဖေဖေ့လက်ချက်ပေါ့လေ။ ဖေဖေ မောင့်ကို ဖောက်သည်ချလိုက်တာပေါ့။

"ဖေဖေ"

"ဘာလဲ သမီးရာ"

"ဘာကတိလဲ. . . ညီ"

"မောင် မပြောရဘူးနော်"

"ဖေဖေနဲ့ မမက"



www.burmeseclassic.com

 www.burmeseclassic.com

"မောင်!"

"နောက်လည်းသိမယ့်ဟာပဲလေ မမရာ"

"သိသိမသိသိ မပြောရဘူး နင်နော်. . . ငါ့အကြောင်း သိရဲ့သားနဲ့။ နာတော့မယ်"

သူ့အံ့သြသွားရပါ၏။ ဘာကတိမှိလို့လဲ။ ဒါလေးမေးရုံနဲ့ ကျော့်မျက်နှာရော နားရွက်တွေပါ ရဲလာသလိုပါလေ။ ဘာကြောင့်လဲ။ တော်ရုံစကားလောက်ဆိုရင် မရှက်တတ်တဲ့ကျော်က ဘာလို့များ ရှက်နေရတာပါလိမ့်။

"ကျွန်တော် လျှာယားနေပြီမမရ"

"ယားယား. . . မပြောရဘူး"

"ဟီးဟီး. . . ကျွန်တော်ပြောလိုက်ရမလား ဖေဖေ"

"သားသဘောလေ"

"ဖေဖေ"

"ဘယ်လိုဖြစ်ပြီး လူကြီးတွေရှေ့ အော်ဟစ်နေရတာလဲ သမီးနော်"

"ဖေဖေ ကတိဖျက်တယ်ကွာ"

"ဘယ်မှာဖျက်လို့လဲ"

"ဘာလို့ မောင့်ကိုပြောလိုက်တာလဲ"





"ဒါကတော့ သားအဖချင်း လျှို့ဝှက်ချက်မထားကြေးကိုး သမီးရဲ။ ဘာဖြစ်လဲ"

"တွေ့လား. . . ကျွစ်!"

နန္ဒက မေးငေါ့ပြီး စုတ်သပ်ပြလိုက်သဖြင့် ကျော်က နန္ဒလက်မောင်းကို ဖတ်ခနဲရိုက်ချလိုက်ပါသည်။ မိသားစုကြားက လျှို့ဝှက်ချက်တဲ့။ သူနဲ့များ သက်ဆိုင်လေမလား။

"အစ်ကိုသိချင်လား"

"အင်း"

"တိုးတိုးလေး ပြောမယ်လေ"

"မောင်"

"မမက"

ကျော်က နန္ဒပါးစပ်ကိုအမြန်ပိတ်လိုက်တာမို့ အသံက ဗလုံးဗထွေးဖြစ်သွားရလေ၏။ နန္ဒက ရုန်း၊ ကျော်က ပြန်ပိတ်နှင့် ရှုပ်ယှက်ခတ်နေတော့တာလေ။

"မေမေတို့ပြန်ပေါင်းရင်"

"မောင်နော်. . . နင်"

"အစ်ကိုကို"

"ဟဲ့! နင်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းညိတ်. . . အားလားလား. . . နာတယ် မမရဲ့၊ နာတယ်။ အစ်ကို ကယ်ပါဦး"

"နင်ပြောချင်ဦးလေ၊ မှတ်ပြီလား"

နားရွက်လိမ်ဆွဲခံရတာကို ပွတ်သပ်ပြီး နန္ဒမျက်နှာက ပြောင်ချော်ချော်လေးဖြစ်နေလေ၏။ ဒါလား ဆေးကျောင်းသား ပေါက်စ။ အစ်မကို စချင်နေတာကိုး။

"ဘာပြောလိုက်တာလဲ ညီ"

"ဟာ! ညံ့ပ့ါအစ်ကိုရာ"

"ဟဲ့! "

"မမက ဖေဖေတို့ OK သွားပြီဆိုရင် အစ်ကို့ကို Yes! တဲ့။ သိပြီလား"

"တကယ်"

"တကယ်ပေါ့၊ အား. . . မျက်နှာပူလိုက်တာနော်"

လူကြီးတွေက နန္ဒအမူအရာကိုကြည့်ရင်း ရယ်မောလိုက်ကြလေ၏။ ကျော်ကတော့ နန္ဒကို တဘုန်းဘုန်းထုနှက်လို့ပါလေ။

ကျော်! တကယ်ပဲ ကိုယ့်ကိုလက်ခံနိုင်ပြီလား။ 'ကျော်' ဆိုတဲ့ 'လှေကလေး'ကို ထိန်းမတ်ပေးနိုင်မယ့် 'ပွဲကိုင်ရှင်'အဖြစ် ကိုယ့်ကိုလက်သင့်ခံလိုက်ပြီတဲ့လား။





ကျော့်အနီးသို့လျှောက်သွားကာ နန္ဒကိုထရိုက်နေသည့် လက်တို့ကို ဆွဲကိုင်ထားလိုက်ပြီး အိတ်ထဲမှအရာလေးတစ်ခုကို ကျော့်လက်ဝါးထဲသို့ ထည့်ပေးလိုက်ပါ၏။

ရွှေအိုရောင်အိမ်သော့လေးက ဖြူဖြူဖွေးဖွေးလက်ဝါးလေးပေါ်မှာ ငြိမ်သက်နေလို့ပါလေ။ ။

လေးစားလျှက်....



နောက်လထွက်မည့်စာအုပ်

ကိမ်ကိုက်ပမာ

www.burmeseclassic.com

www.burmeseclassic.com



ပိုးပိုး

သို့

မင်္ဂလာပါ "မမသန္တာမောင်"...

သမီးက "မမ"ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ "မမ"ရဲ့စာအုပ်တွေတိုင်းကို အရမ်းကြိုက်ပါတယ်။

"မမ"ရဲ့ ထွက်သမျှစာအုပ်တိုင်းကို မဖတ်ဘဲ မနေနိုင်အောင် အရမ်းကြိုက်ပါတယ်။ "မမ"ရဲ့ စာအုပ်တွေက အရေးအသားအရမ်းကောင်းလို့ ဖတ်နေရင်းနဲ့ မျက်ရည်ကျမိပါတယ်။

"မမ"ယုံမလားတော့မသိဘူး၊ "မမ"ရဲ့ထွက်သမျှ စာအုပ်တွေအကုန်လုံးကို သမီးအပိုင်ဝယ်ထားပါ တယ်။ "မမ"ရေးတဲ့စာအုပ်တွေက လူငယ်ဆန်ဆန်လေးတွေဆိုတော့ တော်တော်ကို ဖတ်လို့ကောင်းပါတယ်။

"မမ"...သမီးကို "မမ"ရဲ့ပရိသတ်တစ်ယောက်အဖြစ် လက်ခံပေးတယ်ဆိုရင် ဓာတ်ပုံလေးနဲ့စာလေး ပြန်စေချင်ပါတယ်။

"မမ"စာပေလောကမှာ ဒီ့ထက်မက အောင်မြင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

လေးစားမှုဖြင့်...
ပိုးပိုး
အမှတ်(၂၅)၊ (၆)ရပ်ကွက်၊
(၃)လမ်း၊ ဈာပုံမြို့
ဧရာဝတီတိုင်းဒေသကြီး။

BURMESE CLASSIC .com



သို့

"မမ"...

သမီးက "မမ"ရဲ့ထာဝရပရိသတ်ပါ...

"မမ"စာအုပ်တွေကို အကုန်လုံးဖတ်ဖြစ်တယ်၊

သမီးက စာရေးတာ ဝါသနာပါတယ်၊

သမီးရေးထားတဲ့ဝတ္ထုနှစ်ပုဒ်ရှိတယ်၊ ပြီးတော့ ကဗျာရေးရတာလည်း ဝါသနာပါတယ်၊ "မမ"ကိုအရမ်းအားကျတာပဲ။ "မမ"လိုအောင်မြင်ချင်တယ်။

အခုလည်း "မမ"ဆီကို သမီး ကဗျာတစ်ပုဒ် ပို့ပေးလိုက် ပါတယ်၊ "မမ"ရဲ့စာအုပ်နဲ့အသုံးတည့်မယ်ဆိုရင် ဇာတ်လမ်းထဲမှာ ထည့်သုံးပေးပါလို့ တောင်းဆိုချင်ပါတယ်...

"မမ"ကိုလည်းမြင်ဖူးချင်တယ်၊ "မမ"ရဲ့နောက်ထွက်မယ့်စာအုပ်တွေကိုလည်း ဖတ်ဖို့မျှော်နေမယ်နော်...

"မမ"အောင်မြင်မှုတွေ ခိုင်မြဲပါစေ...

အစဉ်အားပေးလျက်...

မမရဲ့ပရိသတ်...
စုမြတ်မွန်(ခ)စုငယ်လေး
အမှတ်(၁)ရပ်ကွက်၊ မိုလ်ချုပ်လမ်း၊
သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

သို့

မင်္ဂလာပါ "မမသဒ္ဒါ"...

ရေလိုအေးလို့ ပန်းလိုချမ်းမြေ့ပါစေ...

"မမသဒ္ဒါ"လို့ပဲခေါ်မယ်နော်၊ "မမသဒ္ဒါ"ဆီကိုစာရေးတာ အခုစာရေးဆိုရင် သုံးစောင်ရှိသွားပြီ။ "မမ သဒ္ဒါ"ဆီက ပြန်စာမလာတော့ ညီမစိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဒါပေမဲ့ "မမ သဒ္ဒါ"ဆီက ညီမရဲ့မိတ်ဆက်စာလေးကို အသိအမှတ်မပြုမချင်း ညီမ အမြဲ စာရေးထည့်နေမှာပါ။

"မမသဒ္ဒါ"ရဲ့စာအုပ်လေးတွေကို ညီမ အရမ်းကြိုက်တယ်၊

"ရင်ခွင်ဦး" "ရင်နှင့်အောင်မျှ" "ပါးပါးလေးနဲ့ဆတ်ဆတ်လေး" အဲဒီစာအုပ်လေးတွေကို ညီမအရမ်းကြိုက်တယ်။ "မမသဒ္ဒါ" ညီမရဲ့စာလေးကို အသိအမှတ်ပြုပေးပါနော်။ ညီမရဲ့နာမည်က "နှင်းနုထွေး"ပါ။

"မမသဒ္ဒါ"ကို ညီမ အရမ်းမြင်ဖူးချင်တာပဲ။ "မမ သဒ္ဒါ"ရဲ့စာအုပ်မျက်နှာဖုံးမှာ "မမသဒ္ဒါ"ရဲ့ရုပ်ပုံလေး တစ်ခါလောက် ထည့်ပေးပါလား။

ဒါမှမဟုတ် "မမသဒ္ဒါရဲ့ဓာတ်ပုံ လေးတစ်ပုံလောက် ညီမဆီကို အမှတ်တရအဖြစ်ပို့ပေးပါလား။ "မမသဒ္ဒါ"ကိုအရမ်း ကျေးဇူးတင်နေမှာပါ။

"မမသဒ္ဒါ"တစ်ယောက် "ဆန္ဒ"နဲ့ "ဘဝ"တစ်ထပ်ထည်းကျပါစေ...

ဒီထက်မက အောင်မြင်မှုများစွာကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆန္ဒပြုရင်း...

ရင်ခုန်သံမရပ်သရွေ့ ထာဝရအားပေးနေမယ့်...

ညီမ နှင်းနုထွေး
အပျိုဆောင် (၂)
အမှတ်(၁၈)ကာကွယ်ရေးပစ္စည်းစက်ရုံ၊
တောင်တွင်းကြီးမြို့ မကွေးတိုင်းဒေသကြီး။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သို့

မင်္ဂလာပါ "မမသန္ဒါ"...

"မမသန္ဒါ"လို့ပဲ ခေါ်မယ်နော်...

မောင်လေး "မမသန္ဒါ"ရေးတဲ့စာအုပ်တွေကို အရမ်းသဘောကျတယ်။ "မမသန္ဒါ"ရေးတဲ့စာအုပ်တွေကိုဖတ်ရင်းနဲ့ "မမ"ဆီကို မိတ်ဆက်စာပို့ချင်တဲ့စိတ်ဖြစ်ပေါ်လာခဲ့တယ်။ မိတ်ဆက်စာပို့လိုက်ရင် "မမသန္ဒါ"ကို နှောင့်ယှက်သလိုဖြစ်မှာစိုးတာကြောင့် မပို့ဘဲနေခဲ့တယ်။

"မမသန္ဒါ"ရေးတဲ့စာအုပ်တွေထဲက စကားလုံးတွေက ဗဟုသုတယူဖို့ကောင်းတယ်။ "မမသန္ဒါ"ရေးတဲ့စာအုပ်တွေထဲက ကဗျာလေးတွေပါရင် ကြိုက်နှစ်သက်ရင် ကူးယူထားလိုက်တယ်။

"မမသန္ဒါ" ရေးတဲ့စာအုပ်တွေအထဲက "ပင်လယ်သမုဒ္ဒရာထက် ကျယ်ဝန်းနက်ရှိုင်းသော"ဆိုတဲ့စာအုပ်ကို ဖတ်ပြီးတဲ့အခါမှာတော့ "မမသန္ဒါ"ဆီကို မိတ်ဆက်စာမပို့ဘဲ မနေနိုင်လောက်အောင် ဖြစ်လာတဲ့အတွက်ကြောင့် ပို့လိုက်တာပါ "မမ"...

"မမသန္ဒါ"..."ပင်လယ်သမုဒ္ဒရာထက် ကျယ်ဝန်းနက်ရှိုင်းသော"ကို ရေးတဲ့အခါမှာ "မမသန္ဒါ"ရင်ထဲက ခံစားချက်အတိုင်းရေးတာလား။ ဒါမှမဟုတ် ပရိသတ်အတွက် အဆန်းဖြစ်သွားအောင်လို့ရေးတာလားဆိုတာ "မမသန္ဒါ"ပြောပြလို့ ရရင် ပြောပြပေးပါလား။ မောင်လေးသိချင်လို့ပါ "မမ"...

"မမသန္ဒါ" မောင်လေးရှက်ရှက်နဲ့ ဝန်ခံပါရစေ၊ "မမသန္ဒါ"ရေးတဲ့ "အနာသတ်မညီသော"ကို ဖတ်ပြီးတဲ့အချိန်မှာ မောင်လေးငိုခဲ့ရတယ်။ ယောကျ်ားလေးတန်မဲ့ မျက်ရည်လွှယ်လိုက်တာလို့ အပြစ်တင်လည်း ဝန်ခံပါတယ် "မမ"...

"မမသန္ဒါ" မိတ်ဆက်စာထဲမှာ အမှားပါရင် နားလည်ခွင့်လွှတ်ပေးပါ...

"မမသန္ဒါ"ရဲ့စာအုပ်တွေကို အားတဲ့အခါတိုင်း အားပေးဖြစ်ပါတယ်...

"မမသန္ဒါ" မောင်လေးမိတ်ဆက်စာအတွက်နဲ့ "မမသန္ဒါ"ရဲ့အကျိုးရှိတဲ့အချိန်တွေကို နှောင့်ယှက်ပေးသလိုဖြစ်သွားခဲ့ရင် နားလည်ခွင့်လွှတ်ပေးပါ...

"မမသန္ဒါ" ရေးလိုအေးလို့ ပန်းလိုမွှေးပါစေ...

"မမသန္ဒါ" ကမ္ဘာကျော်စာရေးဆရာမကြီးဖြစ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းနေလျက်...

ထာဝရအားပေးမယ့် မောင်လေး...

"ခေမာစာရ"ဖက်ပင်အိုင်စာသင်တိုက်
ခက်ချိုးယားမှတ်တိုင်၊ သုဝဏ္ဏာကွင်းအနီး၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ချယ်ရီ

သို့

လေးစားရပါသော ဆရာမ “မမသန္တါမောင်”...

မင်္ဂလာပါ...."မမ”လို့ပဲခေါ်မယ်နော်၊

ကျေးရွာပြု၍ ကြိုပြီးတောင်းပန်ထားပါရစေ၊ လက်ရေးသည်းခံပါ “မမ”၊ စာကိုတစ်ယောက်တည်းဖတ်ပါ။ ပြီးတော့ စာကိုဆုံးအောင်ဖတ်ပေးပါနော်။

“ချယ်ရီ”က “မမ”ရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ “မမ”က ဉာဏ်ကောင်းတဲ့လူတစ်ယောက်လို့ ချယ်ရီ ချီးမွမ်းပါရစေ။ ဘာဖြစ်လို့လဲဆိုတော့ ဝတ္ထုရေးတဲ့နေရာမှာ ဟာကွက်မရှိအောင် ရေးတတ်တယ်လေ။

ချယ်ရီလေ၊ “နှလုံးသားရဲ့ထောင့်တစ်နေရာ” ဝတ္ထုလေးကို စဖတ်ကတည်းက “မမ”ရဲ့ပရိသတ်တစ်ယောက်ဖြစ်သွားတာပါ။

ချယ်ရီ “မမ”စာအုပ်တွေဖတ်တာ အခုဆိုရင် စာအုပ်ပေါင်း အုပ်(၂၀)ရှိသွားပါပြီ။ အဲဒီထဲမှာမှ “နှလုံးသားရဲ့ထောင့်တစ်နေရာ” “ရင်ကိုပစ်ခွင်းခဲ့သော်လည်း” “ကိုကိုနဲ့ပဲ နေမယ်စိတ်ကူးတယ်” “ရင်ကိုရိုက်ချိုးရက်တဲ့မောင်” “ဆိုးနွဲ့ခွင့်”တွေကို အကြိုက်ဆုံးပါ။

မဖတ်ရသေးတာတွေ များနေပေမယ့်လည်း ဖတ်ပြီးသလောက်ကတော့ အားလုံးကောင်းပါတယ်။ “နှလုံးသားရဲ့ထောင့်တစ်နေရာ”ထဲက “ရာသက်ပန်”ရဲ့ ဇာတ်ရုပ်မျိုးကိုကြိုက်တယ်။ မိန်းကလေးက ယောကျာ်းလေးကို အတင်းလိုက်ကြိုက်တဲ့ပုံစံမျိုးပေါ့။

“ရင်ကိုရိုက်ချိုးရက်တဲ့မောင်”ထဲက လွန်းနန္ဒာအောင်ရဲ့ပုံစံမျိုးလည်း ကြိုက်တယ်...

“ကြယ်ကိုရုံသော နေသုံးစင်း” လို မိသားစုပုံစံမျိုးတို့ “မောင့်ရင်ထဲက နှင်းပန်းခိုင်”လိုပျော်စရာ ပုံစံမျိုးကြိုက်တယ်။ ချယ်ရီ “မမ”ကိုအကြံပေးတစ်ခုလောက်ပြုပါရစေ၊ ဝတ္ထုရေးတဲ့အခါ မှာ သီချင်းလေးတွေ အနည်းဆုံးတစ်ပုဒ်လောက်တော့ ထည့်ရေးပေးပါ၊ တချို့ဝတ္ထုတွေမှာ သီချင်းပါမလာလို့ပါ။

ပြီးတော့လေ၊ “မမ”ရဲ့ဝတ္ထုတွေကို ဇာတ်ကား မရိုက်ပါနဲ့၊ တစ်ခါတလေ ကောင်းပြီးသားဝတ္ထုတွေတောင် ဇာတ်ကားရိုက်လိုက်ရင် ပျက်စီးသွားတတ်လို့ပါ။ နည်းနည်းပေါ့ပျက်ပျက်ဖြစ်သွားသလိုခံစားရတယ်။

“မမ”ရေ၊ စာလည်းတော်တော်ရှည်သွားပြီ၊ ချယ်ရီ့ရဲ့စာ လေးကို ပြန်စေချင်ပါတယ် “မမ”ရယ်။ “မမ”ရဲ့ဖုန်းနံပါတ် ချယ်ရီ့ကိုပေးပါလား။ “မမ”ပေးချင်မှပေးပါ၊ ချယ်ရီအတင်းမတောင်းပါဘူး။

ချယ်ရီ အမြဲတမ်းစာရေးခွင့်ရချင်တယ်။ “မမ”နေတဲ့လိပ်စာပေးပါလား၊ “မမ”ရဲ့ဓာတ်ပုံလည်း ချယ်ရီ သိမ်းထားချင်ပါတယ်။ “မမ”မှာ နာမည်ရင်းရှိရင်လည်း သိချင်ပါတယ် “မမ”...

ချယ်ရီတောင်းဆိုတာတွေ များသွားရင် ခွင့်လွှတ်ပါနော်...

ဒီ့ထက်မက အောင်မြင်ကျော်ကြားပါစေ၊ အမြဲပဲအားပေးနေမှာပါ။

ကြိုးစားပါနော်...

www.burmeseclassic.com

www.burmeseclassic.com

"မမ"ရဲ့ပြန်စာကို ချယ်ရီ မျှော်နေပါရစေ၊ ချယ်ရီ စောင့်နေပါ့မယ်။

ကာယသုခ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံပါစေ...

"မမ"ရဲ့ပရိသတ်

ချယ်ရီ
လေသာကုန်းညွှန့်ရိပ်သာ
လေသာကုန်းရပ်ကွက်၊
ရေနံချောင်းမြို့၊
မကွေးတိုင်းဒေသကြီး။

BURMESE CLASSIC .com

**စာရေးဆရာသစ် စင်တင်ပေးလိုပါသည်...**

❑ အခြေခံပညာရေး အထက်တန်းအောင်ပြီး အသက်(၂၃)နှစ်အထက် ဖြစ်ရန်လိုပါသည်။

❑ ဝတ္ထုဖတ်ရန် အထူးဝါသနာပါပြီး စာရေးရန် အလွန်ဝါသနာပါ ထက်သန်သူ ဖြစ်ရပါမည်။

❑ (အတွေ့အကြုံအခက်အခဲက • • • စာရေးသူကလည်း သူ့စာမူကို သူ့ခံစားအသိဖြင့် တပါးသူအားမပြရဲတဲ့အထိစိတ်ကူးယဉ်ပြီး ရွေးချယ်တဲ့ အတွေ့အကြုံကလည်း စာမူ ၁၀၀ တွင် တစ်ယောက် အရွေးမခံရဘဲ ထုတ်ပေးရင်လည်း ၄-၅ ယောက်တွင်မှ တစ်ယောက်တင်ကျန်ပါသည်။)

❑ (နာမည်ကြီးမည့် ကလောင်အားလည်း မှားယွင်းပယ်မိတတ်ပါသည်။)

❑ (ရွေးချယ်မခံရပါက စာမူ လုံးဝ ပြန်မပေးပါ။)

❑ ဝလာစာအုပ်ဖြင့် စာမျက်နှာ ၂၀၀ မှ ၂၄၀ အတွင်း ရေးရပါမည်။

❑ ရွေးချယ်ခံရပါက စာမူခ စတင်ပေးပါမည်။

ရွှေပဒေသာစာပေ
အမှတ် ၃၃(A)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၃၈၄၉၂၇

www.burmeseclassic.com